


စာအုပ်
mgyi...com
SAMPLE BOOK
ညိုလေးငယ်


mgyoe.com
SAMPLE BOOK
ညီလေးငယ်
SYM051
BOOKS MICT
10000 KS

mgyoe.com SAMPLE BOOK

စာရိပ်မြိုင်အမှတ်စဉ် (၆၀)

# ပုံနှိပ်မှတ်တမ်း



## ညီလေးငယ်

မုဒြာမြိုင်


| | |
|---|---|
| ထုတ်ဝေသည့်အကြိမ် | ♦ ပထမအကြိမ်၊ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ |
| မျက်နှာဖုံးဒီဇိုင်း | ♦ မြင့်မောင်ကျော် |
| အတွင်းဒီဇိုင်း | ♦ နိုင်ဇင်ထွန်း |
| ထုတ်ဝေသည့်အုပ်ရေ | ♦ ၇၀၀ |
| စာအုပ်တန်ဖိုး | ♦ ၁၀၀၀၀ ကျပ် |
| ထုတ်ဝေသူ | ♦ ဦးပြည့်အာကာ(၀၃၀၉၄-စာရိပ်မြိုင်စာပေ) အမှတ် (၂၅၃/၂၅၅)၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်းမကြီး၊ ဗိုလ်ချုပ်လမ်းနဲ့ အနော်ရထာကြား၊ ကျောက်တံတားမြို့နယ်။ |
| ပုံနှိပ်သူ | ♦ ဒေါ်မျိုးမျိုးသန့်(မျိုးမျိုး ပုံနှိပ်လုပ်ငန်း) (၀၁၅၃၃) အမှတ် ၁၁၊ ၅၆ လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ |
| ဖြန့်ချိရေး | ♦ စာရိပ်မြိုင်စာပေ၊ အမှတ် (၂၅၃/၂၅၅)၊ ပထမထပ်၊ ပန်းဆိုးတန်း လမ်းမကြီး၊ ဗိုလ်ချုပ်လမ်းနဲ့ အနော်ရထာကြား၊ ကျောက်တံတားမြို့နယ်။ ဖုန်း ၀၉ ၇၆၂၂၂၆၀၂၀ |

ညီလေးငယ်
မုဒြာမြိုင် / ညီလေးငယ်။ ရန်ကုန်
စာရိပ်မြိုင်စာပေ။ ၂၀၂၃။
စာမျက်နှာ - ၂၈၈၊ ၁၃. ၉၇ စင်တီ × ၂၀. ၃၂ စင်တီ
(၆၀) မုဒြာမြိုင်


mgyoe.com

mgyoe.com SAMPLE BOOK

# စာရေးသူ၏ အမှတ်တရစကား

စာအုပ်တစ်အုပ်ရဲ့ အမှတ်တရစကားဆိုတာဟာ စာအုပ်ကို မဖတ်ရသေးခင် စာဖတ်သူနဲ့ စာရေးသူကြား ပထမဦးဆုံး ရယူလိုက်တဲ့ နွေးထွေးရင်းနှီးမှုတစ်ခုဆိုရင် မှားမယ်မထင်ပါဘူး။ ဒါကြောင့် ဒီစာအုပ်လေး မဖတ်ခင်မှာလည်း စာဖတ်သူတွေနဲ့ ပထမဆုံး နွေးထွေးရင်းနှီးမှု ရယူချင်တဲ့ဆန္ဒနဲ့ အမှတ်တရစကားလေး ရေးဖြစ်ခဲ့ပါတယ်။

ဒီဝတ္ထုလေးအတွက် အမှတ်တရစကားရေးဖို့ အစချီလိုက်တာနဲ့ ကျွန်တော်ဟာ လွန်ခဲ့တဲ့ ဆယ်နှစ်ကျော်ကာလရဲ့ မြူနှင်းဝေသီနေတဲ့ ဆောင်းမနက်ခင်းတစ်ခုကို အပြေးလေးသတိရမိပါတယ်။ အဲဒီတုန်းက ကျွန်တော် NGO အဖွဲ့အစည်းတစ်ခုမှာ အလုပ်ဝင်နေတဲ့အချိန်ပေါ့။ ကျွန်တော်တို့ NGO အဖွဲ့အစည်းရဲ့ ဦးတည်ချက်က ကျေးလက်နေ ဆင်းရဲနွမ်းပါးတဲ့ တောင်သူတွေကို လယ်ယာသုံးပစ္စည်းတွေ အရစ်ကျ ဖြန့်ချိပေးတာနဲ့ အသေးစားချေးငွေ ထုတ်ချေးပေးတာတွေ လုပ်ရပါတယ်။ ဒါကြောင့် ကျွန်တော့်အလုပ်ဟာလည်း နေထိုင်ရာ ရှမ်းပြည်နယ်တောင်ပိုင်းက ရွာတွေကို အမြဲလိုလို ကွင်းဆင်းသွားရလေ့ ရှိပါတယ်။

အဲဒီနေ့ မနက်ခင်းက ကျွန်တော်တို့နေထိုင်ရာ ရှမ်းပြည်က မြို့လေးတစ်မြို့မှာ ရာသီဥတုက အတော်လေး အေးလို့နေပါတယ်။ ဘယ်လောက်တောင်အေးသလဲဆိုရင် တံစက်မြိတ်က နှင်းရေစက်တွေတောင် ခဲတဲ့အထိပါပဲ။ ကျွန်တော် အိပ်ရာက

mgyoe.com

mgyoe.com
SAMPLE BOOK


နိုးတော့ ပတ်ဝန်းကျင်တစ်ခုလုံး မြူနှင်းတို့ မှုန်ရီလို့နေတယ်။ အိမ်ရှေ့မှာတော့ အမေက မီးဖိုပြီး ရေနွေးအိုးတည်နေတယ်။ ထုံးစံအတိုင်း ကျွန်တော် မျက်နှာသစ် ကိုယ်လက်သန့်စင်ပြီး အမေဖျော်ပေးတဲ့ ကော်ဖီပူပူတစ်ခွက်သောက်လို့ အလုပ်ရှိရာ ရွာကို ဆိုင်ကယ်နဲ့ အိမ်က ထွက်ခဲ့တော့တယ်။

လမ်းမှာ ပတ်ဝန်းကျင်တစ်ခုလုံးမြူနှင်းတွေက ပိန်းပိတ်အောင် ကျဆင်းနေတော့ ရှေ့ကိုက် ၅၀ လောက်အကွာဆိုရင် သဲသဲကွဲကွဲ မမြင်ရတော့ပါဘူး။ ဒီလိုနဲ့ ကျွန်တော် ဆိုင်ကယ်ကို တဖြည်းဖြည်း မောင်းနှင်လာရင်း ရွာစဉ်တစ်လျှောက် ကျော်လာခဲ့တယ်။ နေထွက်လေ အအေးပိုလေမို့ နေထွက်ပြုစအချိန် ရောက်တော့ ဆိုင်ကယ်စီးလာတုန်းက လေတိုက်ခံထားရတဲ့အရှိန်နဲ့ လူက တစ်ကိုယ်လုံးအေးစက် တောင့်ခဲလို့ လာတယ်။ ဆိုင်ကယ်လက်ကိုင်ကို ကိုင်ထားတဲ့ ကျွန်တော့်လက်ချောင်း တွေကလည်း အအေးဒဏ်ကြောင့် အသားမှန်းတောင် မသိအောင် ထုံကျဉ်လာခဲ့တယ်။

ဒီလိုနဲ့ လမ်းတစ်နေရာအရောက်မှာ လမ်းဘေးမှာဖိုထားတဲ့ မီးပုံငယ်လေးကို တွေ့လိုက်ရတော့ ကျွန်တော် အတော်လေး ဝမ်းသာသွားတယ်။ ဒီနေရာလေးက တစ်ရွာနဲ့ တစ်ရွာ အကူးလမ်းပိုင်းလေးမှာဆိုတော့ ဘေးမှာအိမ်တွေ မရှိဘဲ လူလည်း ပြတ်ပါတယ်။ တစ်ယောက်ယောက်က ဖြတ်သွားရင်း မီးဖိုလှုံပြီး ထားခဲ့ဟန်တူပါတယ်။

မီးပုံက မီးခိုးအူနေပြီး မီးတောက်လောင်နေတာတော့ မရှိပါဘူး။ ကျွန်တော် မီးပုံတွေ့တွေ့ချင်း ဆိုင်ကယ်ကို လမ်းဘေးကိုထိုးရပ်ပြီး မီးပုံအနားကို အပြေးသွားခဲ့တယ်။ မီးခိုးအူနေတဲ့ မီးပုံကို တုတ်နဲ့ ထိုးဆွပြီး လက်နှစ်ဖက်ကိုဖြန့်လို့ လက်ချောင်းတွေကို အရင်မီးကင်လိုက်တယ်။

အဲဒီအချိန်မှာပဲ ကျွန်တော့်နောက်ကျောကို လူတစ်ယောက် လှမ်းပုတ်လိုက်တာကြောင့် နောက်ကို အလန့်တကြား ကျွန်တော် လှည့်ကြည့်လိုက်မိတယ်။ ဆယ်နှစ်အရွယ်လောက်ရှိတဲ့ ကလေးတစ်ယောက်ပါ။ သူကလေ ကျွန်တော်လှည့်ကြည့်လိုက်တာနဲ့ လက်ကလေးဖြန့်ပြီး "ဖြေဆေးပေးပါလား. . . ဖြေဆေးပါလား" လို့ တောင်းပါတယ်။ ဖျော့တော့အားနည်းနေတဲ့ ကလေးရဲ့မျက်နှာက ရုတ်တရက်ကြည့်ရင် ပိန်လှီလွန်းတော့ ကြောက်စရာကောင်းပေမဲ့၊ သေချာကြည့်တော့ သနားကမားရုပ်ကလေးပါပဲ။ တောင်းရမ်းစားသောက်တဲ့ ကလေးလို့ ပေါ့ပျက်ပျက် တွေးလိုက်ရင်ရပေမဲ့ ကျွန်တော့်စိတ်ထဲမှာတော့ ဒီကလေး ဘာကြောင့် ဖြေဆေး တောင်းသလဲဆိုတဲ့ အတွေးက ကြီးစိုးသွားပါတော့တယ်။

mgyoe.com

mgyoe.com SAMPLE BOOK

တိုတိုပြောရရင် ဒီလို တစ်စွန်းတစ်စ အတွေးကနေ ဒီကောင်လေးရဲ့ အကြောင်းကို စုံစမ်းကြည့်မိရင်း ဒီဝတ္ထုလေးဖြစ်လာတယ်လို့ ပြောရမှာပေါ့။

ဒီဝတ္ထုကို ရေးမယ်လို့ စိတ်ကူးထားတာတော့ တော်တော်ကြာခဲ့ပါပြီ။ ပြီးတော့ ရေးရင်လည်း ဇာတ်အိမ်ခိုင်ခိုင်လေး ရေးချင်တာရယ်၊ ဇာတ်လမ်းကို စာဖတ်သူတွေ လက်မခံနိုင်မှာစိုးတာရယ်ကို တွေးပူပြီး တော်တော်နဲ့ မရေးဖြစ်ခဲ့ပါဘူး။ ဒါပေမဲ့ ဒီဇာတ်လမ်းက ကျွန်တော့်အတွေးထဲမှာ ဆယ်နှစ်ကျော်ကြာအောင် ကိန်းအောင်းနေခဲ့တယ်လေ။ တကယ်ရေးမယ်လို့ ဆုံးဖြတ်လိုက်တော့ ကျယ်ပြန့်လှတဲ့ ဇာတ်မို့လို့ အတော်လေး ချိတ်ဆက်မိဖို့ ကြိုးစားရသလို၊ မြှုပ်ကွက်မတွေ မပေါ်စေဖို့လည်း အတော်လေး အားထုတ်ရတာ ပင်ပန်းလွန်းလှပါတယ်။ ရေးလို့ပြီးသွားတဲ့အခါ ပျော်ရသလို ကျွန်တော် ရေးခဲ့သမျှ လုံးချင်းဝတ္ထုတွေထဲမှာ အချိန်အကြာဆုံးရေးခဲ့ရပြီး ကျွန်တော် အားအရဆုံး ဝတ္ထုတစ်ပုဒ်လည်း ဖြစ်ခဲ့ပါတယ်။

ဝတ္ထုကို ကျွန်တော် ချစ်တဲ့ ရှမ်းစော်ဘွားမြို့လေးဖြစ်တဲ့ လဲချားမြို့လေးမှာ ဇာတ်အိမ်တည်ထားပါတယ်။ စာဖတ်သူတွေကိုလည်း အေးချမ်းသာယာလှပတဲ့ ဒီမြို့လေးနဲ့ ထိတွေ့ခိုင်းချင်လို့ပါ။

ကျွန်တော် စိတ်တိုင်းကျ ရှည်ချင်သလောက်သာ ရှည်စေဆိုတဲ့ စိတ်နဲ့ ရေးခဲ့တဲ့ ဒီဝတ္ထုလေးကို စာအုပ်လေးဖြစ်မြောက်လာဖို့အတွက် စာမျက်နှာများပေမဲ့ ယုံယုံကြည်ကြည် ထုတ်ဝေပေးတဲ့ စာရိပ်မြိုင်က ကိုပြည့်(ပြည့်အာကာ) ကိုလည်း ကျေးဇူးတင်ပါတယ်။ မျက်နှာဖုံးပန်းချီကို အလှပဆုံးဖြစ်အောင် ရေးဆွဲပေးတဲ့ ဆရာမြင့်မောင်ကျော်ကိုလည်း ကျေးဇူးအထူးပါခင်ဗျ။ ဒါ့အပြင် စာဆက်ရေးချင်စိတ်ဖြစ်အောင် အမြဲတွန်းအားပေးကြပါသော စာဖတ်သူများကိုလည်း ကျေးဇူးအထူးတင်ပါကြောင်း ဒီစာအုပ်လေးမှာ အမှတ်တရပြောပါရစေ။

ဒီစာအုပ်လေးက ကျွန်တော် အများကြီး ကြိုးစားရေးဖွဲ့ထားတာမို့ စာဖတ်သူတွေ အကြိုက်တွေ့ကြမယ်လို့ မျှော်လင့်ပါတယ်။

*ချစ်ခြင်းဖြင့်. . .*

ညီလေးငယ်

♦♦♦

mgyoe.com

mgyoe.com SAMPLE BOOK

မုဒြာမြိုင်ဟာ
နာမည်နဲ့လိုက်အောင်ပဲ
လူကသိမ်မွေ့နူးညံ့သလောက်
အရမ်းကို သိုဝှက်နက်နဲလွန်းတယ်။
သူ့ရင်ထဲမှာ ဘာတွေရှိနေလဲ၊
သူဟာ ဘယ်လိုအမျိုးသမီးမျိုးလဲဆိုတာ
နှစ်ပေါင်း ၃၀ ကျော် အတူနေလာတဲ့သူတောင်
ခန့်မှန်းဖို့ မလွယ်ဘူး။

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း (၁)

၂၀၂၂ ခုနှစ်။

၁၀ နှစ်ကျော်ကာလမျှ ဝေးကွာခဲ့သည့် နယ်မြို့လေးနှင့် ပြန်လည်ထိတွေ့ခွင့်ရသော ပထမဦးဆုံး မနက်ခင်းသည် မြူနှင်းများဖြင့် မှုန်ရီကာ အေးစက်လျက်ရှိသည်။

ကျွန်တော်သည် မနက် ၆ နာရီမထိုးခင် အချိန်မှာပင် အိပ်ရာမှထခဲ့ပြီး လမ်းလျှောက်ရန် အအေးဒဏ်ကို ကာကွယ်နိုင်မည့် အဝတ်အစားအပြည့်အစုံဝတ်၍ ဝေါကင်းရှူးစီးကာ နေအိမ်မှ ထွက်ခဲ့ပါတော့သည်။ မြို့၏မိန်းလမ်းမအတိုင်း ဖြည်းဖြည်းမှန်မှန် လျှောက်လာရင်း များစွာတိုးတက်နေပြီဖြစ်သော နယ်မြို့လေး၏ ပြောင်းလဲမှုများကို အံ့သြဘနန်း ငေးကြည့်မိပါသေး၏။ မြို့ကလေးမှာ လွန်ခဲ့သည့် ၁၀ နှစ်ကျော်ကာလနှင့် နည်းနည်းမျှ မတူတော့ပါ။ အရင်က ရှိခဲ့သော ပျဉ်ထောင်အိမ် မည်းမည်းကြီးများမှာ အရောင်အသွေးစုံသည့် ခေတ်မီတိုက်ကြီးများအဖြစ် ပြောင်းလဲသွားခဲ့လေပြီ။ မိန်းလမ်းမဘေးတစ်လျှောက်တွင်ရှိသော ကားဝပ်ရှော့ဆိုင်များ၊ မှုန်ကုပ်ကုပ် လက်ဖက်ရည်ဆိုင်များ၊ သက်ကယ်မိုး ရှမ်းခေါက်ဆွဲဆိုင်များ၏ နေရာများတွင်လည်း စတိုးဆိုင်ကြီးများ၊ အသေးစား ဈေးဝယ်စင်တာများဖြင့် စည်ကား၍နေလေသည်။ မြို့၏မိန်းလမ်းမသည်လည်း အရင်လို ကချော်ကချွတ် ခင်းထားသည့် ကတ္တရာလမ်းကျဉ်းကျဉ်းကလေး မဟုတ်တော့။ မည်းနက်ပြောင်ရှင်း

mgyoe.com

mgyoe.com SAMPLE BOOK

နေသော နိုင်လွန်ကတ္တရာလမ်းကျယ်ကြီးပင် ဖြစ်နေခဲ့လေပြီ။

လင်းအားဖျော့စပြုနေပြီဖြစ်သည့် လမ်းမီးတိုင်များကို မြူနှင်းမှုန်များကြား မှိန်ပျပျ တွေ့နေရပါသေး၏။ ကတ္တရာလမ်းမကြီးမှာ တစ်ညလုံး စိတ်ရှိလက်ရှိ ကျဆင်းထားသော မြူနှင်းများကြောင့် အေးစက်စွတ်စိုလို့နေပါသည်။ ကျွန်တော် သည်လည်း ရိုးတွင်းခြင်ဆီတိုင်အောင် ခိုက်ခိုက်တုန်နေပါ၏။

ရာသီဥတုကအေးပြီး စောသေးသည်မို့ မြို့၏လမ်းကလေးမှာ လူသွား လူလာမရှိသလောက် ရှင်းလင်းလို့နေပါသည်။ မြို့နေလူအတော်များများမှာ ယခုချိန်လောက်ဆိုလျှင် အိပ်ရာထဲတွင် နွေးထွေးစွာ ကွေးအိပ်နေကြဆဲ ဖြစ်ပေ မည်။ အမှန်ဆိုပါမူ ကျွန်တော်သည်လည်း ယခုလိုအေးစက်လှသည့် ဆောင်း မနက်ခင်းမျိုးတွင် မွေ့ရာထဲတွင် ဇိမ်ယူအိပ်၍သော်လည်းကောင်း၊ မနက်စာချက် နေသည့် အစ်မဖြစ်သူ၏ မီးဖိုဘေးတွင် ကော်ဖီပူပူတစ်ခွက် သောက်၍သော် လည်းကောင်း နေဖို့ကောင်းပါ၏။ သို့သော်လည်း ဆောင်းနှင့်နွေ မကွဲသည့် ရန်ကုန်မြို့၏ရာသီဥတုတွင်သာ ဖြတ်သန်းခဲ့ရသော ကျွန်တော့်အတွက်တော့ ယခုလို ရာသီဥတုမျိုးက ကြုံတောင့်ကြုံခဲပင် မဟုတ်ပါလား။ ထို့ကြောင့်ပင် ကျွန်တော်သည် မြို့ကလေးသို့ ဒုတိယအကြိမ် ခြေချခွင့်ရသည့် ပထမဦးဆုံးသော မနက်ခင်းမှာပင် အေးစိမ့်သောရာသီဥတု၏အရသာကို ခံစားဖို့ လမ်းလျှောက် ထွက်ခဲ့ခြင်းဖြစ်ပါသည်။

ကျွန်တော်ရောက်ရှိနေသောမြို့ကလေးသည် ရှမ်းပြည်နယ်တောင်ပိုင်း၊ လွိုင်လင်ခရိုင်ထဲတွင်ရှိသော လဲချားမြို့ကလေးပင် ဖြစ်ပါသည်။ ပင်လယ်ရေ မျက်နှာပြင်အမြင့် ၃၁၈၆ ပေ၊ ၉၇၁ မီတာတွင်ရှိပြီး လွိုင်လင်မှ သီပေါသို့ အသွား လမ်းမပေါ်တွင် တည်ရှိပါသည်။ လွိုင်လင်မြို့၏မြောက်ဘက်တွင်ရှိပြီး ၃၈ မိုင်မျှ ဝေးပါ၏။ တောင်အထပ်ထပ်ခြံရံနေသည့် တောင်ကြားနေရာတွင် တည်ရှိသော ကြောင့် ရာသီဥတုမှာ ၁၂ ရာသီကာလပတ်လုံး အေးစိမ့်နေလေ့ ရှိသည်။ မြို့နယ်နိမိတ်၏ ကိုးပုံ ခုနှစ်ပုံလောက်မှာ မြေပြန့်များဖြစ်ပြီး ထိုမြေပြန့်များနေရာ တွင် လယ်စပါးများစိုက်ပျိုးကြသည်ဖြစ်ရာ ဆန်စပါးပေါလှသည်ပင်။ ယခင်က ရှမ်းစော်ဘွားများ အုပ်စိုးခဲ့သော မြို့ကလေးဖြစ်သည်နှင့်အညီ ဒေသခံများမှာ ရှမ်းတိုင်းရင်းသားများ အများစုဖြစ်ကြလေသည်။

ယခုနယ်မြို့ကလေးကိုရောက်ရန်အတွက် ကျွန်တော်သည် ရန်ကုန်မှ ကားအဆင့်ဆင့်စီးကာ ခရီးနှင်ခဲ့ရပါ၏။ လွန်ခဲ့သည့် တစ်ရက်က ရန်ကုန်မှ ညနေ

mgyoe.com

mgyoe.com SAMPLE BOOK

ငါးနာရီထွက်သော Express ကားကြီးကိုစီးခဲ့ပြီး မနက်ဝေလီဝေလင်း အချိန်တွင် တောင်ကြီးမြို့ အောက်ဘက်တွင်ရှိသော အေးသာယာကားကွင်းသို့ ရောက်ခဲ့သည်။ ကားကွင်းမှသည် တောင်ကြီးမြို့ရှိရာ တောင်ပေါ်သို့ကြုံရာ ကားနဲ့တက်ခဲ့ပြီး တည်းခိုခန်းတစ်ခုတွင် သုံးနာရီလောက်အနားယူကာ ယခုမြို့ကလေးသို့ ထပ်မံခရီးဆက်ဖို့ ပြင်ရပြန်ပါသည်။

တောင်ကြီးမြို့မဈေးအနီး ကုန်းတံတားအောက်တွင်ရှိသော ကားဂိတ်များရှိရာသို့သွားရောက်၍ ကားလက်မှတ် ဖြတ်ကာစီးရ၏။ ယခုမြို့သို့ ဆွဲသောကားများမှာ လိုင်းကားအကြီးများမဟုတ်။ စူပါကာစတန်ကားသေးများနှင့် ရိုးရိုးပရိုဘောက်ကားအသေးများသာ ဖြစ်ကြပါသည်။ ကျွန်တော်သည်ကား ပရိုဘောက်ကားအသေးဖြင့် လိုက်ပါခဲ့ခြင်းဖြစ်ပါ၏။

ကျွန်တော်လိုက်ပါခဲ့သောကားမှာ ခရီးသည်များ၏အထုပ်များ၊ တောင်ကြီးမှ လဲချားမြို့သို့ပါးလိုက်သော ကုန်ပစ္စည်းများကြောင့် ဝိတ်များပြီး အိကျ၍ပင်နေလေသည်။ ကားသည် မတ်စောက်ပြီး တွန့်လှိုင်ကောက်ကွေးနေသော တောင်တက်လမ်းများကို ဖြတ်ရသည့်အခါ အသည်းတအေးအေး ရင်တလှပ်လှပ်ဖြစ်ရပါ၏။ ခက်ခဲကြမ်းတမ်းသောလမ်းကိုကြည့်ပြီး ကျွန်တော့်မှာ ရင်ဖို့ရသော်လည်း ကားဆရာကမူ ကားထဲတွင်ဖွင့်ထားသည့် သီချင်းများကို လိုက်ညည်း၍ပင်မပြတ်ပေ။ ကားမောင်းသည့် အတတ်ပညာအပေါ်တွင် သူ့ကိုယ်သူ ယုံကြည်မှုအပြည့်ရှိသည့်ပုံဖြစ်၏။ ထို့ကြောင့်ပင် ကျွန်တော်သည်လည်း ကွေ့ကောက်မတ်စောက်သော လမ်းများကို အန္တရာယ်တစ်ခုလို မမှတ်ယူတော့ပဲ လမ်းဘေးဝဲယာ ရှုခင်းများကို ငေးကြည့်၍သာ အေးအေးလူလူ လိုက်ပါလာခဲ့ပါတော့သည်။ ကျွန်တော်တို့ခရီးသည်များ၏အသက်များအား ကားဒရိုင်ဘာ၏ လက်ထဲတွင် ပုံအပ်ထားကြရပါတော့သည်။

ကားနောက်ခန်းထဲတွင်ကား ခရီးသည် ၅ ဦးပါသည်။ ပြည့်ပြည့်ဖြိုးဖြိုး ခန္ဓာကိုယ်ရှိကြကုန်သော အမျိုးသမီးလေးဦးမှာ ကားနောက်ခန်းခုံတွင် ကျပ်ကျပ်သိပ်သိပ်ထိုင်ကြပြီး၊ အမျိုးသားလူရွယ်တစ်ဦးကတော့ ကားနောက်ဖုံးတွင် အိပ်၍လိုက်ပါလာသည်။ ကျွန်တော်ကမူ ကားခေါင်းခန်းတွင်နေရာရပါ၏။ ကားခေါင်မိုးပေါ်တွင် ကျွန်တော်၏ခရီးဆောင်အိတ်အပါဝင် တခြားသော စုံစီနဖာအိတ်များ၊ ခြင်းတောင်းများကို ကြိုးဖြင့်အထပ်ထပ် ချည်နှောင်ကာ တင်ထားပါသည်။

တောင်ကြီးမြို့မှ မနက် ၁၀ နာရီလောက်တွင် ကားထွက်ခဲ့၏။ တောင်ကြီးမြို့၏ အရှေ့ဘက်စူးစူးတွင်ရှိသော မြို့အထွက်လမ်းလေးအတိုင်း ဆက်ထွက်လာ

mgyoe.com

mgyoe.com SAMPLE BOOK

ပါက ၁၂ မိုင်ခရီးလွန်ပြီးသည့်အခါ ရှမ်းပြည်၏ အထင်ကရ နေရာတစ်ခုဖြစ်သည့် ထမ်းဆမ်းလိုဏ်ဂူရှိသော ဟိုပုံးမြို့ကလေးကို ရောက်ရှိပါတော့သည်။ ထိုမှသည် တောင်အထပ်ထပ်များကြား ကွေ့ကောက်ကာ ဖောက်ထားသည့်လမ်းများအတိုင်း ဆက်ထွက်လာပါက မိုင်းပွန်မြို့နှင့် တခြားသောတောင်ပေါ် ရွာများကို ဖြတ်ရသေးသည်။ ထို့နောက်မှာတော့ ကျွန်တော်တို့ကားသည် လှပလွန်းလှသည့် ခရိုင်ရုံးစိုက်ရာမြို့ဖြစ်သော လွိုင်လင်မြို့သို့ ရောက်ရှိ၍လာပါတော့သည်။

စိမ်းညို့ညို့တောင်တန်းကြီးများကြားတွင် အေးချမ်းစွာတည်ရှိနေသော လွိုင်လင်မြို့ကိုဖြတ်၍ မြောက်ဘက်စူးစူးသို့ ဆက်ထွက်လာလိုက်သည့်အခါ မကြာလိုက်သည့်အချိန်မှာပင် ရှမ်းအိုးစည်ကြီးနှစ်လုံးထောင်ကာဖြင့် ခန့်ညားထည်ဝါလှသည့် ပင်လုံမြို့ဝင်ဆိုင်းဘုတ်ကြီးကို တွေ့ရလေသည်။

လွိုင်လင်မြို့နှင့် ပင်လုံမြို့သည် ၆ မိုင်ခရီးမျှသာဝေးသောကြောင့် ကားဖြင့် ၁၅ မိနစ်လောက်သွားလျှင်ပင် ရောက်ရှိခဲ့ပါသည်။ ပင်လုံမြို့သည် ဝေဆာနေသော ချယ်ရီပင်များစွာဖြင့် ကျွန်တော့်အား ကြိုဆို၏။ "ပြည်ထောင်စု သမိုင်းအစ ပင်လုံမြေမှ" ဆိုသည့် စကားနှင့်အညီ ဟိုးယခင်ကတည်းက တိုင်းရင်းသားတို့ စုပေါင်း၍ ပင်လုံစာချုပ်ချုပ်ဆိုရာ မြို့ကလေးဖြစ်သောကြောင့် သမိုင်းအမွေနှစ် ပင်လုံမြို့လေးကိုလည်း ကျွန်တော် ချစ်ရပြန်ပါသည်။

ကားဆရာနှင့် ကျွန်တော်သည် တစ်လမ်းလုံး လေကြောတည့်စွာ စကားဖောင်ဖွဲ့ ပြောလာကြသည်ဖြစ်ရာ ကျွန်တော်နှင့် မိတ်ရင်းဆွေရင်းသဖွယ် ရင်းနှီးသွားရ၏။ ထို့ကြောင့် ပင်လုံမြို့သို့ရောက်သည့်အခါ ကျွန်တော့်အား ပင်လုံစာချုပ်ချုပ်ဆိုရာနေရာဖြစ်သည့် ပင်လုံကျောက်တိုင်ရှိရာ ပန်းခြံသို့ အလည်လိုက်ပို့ခဲ့ပါသေးသည်။ ကားပေါ်တွင်ပါလာကြသည့် ဒေသခံခရီးသည်များကလည်း ကျွန်တော့်အား ပင်လုံကျောက်တိုင်ပန်းခြံသို့ လိုက်ပို့မည်ကို မည်သူမျှ စောဒကတက်မကန့်ကွက်ကြပါ။ ယင်းတို့ဒေသကို အလည်လာသည့် ကျွန်တော့်ကိုပင် နွေးထွေးပျူငှာသော အပြုံးများဖြင့် ကြိုဆိုမှုပြုကြလေ၏။ ဒေသခံများအား ကျေးဇူးတင်လှပါသည်။

ပင်လုံမြို့သို့ရောက်ပြီး ကားသည် သွားနေကြလမ်းမမှသည် ဘယ်ဘက်လမ်းသွယ်ထဲသို့ ချိုးကွေ့ဝင်လိုက်သည့်အခါ နေရောင်အောက်တွင် ရွှေရောင်ဖိတ်ဖိတ်တောက်နေသော စေတီတော်ကြီးကို ဖူးမြော်ရသည်။ စေတီမှာ ပင်လုံကျောက်တိုင်ရှိရာ ပန်းခြံရှေ့တည့်တည့်တွင် တည်ထားပြီး ရန်ကုန်က ရွှေတိဂုံဘုရားနှင့် ပုံစံတူ၏။

mgyoe.com

mgyoe.com
SAMPLE BOOK

စေတီတည်ထားသည်မှာ သိပ်မကြာသေးဟု သိရပါသည်။ စေတီတော်၏ညီညာကျယ်ပြန့်သော ဘုရားပရိဝုဏ်အတွင်းတွင် ကားရပ်သည့်အခါ ကျွန်တော်သည် ကားပေါ်မှဆင်းပြီး စေတီတော်မြတ်ကြီးအား ဦးတိုက်ဖူးမျှော်သည်။ ထို့နောက် စေတီတော်၏ ဘေးကပ်လျက် မြောက်ဘက်တွင်ရှိသော ပင်လုံကျောက်တိုင်ရှိရာ ပန်းခြံသို့ သွားခဲ့ပါတော့သည်။ ကားဆရာနှင့်အတူ ကျန်ခရီးသည်များကတော့ အညောင်းညာ ဆန့်ရင်း ကားဘေးတွင်ရပ်ကာ ကျန်ရစ်ခဲ့ကြသည်။

ပင်လုံပန်းခြံထဲသို့ ဝင်လိုက်သည့်အခါ စိမ်းနုရောင်မြက်ခင်းပြင်ကြီးနှင့်အတူ ခန့်ထည်လှသော တောင်တန်း-ပြည်မ ပူးပေါင်းရေးကမ္ပည်း ကျောက်တိုင်ကို မြင်လိုက်ရသည့်အခိုက် ကျွန်တော့်နှလုံးသားတို့သည် အမျိုးအမည်မဖော်ပြတတ်သော ခံစားချက်မျိုး လှစ်ခနဲဝင်ရောက်လာခဲ့တော့သည်။ ကျောက်တိုင်ကြီးကိုကြည့်၍ ကျွန်တော့်မျက်ဝန်းထဲတွင် ယခင်က လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် ပင်လုံစာချုပ် လက်မှတ်ရေးထိုးခဲ့ပုံများကို စိတ်ကူးထဲ ပုံဖော်မိသေး၏။ သမိုင်းဟူသည်ကား ဒဏ္ဍာရီမဟုတ်၊ ပုံပြင်မဟုတ်၊ အမှန်တကယ်ရှိခဲ့သည့်ဖြစ်ရပ်များကြောင့် ကျွန်တော်သည် သမိုင်းကြောင်းများရှိခဲ့သည့်နေရာများအား ရောက်ရှိသည့်အခါတိုင်း ယခုလိုစိတ်ကူးနှင့် ပုံဖော်ကြည့်စမြဲ ဖြစ်လေသည်။

သမိုင်းဟု ဆိုသော်လည်း ပင်လုံစာချုပ်ချုပ်ဆိုခဲ့သည့် တောင်တန်း-ပြည်မ ပူးပေါင်းရေးကျောက်တိုင်၏သမိုင်းသည် နှစ်ပရိဈေကြာညောင်းနေခဲ့သည့် သမိုင်းမဟုတ်။ လွန်ခဲ့သည့် ၇၅ နှစ်ကာလတွင်မှ ချန်ရစ်ခဲ့သော ပူပူနွေးနွေး သမိုင်းတစ်ခုသာ ဖြစ်ပါသည်။

ကျွန်တော် လေ့လာထားခဲ့သော သမိုင်းများအရ ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် ပင်လုံစာချုပ်ကို လက်မှတ်ရေးထိုးခဲ့သော ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ယခုကျောက်တိုင်အား ဆောက်လုပ်ခဲ့ခြင်း မဟုတ်ပါ။ ထိုအချိန်က ဗိုလ်ချုပ်အောင်ဆန်းနှင့် တောင်တန်းဒေသကိုယ်စားလှယ် ၂၃ ဦးတို့က ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်စွာဖြင့် ပင်လုံစာချုပ်ကို လက်မှတ်ရေးထိုးကြပြီး ပင်လုံစာချုပ် လက်မှတ်ရေးထိုးကြသည့် စားပွဲနေရာတွင် ဗိုလ်ချုပ်အောင်ဆန်း ကိုယ်တိုင် ၁၂ ပေ ရှည်သော သပြေတိုင်တစ်ခုကို စိုက်ထူ၍ တောင်တန်း-ပြည်မ ပူးပေါင်းရေး ကျောက်တိုင်ဟု ကမ္ပည်းရေးထိုးခဲ့ခြင်းဖြစ်သည်။ ပင်လုံစာချုပ် လက်မှတ်ရေးထိုးသော ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့မှစတင်ကာ နှစ်စဉ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့အား "ပြည်ထောင်စုနေ့" အဖြစ် သတ်မှတ်ခဲ့ကြခြင်း ဖြစ်သည်။

mgyoe.com

mgyoe.com SAMPLE BOOK

ပင်လုံကျောက်တိုင်ကိုမူ ၁၉၅၁ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်နေ့တွင် ပင်လုံမြို့စား ဦးစံမြ ဦးဆောင်၍ ဆောက်လုပ်ခဲ့၏။ ပြည်ထောင်စု ကျောက်တိုင်မှာ လုံးပတ် ၁၄ ပေ၊ အမြင့် ၃၁ ပေရှိပြီး ဗိုလ်ချုပ်အောင်ဆန်း မိန့်ခွန်းလှည့်ပြောသည့် မြောက်ဘက် အရပ်မျက်နှာမူ၍ ပြည်မ ဟူသော စကားလုံးကို ဝိုင်းဝိုင်းလေး ရေးသား၍ တောင်တန်း-ပြည်မ ပူးပေါင်းရေးစာချုပ် ကျောက်တိုင်ဟု ကမ္ပည်း ရေထိုးခဲ့ကြောင်း သမိုင်းအထောက်အထားများအရ သိရပါသည်။

၁၉၇၂ ခုနှစ်တွင် ဆောက်လုပ်ရေးကော်ပိုရေးရှင်းက ကျောက်တိုင်အား မူလမြောက်ဘက်အရပ်မှ အရှေ့ဘက်အရပ်သို့ ပြန်လည်ပြင်ဆင်မွမ်းမံခဲ့ကြောင်း သိရပါသည်။ ထို့ပြင် ကျောက်တိုင်ပေါ်ကစာသား တောင်တန်း-ပြည်မ ပူးပေါင်းရေး စာချုပ်ကျောက်တိုင်ကို ပြည်မ-တောင်တန်း ပူးပေါင်းရေးစာချုပ်ကျောက်တိုင်ဟု ပြောင်းလဲရေးထွင်းခဲ့ကြောင်း သိရသည်။

ထိုကျောက်တိုင်လှည့်ခြင်းနှင့် ကျောက်တိုင်ပေါ်က စာသားကို ပြည်မ-တောင်တန်း ဟုပြောင်းခြင်းနှင့် ပတ်သက်၍ ပင်လုံဒေသခံများက မကြိုက်ကြသည့် အကြောင်းကို ကားပေါ်ပြန်ရောက်သည့်အခါ ကားဆရာပြော၍ ကျွန်တော် သိခွင့် ရခဲ့ပါသည်။ သမိုင်းဆိုသည်ကား ထိန်းသိမ်းရမည်သာဖြစ်ပြီး ပြင်ဆင်ခြင်း မလုပ်သင့်သောကြောင့် ဒေသခံများ၏ ခံစားချက်ကို ကျွန်တော် နားလည်ပါ၏။ နောက်ပိုင်းမှာတော့ ဒေသခံပြည်သူများ၏ ကြိုးစားတင်ပြမှုဖြင့် ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၂၃ ရက်နေ့တွင် နဂိုဗိုလ်ချုပ် အောင်ဆန်းရေးထိုးခဲ့သည့်အတိုင်း တောင်တန်း-ပြည်မ ဟု ပြန်လည်ပြင်ဆင်နိုင်ခဲ့ကြောင်း သိရပါသည်။

ကျွန်တော်တို့ကားသည် ပင်လုံမြို့မှ မြောက်ဘက်စူးစူးသို့ ဆက်လက် ထွက်ခွာလာပြီး ထင်ရှူးပင်များဖြင့် စိမ်းညို့နေသော တောင်တန်းများကြား တရိပ်ရိပ် ပြေးလွှားနေပါသည်။ ကားပြတင်းဖွင့်ထားသောကြောင့် ကားထဲသို့ အေးမြလတ်ဆတ် သောလေများ အလုံးအရင်း ဝင်ရောက်နေ၏။ ကားနောက်ခန်းမှ ခရီးသည်များမှာ ခရီးပန်းပြီး ငိုက်မြည်းနေကြပြီဖြစ်သော်လည်း ကျွန်တော့်မှာမူ လမ်းဘေးဝဲယာတွင် အထပ်ထပ်ပေါက်နေသော စိမ့်ညို့ညို့ထင်းရှူးပင်များကို ငေးမောကြည့်ရင်း ရင်သပ်ရှုမော ဖြစ်နေရပါသည်။ အပွင့်တို့ဝေဆာနေကုန်သော ချယ်ရီပင်များ ကိုလည်း ထင်းရှူးပင်များကြား ကျိုကြားကျိုကြား တွေ့ရပါသေး၏။ ကားထဲတွင် ကားဆရာဖွင့်ထားသည့် စိုင်းထီးဆိုင်သီချင်းများက တစ်ပုဒ်ပြီးတစ်ပုဒ် လွှင့်ပျံ့ နေလေသည်။ မှတ်မှတ်ရရပင် ထိုအချိန်က ကားထဲတွင်လွှင့်ပျံ့နေသော သီချင်းသည်

mgyoe.com

 mgyyae.com SAMPLE BOOK 

ဦးထီး၏ ဒီဆောင်းတစ်ည သီချင်းဖြစ်၏။ ကျွန်တော် အလွန်တရာ နှစ်သက်လှသော သီချင်းပေမို့ လိုက်ပါညည်းဆိုလိုက်မိပါသေးသည်။

*"နှစ်တိုင်းကြုံကာနေမယ်xxx ဟေမာန်ဆောင်းရယ်xxx ဒီအလွမ်းရယ် xxx ချစ်တဲ့သူ မျှော်နေခဲ့တယ် ကိုယ့်အတွေးများလည်းxxx နောက်တစ်ခေါက်လာချင် တော့လည်းxxx မလာနိုင်တော့ရင်နာမိတယ်xxx မငိုချင်ဘူး ဒီဆောင်းတစ်ညတော့ မငိုချင်ဘူးxxx"*

တောင်ကြားများအတွင်းတွင်ရှိသော လမ်းမသည် အကွေ့အကောက် ပိုမိုများလာသလို ရှိလာပါသည်။ ကားဆရာ၏ ပြောပြချက်အရ ထိုတောင်တန်း များသည် လေးထပ်ရှိပြီး လေးထပ်ကွေ့ဟုဒေသအခေါ် ရှိကြောင်း သိရပါ၏။ ယခင်က ယခုလေးထပ်ကွေ့တောင်ကြားလမ်းသည်ကား ထင်းရှူးပင်ရိပ်များကြောင့် နေ့အခါမှာပင် အုံ့ဆိုင်းမှောင်မည်းနေတတ်ကြောင်း သိရပါသည်။ ထိုလေးထပ်ကွေ့ ထင်းရှူးတောင်ကုန်းများအား ဖြတ်ကျော်ပြီးသည့်အခါမှာတော့ ကျွန်တော် ယခု ရောက်ရှိနေသော လဲချားမြို့ကလေးသို့ ရောက်ရှိပါတော့သည်။

လဲချားမြို့ဝင်ဆိုင်းဘုတ်နားလေးတွင် အစ်မဖြစ်သူက အိမ်စီးကားလေး ဖြင့် ကျွန်တော့်အား အဆင်သင့်စောင့်နေသောကြောင့် ကျွန်တော်သည် ညနေ ၃ နာရီကျော်လောက်မှာပင် အစ်မဖြစ်သူ၏အိမ်သို့ ချောချောမောမော ရောက်ရှိခဲ့ ပါတော့သည်။

ပတ်ဝန်းကျင်တခွင် မြူနှင်းတို့သည် ညင်သာစွာ ကျဆင်းလို့ကောင်းတုန်း ဖြစ်လေသည်။ ကျွန်တော်သည် အအေးဒဏ်ကို သက်သာစေရန် အလို့ငှာ ခြေလှမ်း များကို ခပ်သွက်သွက် လျှောက်နေ၏။ သို့သော် မောဟိုက်ခြင်းသာ ဖြစ်လာသော် လည်း အအေးဓာတ်ကတော့ နည်းနည်းလေးမှ လျော့မသွားပါ။ ကျွန်တော့်ဖုန်းမှ Repeat လုပ်ကာဖွင့်ထားသော Marshmello ၏ **Leave before you love me** သီချင်းသည် Bluetooth နားကြပ်မှတဆင့် မြူးကြွစွာ စီးဝင်နေလေသည်။ ကျွန်တော် သည် ခြေလှမ်းများကို ခပ်သွက်သွက် လျှောက်လာခဲ့သည်ဖြစ်ရာ မြို့ပြင်သို့ပင် ရောက်ရှိလာပါတော့သည်။ ကျွန်တော်၏ ဦးတည်ချက်သည် မြို့ကလေး၏ အရှေ့ ဘက်အစွန်းတွင် ရှိသော ပေါ်ရာဏမွေတော်စေတီတော်စုနှင့် နောင်ခမ်းကန်ဆီ သို့ဖြစ်ပါသည်။

မြို့ပြင်သို့ရောက်လာသည့်အခါ ကျယ်ပြောသော လယ်ကွင်းပြင်ကြီးများကို တမျှော်တခေါ် မြင်တွေ့ရပါ၏။ ရိတ်သိမ်းပြီးစ စပါးငုတ်ဖြူဖြူတို့မှာ နှင်းစက်များ

mgyyae.com

mgyoe.com SAMPLE BOOK

တင်နေသောကြောင့် ဖြူစွတ်ကာအရောင်လက်နေပါသည်။ လယ်ကွင်းထဲတွင် မြူနှင်းများသည် ပိန်းပိတ်အောင်ကျဆင်းနေဆဲဖြစ်၏။

ရှမ်းပြည်၏ ဆောင်းရာသီတွင် ဒီဇင်ဘာလသည် အအေးဆုံး၊ မြူနှင်းများ အကျဆုံး၊ ချယ်ရီများအပွင့်ဆုံးရာသီဟု တင်စားကြသော်လည်း ဇန်နဝါရီလ ဦးပိုင်းအထိပင် အအေးဓာတ်က နည်းနည်းလေးမှ လျော့မသွားသေးပေ။ ယခုတိုင် ချယ်ရီတို့သည်လည်း တစ်ပင်လုံးဝေဆာစွာ ပွင့်လန်းနေဆဲဖြစ်သည်ကို မြို့အဝင် လမ်းဘေးတစ်လျှောက်မှ ပွင့်နေကြကုန်သော ချယ်ရီပင်များကိုကြည့်၍ သိနိုင်ပါသည်။

လွန်ခဲ့သည့် ၁၀ နှစ်ကျော်ကတော့ သည်မြို့လေးကို ကျွန်တော် တစ်ခေါက် ရောက်ဖူးခဲ့ပါသည်။ ထိုစဉ်က ဦးလေးဖြစ်သူ နာမကျန်းဖြစ်နေသောကြောင့် အမေနှင့် သတင်းမေးရန် လာခဲ့ခြင်းဖြစ်သည်။ လည်ပတ်စရာဟူ၍ များများစားစား မရှိသည့်အပြင် မဖွံ့ဖြိုးသည့် နယ်မြို့လေးပေမို့ ဦးလေးဖြစ်သူ ထူထူထောင်ထောင် ဖြစ်လာသည့်အချိန်တွင် ပြန်ခဲ့ကြပါသည်။

တစ်ပတ်လောက်သာ နေခဲ့ဖူးသော သည်မြို့လေးသည် စွဲလမ်းတွယ်ငြိ မိစရာ အကြောင်းအရာ ရေရေရာရာ မရှိပါဘဲ ကျွန်တော့်နှလုံးအိမ်ထဲမှာ ဆယ်စုနှစ် တစ်စုကြာအောင် ဘာကြောင့်ငြိတွယ်နေမိခဲ့လဲ ကျွန်တော်ပင် မသိနိုင်တော့ပါ။ ရန်ကုန်မှာ အလုပ်များပိတိုင်း၊ ပူပြင်းလှသည့်ရာသီဥတုကို ခံရတိုင်း သည်မြို့ကလေး တွင် အေးအေးလူလူ အပန်းလာဖြေချင်သည့် အာသီသက ခဏခဏ ဖြစ်ပေါ်ခဲ့ ဖူးသည်။ ယခုတော့ ကျွန်တော်ရောက်ခဲ့လေပြီ။ သည်မြို့ကလေးသည် မဖွံ့ဖြိုးသည့် မြို့နယ်လေးဖြစ်နေလင့်ကစား ကျွန်တော့်အား စိတ်ကို လုံလောက်စွာ အပန်းဖြေမှု ပေးနိုင်မည်ဖြစ်သလို၊ သည်ဒေသ၏ ဒေသန္တရဗဟုသုတများစွာကိုလည်း ပေးနိုင် လိမ့်မည်ဟု ကျွန်တော် ယုံကြည်ပါ၏။

ကျွန်တော်သည် ခပ်သွက်သွက်လျှောက်လာရင်း မြူနှင်းများကြား နောင်ခမ်းကြာကန်နှင့် ပေါ်ရာဏစေတီစုအား လှမ်းတွေ့ရသည့်အခါ အကြည့်တို့ ငေးကြောင် သွားရပါသည်။ နောင်ခမ်းကန်ထဲတွင် ယခုရာသီကို ကြာပန်းများ ဝေဆာစွာ ပွင့်နေကြသည်။ စေတီစု၏အရိပ်သည် စိမ်းညို့နေသော ကြာပင်များ ကြားက ကန်ရေပြင်ထက်တွင် အရိပ်ထင်နေသည်။ ကျွန်တော်သည် အဝေးမှ လှမ်းမြင်နေရသည့် စေတီစုများဆီသို့ ရောက်ရန်အတွက် ခြေလှမ်းများကို အရှိန် တင်မိလိုက်ပါတော့သည်။ စေတီသို့ရောက်ရန် ကန်ကိုပတ်ကာ ဖောက်ထားသည့်

mgyoe.com

mgyoe.com

လမ်းလေးအတိုင်း ခပ်သွက်သွက်သွားခဲ့သည်။

စေတီစု၏ရှေ့သို့ ရောက်သည့်အခါ ကျွန်တော်သည် ဝေါကင်းရှူးစီးထားခြင်းဖြစ်၍ ဘုရားရင်ပြင်ပေါ်သို့ မတက်တော့ပဲ ကန်ဘောင်ပေါ်တွင် ခြေစုံရပ်ကာ မတ်တတ်ရပ်လျက်ပင် စေတီစုအား ဖူးမျှော်လိုက်လေသည်။ စေတီစု၏ရှေ့မျက်နှာစာနှင့် နောင်ခမ်းကန်ကြားတွင် အနည်းငယ် ကျယ်ပြန့်သည့် မြက်ခင်းပြင် စိမ်းစိမ်းရှိပြီး ကျွန်တော်သည်ကား ထိုမြက်ခင်းပြင်ဘေးမှ ကန်ဘောင်ပေါ်တွင် ရောက်ရှိနေခြင်းဖြစ်ပါသည်။ ထို့ကြောင့်ပင် ရွှေရောင်တောက်ကြွားနေသော ဘုရားစေတီပုထိုးများစွာကို ကောင်းမွန်စွာ ဖူးမြော်ခွင့်ရပါလေသည်။

စေတီစုများအား အားပါးတရ ဖူးမြော်ပြီးသည့်အခါ ကြာပန်းများဖြင့် ဝေဆာလှပနေသော နောင်ခမ်းကန်ကြီးအား မမှိတ်မသုန် ငေးကြည့်လိုက်မိ၏။ မြူနှင်းမှုံများအောက် ဆိတ်ငြိမ်နေသော မြို့ကလေးကို ကန်၏တစ်ဖက်ကမ်းမှ လှပစွာမြင်နေရပါသည်။ ထွက်ပြူစနေမင်း၏ အလင်းရောင်သည် ပိန်းပိတ်အောင် ကျဆင်းနေသော မြူနှင်းများကြောင့် မြို့ကလေးပေါ်သို့ အပြည့်အဝ ထိုးခွင်းဖြာကျခွင့် မရသေးသော်လည်း ပတ်ဝန်းကျင်သည်ကား ကျွန်တော် အိမ်က ထွက်လာစကထက်ပင် လင်းလင်းထင်းထင်း ရှိလာပါတော့သည်။

ကျွန်တော်သည် အနွေးထည်အိတ်ကပ်ထဲသို့လက်ထည့်ကာ ကန်တစ်ဖက်ကမ်းမှ မြို့ကလေးကို အချိန်အတော်ကြာ ငေးကြည့်နေမိ၏။ ထို့နောက် လတ်ဆတ်အေးမြသောလေများကို နှလုံးသားထဲထိရောက်အောင် ရှူသွင်းရင်း မျက်နှာကို အနည်းငယ်မော့ကာ မျက်လုံးအစုံကို ခဏမှိတ်၍ စက္ကန့်နှစ်ဆယ်လောက် ငြိမ်သက်နေလိုက်မိသည်။ ကျွန်တော့်မျက်နှာထက်သို့ ညင်ညင်သာသာ ကျရောက်နေကုန်သော မြူနှင်းမှုန်နုနုလေးများ၏ အထိတွေ့ကို ကြည်နူးစွာခံစားရပါ၏။

အေးချမ်းလှသည့် ဆောင်းမနက်ခင်းပါပင်။

ဆောင်းမနက်ခင်း၏ အရသာအား ခံစားနေစဉ် ကျွန်တော့်ခါးနောက်က အင်္ကျီစအား တစ်စုံတစ်ယောက်က ဆောင့်ဆွဲလိုက်ခြင်းကို ခံလိုက်ရသောကြောင့် ကျွန်တော် ခံစားမှုများ လွင့်စင်သွားကာ တကိုယ်လုံး တုန်သွားပါတော့သည်။ တစ်ဆက်တည်း နောက်သို့ ကမန်းကတန်း လှည့်ကြည့်လိုက်မိ၏။ ရုတ်တရက်တွေ့လိုက်ရသည့် ကလေးတစ်ဦး၏မျက်နှာကြောင့် ကျွန်တော့် ခြေလှမ်းများသည် နောက်သို့ အလိုအလျောက် ဆုတ်မိလျက်သား ဖြစ်သွားရသည်။

ကလေး၏မျက်နှာသည် ဖြူဆွတ်နေပြီး သာမန်ထက်ရှည်လျားလှသည်။

mgyoe.com

mgyoe.com SAMPLE BOOK

နှာတံသည် မျက်နှာထက်မှရှေ့သို့ သိသိသာသာ ငေါထွက်နေသလိုရှိ၏။ အတွင်းသို့ ချိုင့်ဝင်နေသောမျက်လုံးများက ကျွန်တော့်အား စိတ္တဇဆန်ဆန် စူးစိုက်ကြည့်နေလေသည်။ ကလေးသည် အနွေးထည်ထူကြီးကို ဝတ်ထားပြီး လည်ဆံမွေးပါသည့် အနွေးထည်ဂျာကင်ခေါင်းစွပ်ကို စွပ်ထားသည်ဖြစ်ရာ သေးသွယ်သော သူ၏ ဖြူလွလွမျက်နှာမှာ အထဲသို့ နစ်ဝင်နေသလို ဖြစ်နေသည်။ ပွယောင်းနေသော အနွေးဘောင်းဘီနှင့် တွဲလျက် ဝတ်ဆင်ထားသောကြောင့် ကလေး၏ခန္ဓာကိုယ်သည် တစ်ကိုယ်လုံးစောင်နှင့် ထွေးထားသည့်နှယ်ဖြစ်နေ၏။ နီညိုရောင်အနွေးထည် ဂျာကင်ခေါင်းစွပ်အောက်တွင် သူကလေး၏ မျက်နှာသည် တစ်ခုခုကို အလိုမကျဖြစ်နေသယောင် တင်းမာ၍နေပါသည်။ ရှည်လျား ကော့ညွတ်နေသောမျက်တောင်ဖျားပေါ် တွင် ဖြူလွလွနှင်းမှုန်များတင်နေပြီး နှာခေါင်းဖျားသည် အအေးဒဏ်ကြောင့် ရဲတွတ်နေသော်လည်း ပိန်လှီနေသောပါးပြင်သည် လူသေတစ်ဦး၏မျက်နှာကဲ့သို့ ဆွတ်ဆွတ်ဖြူနေ၍နေလေတော့သည်။

အရပ်သည် ကျွန်တော့်ရင်ညွန့်လောက်ရှိသည်ဖြစ်ရာ အသက် ၁၀ နှစ်ဝန်းကျင် ယောက်ျားလေးတစ်ယောက်ဟု ကျွန်တော် ခန့်မှန်းမိပါ၏။ ကန်ဘောင်ပေါ်တွင်ကား ကျွန်တော်နှင့် ဤကလေး နှစ်ယောက်တည်းသာ ရှိပါသည်။

ကလေးသည် ကျွန်တော့်ကိုကြည့်ပြီး တစ်စုံတစ်ခု ပြောလိုက်ဟန် တူပါသည်။ ကျွန်တော် လှည့်ကြည့်စဉ် ကလေး၏နှုတ်ခမ်းလှုပ်သွားသည်ကို တွေ့ရပါ၏။ ထို့နောက် ကလေးသည် ကျွန်တော့်ဆီက ပြန်ပြောလာမည့် စကားအားမျှော်လင့်နားစွင့်နေဟန်ဖြင့် ကျွန်တော့်မျက်နှာကို မမှိတ်မသုန် စိုက်ကြည့်၍နေပါလေသည်။ ကျွန်တော်သည် နားကြပ်တပ်ကာ သီချင်းဖွင့်ထားသောကြောင့် ကလေးပြောသည့်စကားကို မကြားလိုက်ရပါ။ ထို့ကြောင့် နားကြပ်ကို ကမန်းကတန်းဖြုတ်ကာ ပြန်မေးလိုက်ရပါတော့သည်။

"သား ဘာပြောလိုက်တာလဲ။ ဦးဦး မကြားလိုက်လို့. . . "

"ဖြေဆေးပေးပါ. . . ဖြေဆေးပါရဲ့လား"

"ဖြေဆေး. . . "

ရုတ်တရက် ပြောလိုက်သည့်စကားကြောင့် ကျွန်တော် နားမလည်နိုင်ဖြစ်သွားရသည်။ သာမန်အားဖြင့် ကလေး၏စကားသည် ကြောင်တောင်တောင်နိုင်လှပါ၏။ ဖြေဆေးပေးပါ ဟူသောစကားသံကို ကျွန်တော် သဲသဲကွဲကွဲ ကြားလိုက်ရသောကြောင့် မုန့်ဖိုးပေးပါဟု တောင်းခြင်းမဟုတ်သည်ကတော့ သေချာပါသည်။

mgyoe.com

mgyoe.com SAMPLE BOOK

တောင်းရမ်းစားသောက်သည့်ကလေးဟု သတ်မှတ်ရမည်ဆိုသော်လည်း ကလေး၏ အဝတ်စား အပြင်အဆင်နှင့် ပုံပန်းသဏ္ဌာန်ကိုကြည့်ခြင်းအားဖြင့် ပြည့်စုံသည့် မိသားစုက ပေါက်ဖွားလာခြင်း မဟုတ်သည့်တိုင် သင်တင့်လျောက်ပတ်သောမိသားစု အသိုက်အဝန်းက ပေါက်ဖွားလာသည့်ပုံတော့ ထွက်ပါသည်။ ကျွန်တော် ပြန်မေးရ ပြန်ပါ၏။

"ဘာ. . .။ ဘာတောင်းတာ. . . နားမလည်လို့"

"ဖြေဆေးပါ. . . ဖြေဆေး။ ဖြေဆေးပါခဲ့လား။ ပါခဲ့ရင် ဖြေဆေးပေး ပါနော်။ ဖြေဆေးလိုချင်လို့ပါ"

"ဖြေဆေး ဟုတ်လား။ ဘာဖြေဆေးလဲ။ ဖြေဆေးကို သားက ဘာလုပ် ဖို့လဲကွဲ့. . . ဘာအတွက်လိုချင်တာလဲ။ တစ်ယောက်ယောက်က တစ်ခုခုများ. . ."

"ဘာတွေပြောနေတာလဲ။ ဖြေဆေးပေးပါဆို. . .။ ဖြေဆေး မပါခဲ့ဘူး လား။ ဖြေဆေးရှိရင်ပေးပါနော်"

ကလေးသည် ကျွန်တော့်စကားအားအဆုံးထိ ဆက်ခွင့်မပေးပဲ စိတ်မရှည် စွာဖြင့် အော်ပြောလာပါသည်။ ပြောရင်းမှသည် မျက်ရည်များပါ ရစ်သိုင်းလာ၏။ ခက်လေပြီ။ ကျွန်တော် ဘာမှဆက်မစဉ်းစားတတ်တော့သဖြင့် ကလေးသည် မုန့်ဖိုးလိုချင်၍ဖြစ်မည်ဟုသာ လွယ်လွယ်မှတ်ချက်ချလိုက်ပြီး ဘောင်းဘီအိတ် ကပ်ထဲတွင် လိုရမယ်ရထည့်လာသည့်ပိုက်ဆံထဲမှ ထောင်တန်တစ်ရွက်ကို ကလေး အား ပေးလိုက်မိပါတော့သည်။ စောစောက ညှိုးငယ်နေသော ကလေး၏မျက်နှာ သည် အလွန်တရာ ဒေါသထွက်သွားသည့် ပုံစံသို့ပြောင်းသွားသည်ကို မြင်လိုက် ရသည့်အခါ ကျွန်တော့် လုပ်ရပ်မှားသွားသည်ကို သိလိုက်ပါသည်။ ကလေးသည် ပိုက်ဆံပေးနေသည့်ကျွန်တော့် လက်ကို စိတ်တိုစွာ ပုတ်ထုတ် လိုက်၏။ ထို့နောက်-

"ဘာတွေ လာပေးနေတာလဲ။ အဲဒါဖြေဆေးမှ မဟုတ်တာ။ ဖြေဆေး လိုချင်တာ. . . ဖြေဆေးပဲပေးပါ. . .။ မပါခဲ့ဘူးလား။ ပေးလေ. . . ပေး" ဟု စိတ်မရှည်စွာ ပြောလာပါတော့သည်။

"ဖြေဆေးမပါဘူး. . . ဦးဦးမှာ ဖြေဆေးမရှိဘူး"

ကျွန်တော် တုန်တုန်ယင်ယင် ပြောလိုက်သည့်အခါ ကလေးသည် ကျွန်တော့်အနီးသို့ တိုးကပ်၍ ကျွန်တော့်အား အားကုန်ဆောင့်တွန်းလိုက်ပြီး နေရာမှ ချာခနဲ လှည့်ထွက်သွားပါတော့သည်။

ဆောင့်တွန်းခံလိုက်ရသော ကျွန်တော်သည် ဟန်ချက်ပျက်ကာ လဲ့ကျမလို

mgyoe.com

mgyoe.com SAMPLE BOOK

ဖြစ်သွား၏။ စိတ်ထဲတွင် ကသိကအောင့်ဖြစ်သွားသည်မှာ မှန်သော်လည်း ထိုကလေးအား စိတ်ဝင်စားသည့်စိတ်က ပိုနေခဲ့သောကြောင့် ဒေါသဖြစ်ဖို့ သတိ မရအားပါ။ နောက်ဆုံးတွင်ကလေးသည် စိတ်ပိုင်းဆိုင်ရာ ချို့ယွင်းနေသူတစ်ယောက် ဖြစ်မည်ဟု ကျွန်တော့်ဘာသာ မှတ်ချက်ချလိုက်ရပါတော့သည်။ စိတ်ဒဏ်ရာ တစ်ခုခုကြောင့် ယခုလိုဖြစ်နေဟန်တူပါ၏။

ထို့ကြောင့် ကျွန်တော်သည် စိတ်မကောင်းစွာဖြင့် ထိုကလေး၏ ကျောပြင်အား ငေးကြည့်ရင်း အတွေးပေါင်းများစွာဖြင့် ကျန်ရစ်ခဲ့ရသည်။

ထိုကလေးကတော့ ကျွန်တော့်အား တစ်ချက်ကလေးမျှပင် လှည့်မကြည့်လာတော့ပဲ တရွေ့ရွေ့လျှောက်ကာ ထွက်သွားရင်း မြူနှင်းမှုန်များကြား တိုးဝှေ့ပျောက်ကွယ်သွားခဲ့ပါလေတော့သည်။

♦ ♦ ♦

mgyoe.com

mgyoe.com
SAMPLE BOOK

# အခန်း (၂)

ကျွန်တော် အိမ်ပြန်ရောက်သည့်အခါ ပတ်ဝန်းကျင်တွင် မြူနှင်းများ ကွဲစပြုနေပြီ ဖြစ်သည်။ သို့သော်လည်း အအေးဓာတ်မှာ သိသိသာသာ လျော့မသွားသေးပါ။ လမ်းမထက်တွင် ဆိုင်ကယ်များ တဝီဝီဖြင့် မြို့ကလေး၏ မနက်ခင်းသည် စတင်သက်ဝင်လှုပ်ရှားလာလေပြီ။

အစ်မဖြစ်သူသည် ကျွန်တော့်အတွက် မနက်စာကို အိမ်ရှေ့သံမံတလင်းပေါ်တွင် စားပွဲဝိုင်းချကာ အသေအချာ တည်ခင်းပြင်ဆင်ထားပေးသည်။ နေဆာလှုံရင်း မနက်စာ စားရန်ဖြစ်၏။ ကျွန်တော်ခြံထဲဝင်လာသည်ကို တွေ့သည့်အခါ အစ်မက ကော်ဖီဖျော်လေသည်။ ကျွန်တော်တို့သည် မောင်နှမ နှစ်ယောက်သာရှိပြီး အစ်မက ကျွန်တော့်ထက် ၈ နှစ်ကျော် ကြီးပါသည်။ ဦးလေးဖြစ်သူရှိရာ ယခုမြို့ကလေးတွင် ကျောင်းဆရာမအလုပ်ဖြင့် တာဝန်ကျသော အစ်မသည် လွန်ခဲ့သည့် ၅ နှစ်လောက်က မြို့ခံလူနှင့်ပင် အိမ်ထောင်ကျပြီး အဆင်ပြေပြေ ရှိလှသည်။ ကျွန်တော်သည်ကား အမေနှင့်အတူ ရန်ကုန်တွင်နေပါသည်။ အဖေသည် ကျွန်တော်တက္ကသိုလ် ဒုတိယနှစ်ကပင် ဆုံးသွားခဲ့လေသည်။

အစ်မတို့လင်မယားသည် ယခုချိန်ထိ သားသမီး မထွန်းကားသေးသည်မို့ လင်မယားနှစ်ယောက်တည်း အေးအေးလူလူ ရှိလှ၏။ အစ်မ၏ အမျိုးသားဖြစ်သူ ကိုလင်းက မြို့ထဲတွင် ကားဝပ်ရှော့ဆိုင်ဖွင့်ထားပါသည်။ ကျွန်တော် မနက်စာစားရန်

mgyoe.com

mgyoe.com SAMPLE BOOK
စားပွဲတွင် ဝင်ထိုင်လိုက်သည်။ အစ်မ ပြင်ထားပေးသော မနက်စာမှာ ရှမ်းခေါက်ဆွဲနှင့် နှမ်းခေါပုပ် ဖြစ်၏။ မပိုင်းဖြတ်ရသေးသော ကိတ်မုန့်တစ်လုံးလည်း စားပွဲပေါ်တွင် ရှိနေပါသည်။

"ကိုလင်းရော မမ မနိုးသေးဘူးလား။ အတူတူစားရအောင် ခေါ်လိုက်လေ"

"နိုးပြီးလို့ တောင်ကြီးတောင် သွားခဲ့ပြီ။ ဆိုင်အတွက် လိုအပ်တဲ့ပစ္စည်းတွေ သွားဝယ်တာတဲ့။ ညနေမှ ပြန်ရောက်လေ့မယ်။ တို့မောင်နှမနှစ်ယောက်ပဲ စားကြတာပေါ့"

"တောင်ကြီးကို သွားတာ အစောကြီးပဲကော. . . "

"ဒီအချိန်သွားမှ အတော်ပဲလေ။ အရမ်းနောက်ကျရင် ညမှောင်မှ ပြန်ရောက်မှာပေါ့။ မနက်စာကို ဒေသစာလေး လုပ်ထားပေးတယ်။ တခြားစားချင်တာရှိရင်လည်း မမကိုပြော အားမနာနဲ့။ ရောက်တုန်းရောက်ခိုက် ဒေသစာတွေ အကုန်စားသွားချည်။ ဒီမှာ မြို့ကကျဉ်းတော့ လည်စရာပတ်စရာတော့ သိပ်မရှိပါဘူး။ အချိန်ရရင်တော့ နင့်အစ်ကိုကို ဟိုက်ပါရေတံခွန် လိုက်ပို့ခိုင်းပေါ့"

"ဟိုက်ပါရေတံခွန်လား။ ကြားဖူးသလိုပဲ။ အဲဒီရေတံခွန်က ဒီဘက်မှာ ရှိတာလားဟင် မမ။ ဒီမြို့နဲ့ ဝေးသေးလား"

"သွားရင် တစ်နေ့ခရီးတော့ ရှိတာပေါ့။ သူက မိုင်းရှူးမြို့နယ်ထဲမှာ။ ရေတံခွန်ကတော့ အရမ်းကို လှတာ။ အဆင့်အဆင့်လိုက်ဖြစ်နေတာ။ စုစုပေါင်း ၁၁ ဆင့်ရှိတယ်။ ရေကလည်း သန့်တယ်။ အေးကြည်တာပဲ။ အရင်က သိပ်ပြီး လူသွားမများပေမဲ့ ခုဆို အပန်းဖြေလာကြတဲ့ခရီးသည်တွေ မပြတ်ဘူး"

"ဟုတ်လား။ သွားကြည့်ချင်လိုက်တာ မမရာ။ ဒါပေမဲ့ ကျွန်တော့် အလုပ်က ခွင့်တစ်ပတ်ပဲရတာ။ အချိန်ရမယ် မထင်ဘူး။ အခုတောင် ဘာလိုလိုနဲ့ နှစ်ရက်ကုန်သွားပြီ"

"မောင်လေးရယ်. . . နင်က လာလိုက်ရင် ကတိုက်ကရိုက်နဲ့။ ခွင့်ရက်ရှည်ယူလာတာ မဟုတ်ဘူး"

"မရဘူး။ တစ်ပတ်တောင် ကျွန်တော်တို့ ဘော့စ်ကို တော်တော်လေး ပြောထားရတာ။ ဘယ်မှမသွားရလဲ ဘာမှမဖြစ်ပါဘူး။ ဒီမြို့ကိုရောက်ရတာနဲ့ တင်ရပြီပဲဟာ။ ဒါနဲ့ ကျွန်တော့်ကို စော်ဘွားဟော်နန်းတော့ လိုက်ပို့ဦးနော်"

"စော်ဘွားဟော်နန်းက နီးနီးလေးပဲ အေးဆေးသွားလို့ ရပါတယ်"
mgyoe.com

mgyoe.com

"ဒီမှာနေလို့ကောင်းလိုက်တာ မမရယ်၊ ရာသီဥတုက ရှယ်ကို အေးတာနော်။ ရန်ကုန်မှာ ခေါက်သိမ်းထားတဲ့ ကျွန်တော့် အနွေးထည်တွေ ဒီရောက်မှပဲ အသုံးဝင်တော့တယ်"

"ဒီမှာက အဲလိုပဲ ၁၂ ရာသီကို အေးနေတာ။ တိုက်တဲ့လေတွေကလည်း လေအေးတွေ ရန်ကုန်လို လေပူတွေ မဟုတ်ဘူး။ ဒီကရာသီဥတုကြီးကို မမတော့ မကြိုက်ပါဘူး ။ ဆောင်းတွင်းဆို အသားအရမ်းပတ်တယ်ဟဲ့။ အလှဆီ မလိမ်းဘဲ တစ်ပတ်လောက်နေလိုက်ရင် လက်တွေဆို ပက်ကြားအက်ကုန်တာ ဖားတောင် ဝင်အောင်လို့ ရလောက်တဲ့ထိပဲ"

"ဟား. . . ဟား. . . မမကတော့လေ ပြောလိုက်မှဖြင့်"

"အဟုတ်ပဲ။ မမပြောတာ မယုံမရှိနဲ့ မောင်လေးက ရောက်ခါစမို့ မသိသာသေးတာ။ တစ်ပတ်လောက်နေကြည့်သိလေ့မယ်"

"ဒါပေမဲ့ ဒီကလူတွေ အကုန်လုံးတော့ အသားရည်တွေ လှကြပါတယ် မမရဲ့။ အကုန်လုံး အသားဖြူဖြူတွေချည်းပဲလေ"

"သူတို့က ရှမ်းတိုင်းရင်းသားတွေကိုဟဲ့။ ပြီးတော့ ဒီကလူငယ်တွေက ခေတ်မီတယ်လေ။ သူတို့က ရန်ကုန်လောက်ကို စိတ်မဝင်စားကြဘူး။ သူတို့တွေ အကုန်လုံးနီးပါး ထိုင်းနဲ့ အဆက်သွယ်ရှိကြတယ်။ သွားနေကြတာလည်းအိမ်ဦးနဲ့ ကြမ်းပြင်ပဲ။ ဒီကကောင်မလေးတွေ သုံးတဲ့အလှကုန်ပစ္စည်းတွေရော၊ အဝတ်စားတွေရော ယိုးဒယားကလာတဲ့ဟာတွေချည်းပဲ။ မောင်လေးသုံးတတ်ရင် လိုးရှင်းတို့၊ မျက်နှာလိမ်းတဲ့ဟာတို့ ဝယ်ချင်ရင် ဒီကဝယ်သွား။ ဒီမှာ ယိုးဒယားပစ္စည်းအစစ်တွေရတယ်။ ဈေးလည်း တန်တယ်"

မမက စကားပြောရင်း ကော်ဖီခွက်အား ကျွန်တော့်ရှေ့သို့ တိုးပေးသည်။

"ဒါနဲ့ ဒီမနက် လမ်းလျှောက်ထွက်တာ ဘယ်ထိရောက်ခဲ့လဲ"

"နောင်ခမ်းကန်ထိ"

"ဟယ်. . . အဝေးကြီး။ ဒါဆို ပေါ်ရာဏစေတီထိ ရောက်ခဲ့တယ်ပေါ့"

"အေးလေ။ ရောက်ခဲ့တယ်။ ကန်က ပြန်ဆယ်ထားတာ ထင်တယ်။ ကြာတွေ အများကြီးနော်။ သစ်သားတံတားငယ်လေးလည်း ထိုးထားသေးတယ်။ ညနေဆို သိပ်လှမှာပဲ"

"အင်း။ ညနေ နေဝင်ချိန်ဆို ကန်တစ်ဖက်ကမ်းကနေ မြို့ကို လှမ်းကြည့်ရင် အရမ်းလှတာ။ ညနေကျ တစ်ခေါက်ထပ်သွားလေ။ အိမ်မှာ ဆိုင်ကယ်လည်းရှိတာပဲ

mgyoe.com

mgyoe.com SAMPLE BOOK

ဆိုင်ကယ်နဲ့သွား။ လမ်းလျှောက်မသွားနဲ့ ဝေးလွန်းတယ်”

မမနှင့် စကားပြောနေရင်း ကျွန်တော်သည် စောစောက ကန်ဘောင်တွင် တွေ့ခဲ့ရသည့် ကောင်လေးအကြောင်း အတွေးဝင်လာပါတော့သည်။ ထိုကောင်လေး အကြောင်းအား မေးကြည့်ရန်လည်း စိတ်ကူးပေါက်လာပါ၏။ အစ်မသည် ယခု မြို့ကလေးတွင် အနေကြာသူဖြစ်ရာ ထိုကလေးအကြောင်းအား ကောင်းကောင်း သိလိမ့်မည်ဟု ကျွန်တော် ယုံကြည်ပါသည်။ ထို့ကြောင့် မေးကြည့်ရန် စကားစ လိုက်သည်။

“ဪ. . . မမ။ ဒါနဲ့လေ ကျွန်တော် အဲဒီကန်နားလေးမှာ ကလေး တစ်ယောက်ကို တွေ့ခဲ့တယ်။ အသက်က ၉ နှစ်၊ ၁၀ နှစ်လောက်ပဲ ရှိဦးမယ်။ အသားဖြူဖြူနဲ့ ကောင်လေးတစ်ယောက်။ ကျွန်တော့်ကိုတွေ့တော့ ဖြေဆေးပေးပါ ဆိုပြီး လာတောင်းတာ။ ဘယ်လိုကြီးလဲ မသိဘူး။ ဖြေဆေးပေးပါ ဆိုတဲ့စကားကြီးက ထူးဆန်းတယ်လို့ မထင်ဘူးလား။ အစကတော့ ကျွန်တော် ထင်တာ သူ့မိသားစုထဲက တစ်ယောက်ယောက်များ အဆိပ်မိတာတို့၊ ဘာတို့ တွေးလိုက်မိသေးတာ။ ဖြေဆေး ပေးပါဆိုပြီး လာတောင်းနေတဲ့ သူ့ပုံစံက အရေးကြီးနေတဲ့ပုံလည်း မပေါ်ဘူး။ သာမန်ပစ္စည်းတစ်ခုခုကို တောင်းနေသလိုပဲ။ သူ့တောင်းတာကြီးကလည်း သိပ်ကို ကြောင်တောင်တောင် နိုင်တာပဲ။ ပြီးတော့ သူ့ကို ရုတ်တရက်တွေ့လိုက်ရတာ ကျွန်တော့်မှာ သရဲတစ္ဆေမြင်ရသလိုကို လန့်သွားတာ။ သူ့မျက်နှာက သာမန် လူတွေရဲ့ မျက်နှာပေါက်မျိုး မဟုတ်ဘူး။ ဘယ်လိုပြောရမလဲ စိတ္တဇဆန်တယ်။ အေးစက်မာကျောတယ်။ ချိုင့်ဝင်နေတဲ့ သူ့မျက်လုံးတွေကို ကျွန်တော်အခုထိ မျက်လုံးထဲက မထွက်သေးဘူး။ ကလေးက ဦးနှောက် သိပ်မကောင်းဘူးထင်တယ် နော်။ ဒါမှမဟုတ် စိတ်ဝေဒနာသည်များလား”

“ဪ. . . ငါ့မောင်လေး အိုက်ထူးနဲ့ တွေ့ခဲ့တာထင်တယ်။ အင်း. . . ဦးနှောက်မကောင်းဘူး ဆိုတာထက် စိတ်ဝေဒနာသည်လို့ပြောရင် ပိုမှန်မှာပေါ့”

“အဲဒီကောင်လေးနာမည်က အိုက်ထူးတဲ့လား။ ပြောပြပါဦး သူက ဘယ်လို ဖြစ်တာလဲ ကျွန်တော်သိချင်လို့။ သူ့မျက်လုံးတွေကို ကြည့်ရတာ ကျွန်တော့် ရင်ထဲ မှာ ခံစားရတာတစ်မျိုးကြီးပဲ မမရယ်။ စိတ္တဇဆန်သလိုလိုပဲ။ တစ်ခုခုကို နက်နက်နဲနဲ တွေးနေတဲ့ ပုံစံမျိုးလည်း ပေါက်တယ်။ ကျွန်တော် သူ့ကို တွေ့ရပြီးကတည်းက ရင်ထဲမှာတစ်မျိုးကြီးဖြစ်လို့ ကျန်ခဲ့တယ်။ တစ်လမ်းလုံး သူ့အကြောင်း တွေးလာတာ”

“အဲဒါ မောင်လေးမှ မဟုတ်ဘူး။ သူနဲ့တွေ့ပြီးတဲ့သူတိုင်း အဲဒီလိုဖြစ်တာ။

mgyoe.com

mgyoe.com

အဲဒါ သူ့ဆီက ကူးစက်တတ်တဲ့ဓာတ်ပဲ။ အတွင်းထဲချိုင့်ဝင်နေတဲ့ သူ့မျက်လုံးတွေက လူတွေကို ညှို့တတ်တယ်လို့ မမ ထင်တယ်။ မမဆို သူနဲ့ စတွေ့ပြီး သုံးရက်လောက် အထိ သူ့အကြောင်းတွေးပြီး၊ ညညဆိုလည်း သူ့ကိုအိပ်မက်တွေ မက်နေတော့တာ။ အိပ်မက်ထဲမှာ မမဆီ ဖြေဆေးချည်း လာတောင်းနေတာပါဆို။ နောက်တစ်ခါ ထပ်တွေ့တော့ သိပ်မထူးဆန်းတော့ဘူး။ ဘာမှလည်း မခံစားရတော့ဘူး။ မမလည်း သူ့အကြောင်း သေသေချာချာ လုံးစေ့ပတ်စေ့တော့ မသိဘူး။ နည်းနည်းပါးပါးပဲ သိတာ။ မမ သိရသလောက်တော့ သူ့အကြောင်းက စိတ်ဝင်စားဖို့ အတော်ကောင်း တယ်လို့ ပြောရမယ်"

"ဟုတ်လား။ ဒါဆို မမ သိသလောက် ပြောပြပါလား"

"ခဏနေ အိမ်ကို မမမိတ်ဆွေ ဒေါ်ခမ်း ဆိုတဲ့တစ်ယောက်လာမှာ။ သူလာမှ သူ့ကို သေချာပြောပြခိုင်းပါလား။ ဒေါ်ခမ်းက သူနဲ့ ထဲထဲဝင်ဝင် ပတ်သက် ခဲ့ဖူးသူမို့ သူ့အကြောင်း အကုန်သိတယ်။ ဒေါ်ခမ်းကသဘော ကောင်းတယ်။ မောင်လေး သိချင်တာ အကုန်မေးလို့ရတယ်။ အားနာရမယ့်သူလည်း မဟုတ်ဘူး"

"မမကလည်း နည်းနည်းသိလည်း ပြောပြတာမဟုတ်ဘူး။ ဒေါ်ခမ်း လာတဲ့အထိ စောင့်ခိုင်းနေသေးတယ်။ ရတယ် မမ သိသလောက်ပဲ အရင်ပြောပြ။ ဒေါ်ခမ်းလာမှ ထပ်မေးမယ်လေ။ ကျွန်တော် ဘာဖြစ်တယ် မသိဘူး။ အဲဒီကောင်လေး အကြောင်းကို အရမ်းကို သိချင်နေတာ။ ဒေါ်ခမ်းလာတဲ့အထိ မစောင့်ချင်တော့ဘူး"

"မမက နည်းနည်းပါးပါးပဲ သိတာ။ သေသေချာချာ သိချင်ရင် လုံးစေ့ ပတ်စေ့သိတဲ့သူရဲ့စကားကို နားထောင်သင့်တယ်လို့ မမ ထင်တယ်"

အစ်မ ဖြစ်သူပြောသည်မှာ သဘာဝကျပါသည်။ ကျွန်တော်ကိုယ်တိုင် ထိုကောင်လေး၏အကြောင်းကို စိတ်ထဲကနေ လှိုက်လှိုက်လှဲလှဲ သိချင်နေသူ ဖြစ် သောကြောင့် အစ်မပြောသည့်အတိုင်း ဂဃနဏသိရဖို့ ဒေါ်ခမ်း အိမ်ကိုလာမည့် အချိန်ကိုသာ စောင့်ရပါတော့သည်။

❑

ကျွန်တော်သည် သာမန်အားဖြင့် ကျွန်တော်၏မိသားစုဝင်များမှလွဲ၍ တခြားမည်သူ့အကြောင်းကိုမှ စိတ်ဝင်စားတတ်သူ မဟုတ်ပါ။ လူတိုင်းသည် သူ့ဘဝ နဲ့သူ၊ ကိုယ့်ဘဝနှင့်ကိုယ် ရှင်သန်ဖြတ်သန်းနေကြသူများဖြစ်ရာ လူတိုင်းလူတိုင်းတွင် သူ့အကြောင်းအရာများနှင့်သူ ရှိကြပါလိမ့်မည်။ တစ်စုံတစ်ယောက်၏ အကြောင်း အား စိတ်ဝင်စားစပ်စုခြင်းသည် သက်သက်မဲ့ ကိုယ့်အချိန်အား ဖြုန်းတီးနေခြင်းသာ

mgyoe.com

mgyoe.com SAMPLE BOOK

ဖြစ်မည်ဟု ကျွန်တော် ခံယူထားပါသည်။

သို့သော်လည်း ယခုအခါတွင်မူ ကျွန်တော်သည် တွေ့ခဲ့ရသော ကောင်လေး၏အကြောင်းအား စိတ်ထဲကနေ လိုလိုလားလား သိချင်နေမိပါတော့သည်။ ထို့ကြောင့် ကျွန်တော်သည် တခြားသူအကြောင်းအရာများအား စိတ်မဝင်စားခြင်းနှင့် လုံးဝကင်းလွတ်သူ မဟုတ်သေးကြောင်း ကိုယ့်ကိုယ်ကို အံ့သြစွာ လက်ခံရပါတော့သည်။

ကျွန်တော်တို့ မောင်နှမနှစ်ယောက် မနက်စာ စား၍မပြီးခင်အချိန်မှာပင် ဒေါ်ခမ်းသည် ဆိုင်ကယ်နှင့် အိမ်သို့ရောက်လာခဲ့ပါလေသည်။ ရောက်ရောက်လာခြင်း အစ်မသည် ကျွန်တော့်အား ကတိုက်ကရိုက် မိတ်ဆက်ပေး၏။ ကျွန်တော်တို့သည် မနက်စာစားပွဲဝိုင်းတွင်သာ အတူတကွ ထိုင်ကြပါတော့သည်။

ဒေါ်ခမ်းသည် အသားဖြူဖြူ ပိန်ပိန်သွယ်သွယ်ဖြင့် အပြုံးချိုသူ ဖြစ်သည်။ အသက် ၅၀ ကျော်အရွယ်လောက်ရှိနေပြီ ဖြစ်သော်လည်း ၄၀ ကျော်ဟု ထင်ရလောက်အောင် အရွယ်တင်သည်။ မျက်နှာသည်သွယ်လျပြီး နဖူးမှာအနည်းငယ်ကျယ်သလိုရှိသည်။ ရှည်လျားသေးသွယ်သော နှာတံထိပ်မှ မျက်ခုံးနှစ်ခုသည် နက်မှောင်ကာ တစ်ခုနှင့်တစ်ခု ထိကပ်လုနီးနီး ဖြစ်နေသည်။ ရယ်လိုက်လျှင် ပါးချိုင့်ကလေးက ခွက်သွားသေး၏။ ယခုတိုင် ချောမောလှပနေသာ ရုပ်ရည်ရူပကာကို ကြည့်ခြင်းအားဖြင့် ငယ်စဉ်က အတော်လေး ချောမောခဲ့သူဖြစ်ကြောင်း ကျွန်တော် ရိပ်စားမိပါသည်။

ဒေါ်ခမ်းသည် ရှမ်းတိုင်းရင်းသူစစ်စစ်ဖြစ်သောကြောင့် စကားတော့ အတော်လေးဝဲပါသည်။ သို့သော်လည်း မြန်မာစကားကို လည်လည်ဝယ်ဝယ် ပြောတတ်သည်။ အစ်မဖြစ်သူ၏ ပြောပြချက်အရ အိမ်ထောင်မရှိသည့် အပျိုကြီးတစ်ဦးဖြစ်ကြောင်း၊ ရှမ်းခေါက်ဆွဲစက်ပိုင်ရှင် ဖြစ်သောကြောင့် စီးပွားရေး အတော်အသင့် အဆင်ပြေသူဖြစ်ကြောင်း၊ ထို့ပြင် အလှူတန်းရက်ရောပြီး ပရဟိတများစွာလုပ်ကြောင်း၊ အိမ်တွင် စွန့်ပစ်ခံကလေးငယ်များ မွေးစားထားသည်မှာ ၅ ယောက်ရှိကြောင်း၊ ချို့တဲ့သည့်ကိုယ်ဝန်ဆောင် မိခင်လောင်းများအား အားဆေးနှင့် မွေးစရိတ်များပါ နိုင်သလောက် ကူညီပေးလေ့ရှိကြောင်း၊ တခြားသူကို ကူညီတတ်လွန်းသောကြောင့် တစ်ရပ်ကွက်လုံး ဒေါ်ခမ်းကို ချစ်ကြကြောင်း စသဖြင့် သူ့အကြောင်းအား သိရသောကြောင့် ကျွန်တော်သည် ဒေါ်ခမ်းအား လေးစားရပါသည်။

ဒေါ်ခမ်းသည် တိုင်းရင်းသူဖြစ်သလို၊ အပျိုကြီးတစ်ဦးဖြစ်သောကြောင့်

mgyoe.com

mgyoe.com SAMPLE BOOK

ကျွန်တော့်အား စကားပြောရာတွင် ကျွန်တော်နှင့်သူသည် အသက်တစ်ဝက် လောက်ပင် ကွာလင့်ကစား သူ့ကိုယ်သူ ကျွန်မဟု သုံးနှုန်းတတ်သလို၊ ကျွန်တော့် အားလည်း ရှင် ဟူသော နာမ်စားဖြင့် သုံးနှုန်းတတ်သည်ကို ကျွန်တော် သတိပြု မိပါလေသည်။

ကျွန်တော်က ဒေါ်ခမ်းအား အိုက်ထူးလေးအကြောင်း မေးရန် စကားစ ရှာမရဖြစ်နေစဉ် အစ်မက စကားလမ်းကြောင်း ပေးပါသည်။

"အစ်မခမ်းရေ. . .။ ကျွန်မ မောင်လေးက အိုက်ထူးလေးအကြောင်း သိချင်လို့တဲ့။ ဒီမနက် လမ်းလျှောက်ထွက်တော့ ကန်ဘောင်မှာ အိုက်ထူးလေးကို တွေ့ခဲ့တယ်တဲ့လေ။ ကျွန်မလည်း ဒီအကြောင်း သေချာမသိတော့ အစ်မခမ်းပဲ ပြောပြလိုက်ပါဦး ကျွန်မမောင်လေးကို"

အစ်မစကားကြားသည့်အခါ ဒေါ်ခမ်းသည် မျက်နှာအနည်းငယ် ပျက် သွားပါသည်။ ထို့နောက်မှ သက်ပြင်းကို ခပ်တိုးတိုးချကာ ပြောလာသည်။

"ဒီအကြောင်းတွေကို မသိချင်ပါနဲ့လားရှင်။ အလကား. . .။ သာယာနာ ပျော်ဖွယ်မရှိတဲ့အကြောင်းတွေပါ။ ဘယ်သူမှ မသိတာပဲကောင်းသလို၊ သိထားတဲ့ ကျွန်မကိုယ်တိုင်ကလည်း မေ့ပစ်တာပဲ ကောင်းတယ်။ ကျွန်မဖြင့် ဒီအကြောင်း ပြောရင် ရင်တွေနာရလွန်းလို့ပါရှင်"

ဒေါ်ခမ်းကပြောရင်း ကော်ဖီခွက်မှ ပန်းပွင့်ပုံလေးများကို သူ့လက်မ ကလေးဖြင့် အသာလေးပွတ်သပ်၍ တွေဝေနေလေသည်။ ကျွန်တော်သည် သူများ မပြောပြချင်သည့်အကြောင်းအား မေးရမည်ဖြစ်သောကြောင့် အားနာလှပါ၏။ ကိုယ့်ကိုယ်ကိုလည်း ယောကျ်ားဖြစ်ပြီး စပ်စုမိလေခြင်းဆိုသည့်စိတ်ဖြင့် နောင်တရ မိပါသည်။ တစ်ဖက်လူ မပြောချင်သော အကြောင်းအရာကို မမေးတော့ပဲ ရှောင် ဖယ်ခြင်းသည် လူသားတစ်ဦးတွင်ရှိသင့်သော ကျင့်ဝတ်တစ်ခုပင် ဖြစ်ပါ၏။ ထို့ကြောင့် ယခုအကြောင်းအား ဆက်မမေးတော့ဟု ဆုံးဖြတ်လိုက်ပါသည်။

"အစ်မခမ်း ပြောပြဖို့ အဆင်မပြေရင်လည်း နေပါစေခင်ဗျာ။ ကျွန်တော် နားမထောင်တော့ပါဘူး။ ကျွန်တော့်ကြောင့် စိတ်အနှောင့်ယှက်ပေးသလို ဖြစ် သွားမိရင် တောင်းပန်ပါတယ်"

ဒေါ်ခမ်းသည် ကျွန်တော့်ထက် အသက်များစွာကြီးသူဖြစ်သော်လည်း နုပျိုနေသော သူ့မျက်ဝန်းနှင့်နှုတ်ခမ်းတို့က ဒေါ်ခမ်းဟု ခေါ်ဝေါ်သုံးနှုန်းဖို့ မစွမ်း သာပါ။ ထို့ပြင် သူကိုယ်တိုင်ကလည်း သူ့ကိုယ်သူ ကျွန်မဟု နာမ်စားသုံးသော

mgyoe.com

mgyoe.com SAMPLE BOOK

ကြောင့် ကျွန်တော်သည်လည်း အစ်မခေါ်သလို အစ်မခမ်းဟုသာ သုံးနှုန်း ခေါ်လိုက်ခြင်း ဖြစ်ပါသည်။ ကျွန်တော်၏ အခေါ်အဝေါ်ကြောင့် ဒေါ်ခမ်းလည်း စိတ်ကတိကအောင့်ဖြစ်လိမ့်မည် မထင်ပါ။

ကျွန်တော်တို့စကားဝိုင်းသည် တစ်မိနစ်လောက် တိတ်ဆိတ်သွားပါသည်။ အစ်မဖြစ်သူကလည်း ဘာမှမပြောတော့ပဲ သန့်ရှင်းနေသည့် စားပွဲခုံကို တစ်သျှူးဖြင့် အထပ်ထပ်သုတ်၍နေသည်။ ကျွန်တော်သည်လည်း တိတ်ဆိတ်သွားသောစကားဝိုင်းတွင် နေထိုင်ရခက်လာသည်နှင့် အေးစက်သွားပြီ ဖြစ်သောလက်ကျန်ကော်ဖီအား အကုန်မော့သောက်လိုက်ပါတော့သည်။

"ရှင် ပြန်ဖို့ ဘယ်နှရက်လောက် လိုသေးသလဲ"

ဒေါ်ခမ်းဆီက စကားသံထွက်လာသောကြောင့် ကျွန်တော်သည် ကော်ဖီခွက်ကိုပြန်ချပြီး ဒေါ်ခမ်းအား မော့ကြည့်လိုက်မိပါသည်။

"ဟို. . . နောက် ၃ ရက်လောက်နေရင် ပြန်မှာပါခင်ဗျာ။ ကျွန်တော့်အလုပ်က ခွင့်သိပ်မရလို့ပါ။ ရန်ကုန်ထိ ပြန်ရမှာဆိုတော့ အပြန်အတွက် အချိန်ကို ၂ ရက်လောက် ယူထားမှ အဆင်ပြေမှာပဲ"

ကျွန်တော်သည် မလိုအပ်ဘဲ စကားကို ပိုပြောလိုက်မိသည်ထင်ပါသည်။

"ဒါဆို ဒီကို ခဏခဏရောက်ဖို့ဆိုတာ ရှင့်အတွက် မလွယ်လောက်ဘူး"

"သေချာတာပေါ့ဗျာ။ အခုတောင် ၁၀ နှစ်လောက်ကြာပြီးမှ ဒီမြို့လေးကို ဒုတိယတစ်ခေါက် ရောက်လာခဲ့တာပါ"

"ရှင် အိုက်ထူးအကြောင်းကို တကယ်စိတ်ရင်းနဲ့ သိချင်တာလား၊ ဒါမှမဟုတ် သာမန်ကာလျှံကာမျိုးပဲ သိချင်တာလား"

"ကျွန်တော် တကယ်သိချင်တာပါ။ အဲဒီကောင်လေးနဲ့ တွေ့ပြီးကတည်းက ကျွန်တော့်စိတ်တွေ အကုန်လုံး သူကလေးဆီ ရောက်နေရတယ် ဆိုတာ ကျွန်တော် အပိုတွေပြောတာ မဟုတ်ပါဘူးခင်ဗျာ။ ကျွန်တော့်အတွက် သူ့မျက်ဝန်းတွေဟာ တခြားသူနဲ့မတူဘဲ ထူးဆန်းနေတယ်။ ပြီးတော့ သူ ဘာကြောင့် ဖြေဆေးကို တောင်းတာလဲ။ သူလိုချင်တဲ့ ဖြေဆေးက ဘာလဲ ကျွန်တော် သိပ်သိချင်မိတယ်။ ပြီးတော့ ကျွန်တော်သူ့ကို တစ်ခုခု ကူညီနိုင်မလားပေါ့"

"ရှင် သူ့ကို မကူညီနိုင်ပါဘူး။ ရှင်မှ မဟုတ်ဘူး။ ဘယ်သူမှ သူ့ကို မကူညီနိုင်ဘူးရှင်။ သူသေမှပဲ ဒီဝဋ်က ကျွတ်မှာပါ. . ."

ဒေါ်ခမ်းသည် ကျွန်တော့်ကို ပြောနေရင်းမှပင် သူ့ကိုယ်သူ ရေရွတ်

mgyoe.com

mgyoe.com
SAMPLE BOOK

လိုက်သလိုလည်း ဖြစ်နေပါသည်။

"ကျွန်တော် သာမန်ကာလျှံကာ သိချင်တာမျိုး မဟုတ်တာတော့ သေချာပါတယ်။ ကျွန်တော်ကလည်း သူများအကြောင်း စိတ်ဝင်စားတတ်သူ မဟုတ်ပါဘူး ခင်ဗျာ။ အခုက သိချင်လွန်းလို့သာ မေးရတာပါ။ ဒါပေမဲ့ အစ်မခမ်း ပြောပြလို့ အဆင်မပြေဘူး ဆိုရင်တော့ ကျွန်တော် အတင်းမမေးလိုပါဘူး။ ဒီလိုပဲ ကျွန်တော့်ရဲ့ သိချင်စိတ်ကို မျိုသိပ်လိုက်ရမှာပေါ့။ သူများမပြောချင်တဲ့ အကြောင်းအရာတွေကို အတင်းမမေးသင့်တဲ့ ကျင့်ဝတ်က လူတိုင်းမှာ ရှိသင့်တယ်လို့ ကျွန်တော်ထင်တယ်"

"ဆောရီးပါရှင်. . .။ ကျွန်မလည်း ရုတ်တရက်ဆိုတော့ ပြောမပြချင်ဘူး ဖြစ်သွားတာ။ ဘာဖြစ်လို့လဲဆို ဒီအကြောင်းတွေ ပြန်ပြောတိုင်း ကျွန်မရင်ကို တူးဆွနေသလို ခံစားရလို့ပါ။ ဒါပေမဲ့ တကယ်တော့ ကျွန်မ ဒီအကြောင်းတွေကို တစ်ယောက်စုံတစ်ယောက် အိတ်သွန်ဖာမှောက်ပြောပြဖို့ လိုတယ်လို့ ကျွန်မ ထင်တယ်။ ကျွန်မစိတ်ထဲမှာလည်း နည်းနည်းလောက်များ ပေါ့ပါးသွားမလား လို့ပေါ့။

ဒါကြောင့် အိုက်ထူးအကြောင်းကို ရှင့်ကို ကျွန်မ ပြောပြပါမယ်။ ဒါပေမဲ့ ကျွန်မ တစ်ထိုင်တည်းအပြီးတော့ ပြောပြလို့ အဆင်မပြေဘူးရှင့်။ ဘာလို့ဆို ကျွန်မမှာလည်း အလုပ်ရှိသေးသလို၊ ဒီအကြောင်းတွေကို တစ်ထိုင်တည်း ပြောပြဖို့ အတွက်လည်း ကျွန်မ အဆင်သင့် မဖြစ်သေးဘူး။ ရှင် မပြန်ခင်တော့ အကုန်လုံး ပြောပြနိုင်ပါတယ်။

ပြီးတော့ ဒီအကြောင်းကို နားမထောင်ခင် အရေးကြီးတာတွေကို ကျွန်မ ကြိုတင်မှာထားပါရစေ။ ပထမအချက်က ဒီအကြောင်းအရာတွေကို ဂဃနဏ သိဖို့ဆိုရင် ရှင် စိတ်ရှည်ရှည်နဲ့ နားထောင်ဖို့လည်း လိုတယ်။ နောက်တစ်ချက်က ကျွန်မပြောပြမယ့် အကြောင်းအရာတွေဟာ ယုတ္တိပိုင်း အားနည်းရင်လည်း နည်း နေလိမ့်မယ်။ ယုံကြည်တာ မယုံကြည်တာတော့ နားထောင်သူအပေါ် မှာပဲ မူတည် တာပေါ့။ ဒါပေမဲ့ ဒါဟာ ကျွန်မ ကိုယ်တိုင် ကြုံတွေ့ခဲ့ရတဲ့ ဖြစ်ရပ်မှန် ဇာတ်လမ်း တစ်ပုဒ်ပဲဆိုတာ သိထားဖို့တော့လိုမယ်"

"ဟုတ်ကဲ့ခင်ဗျာ. . .။ အခုလို ပြောပြမယ်ဆိုတော့ ကျွန်တော်ဝမ်းသာ လှပါပြီ။ အစ်မခမ်း အဆင်ပြေသလို ပြောပြပါနော်။ ကျွန်တော်ဒီအကြောင်းအရာကို စိတ်ရှည်ရှည် နားထောင်ဖို့ အဆင်သင့်ပါပဲ"

ကျွန်တော်တို့နှစ်ယောက် အဆင်ပြေသွားသည့်အခါ အစ်မက နေရာမှ

mgyoe.com

mgyoe.com SAMPLE BOOK

ထ၍ ရေနွေးဓာတ်ဘူးအား လှမ်းယူရင်း ပြောလေသည်။

"ကဲ. . . ဒါဆို။ ကျွန်မ ရေနွေးကြမ်းတစ်အိုးလောက် တည်လိုက်ဦးမယ်။ စကားပြောရင်း စားရအောင် တို့ဟူးခေါက်ပါ ကြော်လိုက်မယ်။ ပြောကြဦးနော်"

အစ်မက ပြောပြောဆိုဆို အိမ်ထဲပြန်ဝင်သွားခဲ့သည်။ စားပွဲဝိုင်းတွင် ဒေါ်ခမ်းနှင့် ကျွန်တော် နှစ်ယောက်သာ ကျန်ရစ်ခဲ့၏။

ပတ်ဝန်းကျင်တွင် နှင်းများ လုံးလုံးလျားလျား ကွဲသွားခဲ့ပြီဖြစ်သော်လည်း အအေးဓာတ်ကတော့ ကျန်ရစ်နေဆဲပင်။ ဒေါ်ခမ်းသည် လက်ထဲက ကော်ဖီခွက်လေးကို လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်ရင်း ကော်ဖီခွက်ပေါ်မှ အလှဖော်ထားသော ရွှေရောင်ပန်းခက်များအား စိုက်ကြည့်ကာ အိုက်ထူးလေး၏ ဖြစ်ရပ်မှန်ဇာတ်ကြောင်းအား ပြောပြပါလေတော့သည်။

♦♦♦

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း (၃)

ကျွန်မ ငယ်ငယ်ကတည်းက ကျွန်မအနားတွင် မုဒြာမြိုင် ဆိုသည့် ကောင်မလေးတစ်ယောက် ရှိနေခဲ့ပါသည်။ မြိုင်နှင့်ကျွန်မသည် ဘယ်အရွယ်ကတည်းက စတင်သိကျွမ်းရင်းနှီးခဲ့သည်ကို ကျွန်မ မမှတ်မိပါ။ ကျွန်မ လူမှန်းသိတတ်စ အရွယ်ကတည်းက မြိုင်သည် ကျွန်မအနီးတွင် အရင်းနှီးဆုံး သူငယ်ချင်းတစ်ယောက်အဖြစ်ရှိနေခဲ့ခြင်း ဖြစ်ပါသည်။

မြိုင်နှင့် ကျွန်မသည် အသက်တစ်လမျှသာ ကွာပါသည်။ မြိုင်က ကျွန်မထက် တစ်လကြီးပါ၏။ သို့သော်လည်း မြိုင်သည် အမြဲမြဲလိုလို ကျွန်မအပေါ်တွင် အငယ်တစ်ယောက်လို ဆိုးနွဲ့တတ်သူ ဖြစ်ပါသည်။

မြိုင့်အကြောင်းအား မပြောပြခင် ကျွန်မအကြောင်းအား အနည်းငယ်ပြောပြလိုပါသည်။ ကျွန်မတွင် မောင်နှမသုံးယောက်ရှိပြီး ကျွန်မက အလတ်ဖြစ်ပါသည်။ ကျွန်မအထက်တွင် ကျွန်မထက် ၃ နှစ်ကြီးသော အစ်မတစ်ဦး ရှိပြီး ကျွန်မအောက်တွင်မူ ကျွန်မထက် ၄ နှစ်ကျော်၊ ၅ နှစ်နီးပါးငယ်သော မောင်လေးတစ်ဦးရှိပါသည်။ ဖေဖေနှင့်မေမေတွင် ဖေဖေသည် ဓနုတိုင်းရင်းသားဖြစ်ပြီး၊ မေမေသည် ရှမ်းတိုင်းရင်းသူစစ်စစ်ဖြစ်၏။ မေမေက ရှမ်းတိုင်းရင်းသူ စစ်စစ်ဖြစ်သည့်အပြင် ကျွန်မတို့ နေထိုင်ကြီးပြင်းရသော မြို့လေးသည်လည်း ရှမ်းတိုင်းရင်းသားများ အများစု နေထိုင်ကြသည်ဖြစ်ရာ ကျွန်မတို့သည်လည်း ရှမ်းတိုင်း

mgyoe.com

mgyoe.com SAMPLE BOOK

ရင်းသားလုံးလုံး ဖြစ်ကြရပါတော့သည်။

ကျွန်မတို့မိသားစု၏ အိမ်သုံးစကားသည် ရှမ်းဘာသာစကားပင် ဖြစ်ပါ၏။ ဖေဖေသည်လည်း မေမေထံမှ ရှမ်းစကားအား တစ်ခွန်းစ၊ နှစ်ခွန်းစ သင်ယူရင်းမှ သည် ရှမ်းတိုင်းရင်းသားတစ်ဦးလို ရှမ်းစကားကို လည်လည်ဝယ်ဝယ် ပြောတတ်ခဲ့ပါသည်။

ကျွန်မတို့ မောင်နှမတွင် အစ်မကြီး၏အမည်မှာ နန်းခမ်းလျံဖြစ်ပြီး၊ ကျွန်မအမည်မှာ နန်းခမ်းရှန်ဖြစ်ကာ မောင်လေးမှာ စိုင်းလော့ထွေး ဖြစ်ပါသည်။ ကျွန်မ၏ မောင်လေးနှင့် အစ်မဖြစ်သူမှာ မြန်မာစကားကို လည်ဝယ်စွာ သိပ်မပြောတတ်ကြပါ။ အိမ်မှာလည်း ရှမ်းဘာသာစကားကိုသာ အများဆုံး ပြောသည့်အပြင်၊ ပတ်ဝန်းကျင်က အပေါင်းသင်းများသည်လည်း ရှမ်းဘာသာစကားများသာ ပြောတတ်ကြသောကြောင့် ပြောလေ့ပြောထမရှိသည့် မြန်မာစကားကို လည်လည်ဝယ်ဝယ် မပြောတတ်သည်မှာ အပြစ်ဆိုဖွယ် ရှိလိမ့်မည်မထင်ပါ။ အိမ်မှာဆိုပါက ဖေဖေပြီးလျှင် ကျွန်မက မြန်မာစကား လည်ဝယ်စွာ ပြောတတ်သူဖြစ်ပါသည်။ ထိုသို့ ပြောတတ်ခြင်းသည်လည်း ကျွန်မ၏သူငယ်ချင်း မုဒြာမြိုင်ကြောင့်ပင် ဖြစ်ပါသည်။

မြိုင်တို့မိသားစုသည် ကျွန်မ လူမှန်းသိတတ်စ အရွယ်ကတည်းက ကျွန်မတို့အိမ်ဘေးခြံတွင် ရှိနေကြပြီး ဘယ်အချိန်ကတည်းက သည်မြို့ကလေးကို ရောက်ရှိနေခဲ့ကြသည်ကိုတော့ ကျွန်မ မသိပါ။

မြိုင်၏ အမေနှင့်အဖေတို့၏ဇာတိသည် ဧရာဝတီတိုင်း ပုသိမ်ဘက်က ဖြစ်ကြောင်းကိုတော့ မြိုင် ပြောပြ၍ ကျွန်မ သိထားပါသည်။ မြိုင်တို့မိသားစုသည် ကျွန်မတို့ မိသားစုထက်များစွာ စီးပွားရေးအဆင်ပြေသည့် မိသားစုဖြစ်ပါသည်။ အခြွေရံအပေါင်းသင်းများစွာဖြင့် နေထိုင်ပြီး ကျယ်ဝန်းလှသော ခြံကြီးထဲတွင် စပါးစက်ကြီးနှင့် ဆီကြိတ်ဆုံကြီး ထောင်ထားသည်။ နေ့စဉ် အိမ်က အလုပ်သမားများ၊ ဆီလာကြိတ်သူများ၊ စပါး လာရောင်းသူများ၊ စပါး လာကြိတ်သူများ၊ ဆန်လာဝယ်သူများဖြင့် ကြိတ်ကြိတ်တိုး စည်ကားနေလေ့ရှိ သည်။ စပါးစက်သည်လည်း တဒုတ်ဒုတ်ဖြင့် အချိန်မှန် လည်ပတ်နေတတ်ပါ၏။

ကျွန်မတို့ ဖေဖေကတော့ မူလတန်းပြကျောင်းဆရာတစ်ဦး ဖြစ်သည်နှင့် အညီ ဝင်ငွေမကောင်းလှပါ။ မေမေသည် မောင်လေးကို မွေးပြီးကတည်းက ကျန်းမာရေးကောင်းလှသူ မဟုတ်သည်မို့ အသက်အရွယ်မကြီးလှသေးသော်လည်း

mgyoe.com

mgyoe.com
SAMPLE BOOK

အလုပ် မလုပ်နိုင်ပါ။ တစ်နေ့တစ်နေ့ အိမ်မှုကိစ္စလုပ်ရင်းသာ အချိန်ကုန်ရပါသည်။ အိမ်တစ်အိမ်၏ စီးပွားရေးသည် အိမ်ထောင်ဦးစီး ဖြစ်သူထံမှ လည်ပတ်စီးဆင်းရသည်ဖြစ်ရာ ကျွန်မတို့မိသားစုသည်လည်း ဖေဖေ့ဝင်ငွေဖြင့်သာ ရပ်တည်ရပါသည်။ ဖေဖေ့လစာဖြင့် မေမေသည် မည်သို့ပင် စစ်စီစွာသုံးစွဲသည်ဖြစ်စေ မိသားစု ၅ ယောက် စရိတ်ကို လောက်ငှအောင် မဖြေရှင်းနိုင်ခဲ့ပါ။

ကျွန်မတို့နှင့် ဘေးကပ်လျက်ခြံတွင်ရှိသော မြိုင်တို့အိမ်ကလေးတွင် စပါးရွှေဝါတောင်လိုပုံပြီး ဆီကိုရေချိုး၍ ရလောက်အောင် ပေါများနေသော်လည်း ကျွန်မတို့မိသားစုမှာတော့ အငတ်ငတ်အပြတ်ပြတ်ပင် ဖြစ်ပါသည်။ တစ်ခါတလေ တချို့သော လကုန်ခါနီးရက်များဆိုပါမူ ဟင်းမပါဘဲ စားရသည့်နေ့များလည်း ရှိပါသေး၏။

မြိုင်သည် တစ်ဦးတည်းသောသမီး ဖြစ်လင့်ကစား မြိုင်၏ မိဘတို့သည် စီးပွားရေးသမားများဖြစ်သည်နှင့်အညီ မြိုင့်ကို ဂရုမစိုက်အားကြပါ။ မြိုင့်ဖေဖေသည် အမြဲလိုလို ခရီးထွက်နေတတ်ပြီး မြိုင့်မေမေက ဆန်စက်အလုပ်သမားများကို စီမံခန့်ခွဲနေရင်း မအားလပ်တတ်ပေ။ မြိုင့်ကိုလည်း မည်သည့်အခါမျှ တီတီတာတာ မရှိလှပါ။ အမြဲလိုလို အိမ်တွင်ထမင်းလာချက်ပေးသည့် အဒေါ်ကြီးဖြင့် လွှတ်ထားတတ်သည်။ မြိုင်၏အဝတ်စား လျှော်ဖွတ်ခြင်း၊ ထမင်းခူးခပ်ပေးခြင်း၊ ကျောင်းပို့ခြင်းကို စသဖြင့် မြိုင်၏ ကိစ္စအဝဝကို ထမင်းချက်အဒေါ်ကြီး (ကျွန်မတို့အခေါ် ကြီးမြ) က လိုလေသေးမရှိအောင် အကုန်လုပ်ပေးတတ်ပါသည်။

တစ်ခါတလေ မြိုင်က ကလေးပီပီ မိခင်ဖြစ်သူဆီ ကပ်ချွဲသည့်အချိန်များတွင်လည်း မြိုင်၏မေမေသည် ကြီးမြကို ကလေးနှင့် မကစားပေးရကောင်းလားဟု မာန်မဲကာ ဆူငေါက်တတ်ပါသေး၏။ မြိုင့်ကိုလည်း သူအလုပ်လုပ်သည့် စပါးစက်ဆီသို့ လာသည်ကို မကြိုက်တတ်ပေ။ အိမ်ပေါ်မှာ သွားဆော့နေဟုသာ အမြဲလိုလို နှင်လွှတ်တတ်၏။ ထို့ကြောင့် မြိုင်သည် အရာရာပြည့်စုံကုံလုံနေသော်လည်း မေတ္တာငတ်နေသူကလေးပင် ဖြစ်ပါတော့သည်။

ထိုသို့ မေတ္တာငတ်နေသောကြောင့်ပင် မြိုင်သည် ငယ်စဉ်ကတည်းက ကျွန်မအား ပိုမိုတွယ်တာခဲ့သည်ဟု ကျွန်မ ထင်ပါသည်။ အမှန်တိုင်းဝန်ခံရလျှင် ကျွန်မသည်လည်း မြိုင်ကို ကိုယ့်မိသားစုရင်းချာကဲ့သို့ တွယ်တာရပါ၏။

ကျွန်မတို့မြို့ကလေးတွင် အထက်တန်းကျောင်းကြီးတစ်ကျောင်းသာ ရှိသောကြောင့် ကျွန်မနှင့် မြိုင်သည် ကျောင်းတက်တော့လည်းအတူတူ တက်ရပါ

mgyoe.com

mgyoe.com SAMPLE BOOK

သည်။ ကျောင်းမှာဆိုလျှင်လည်း တစ်ခုံတည်း အတူတူထိုင်ကြ၏။ ထို့ကြောင့် ကျွန်မနှင့် မြိုင်သည် ကျောင်းမှာဖြစ်ဖြစ် အိမ်မှာဖြစ်ဖြစ် တပူးတွဲတွဲသာ ရှိနေပါတော့သည်။ မြိုင့်မေမေကိုယ်တိုင်ကလည်း မြိုင့်ကို ကျွန်မနှင့်အတူရှိနေပါက စိတ်ချလက်ချ ရှိတတ်သည်။ ကျွန်မအိမ်ကို မြိုင် အလည်ရောက်နေလျှင် တစ်နေကုန် တစ်နေခန်း အိမ်မပြန်လည်း မြိုင့်မေမေက စိတ်ချသည်ပင်။ မြိုင်ကိုယ်တိုင်ကလည်း မိသားစု သိုက်သိုက်ဝန်းဝန်းရှိသော ကျွန်မတို့၏ တဲသာသာအိမ်ကလေးတွင် အလွန်ပျော်မွေ့သူ ဖြစ်ပါသည်။

မြိုင်နှင့် ကျွန်မတို့အိမ်ကလေးကို ကွန်ကရစ်တိုင်ထောင်ကာ သံဇကာကွက်များဖြင့်ကာထားသည့် ခြံစည်းရိုးတစ်ခုက ခြားထားပါသည်။ ခြံစည်းရိုး၏ တစ်နေရာတွင် နှစ်ကာလကြာမြင့်နေသော သံဇကာကွက်မှာ ဆွေးမြည့်ပြီး ပြတ်ကျနေသည့်နေရာတစ်ခု ရှိပါသည်။ ထိုနေရာလေးမှသည် မြိုင်နှင့် ကျွန်မသည် တစ်အိမ်နှင့်တစ်အိမ် ကူးလူးသွားလာလေ့ ရှိပါသည်။

ကျွန်မအိမ်မှာ ဆော့ရတာပျင်းလာလျှင် မြိုင်အိမ်ဘက် ကူးလိုက်၊ မြိုင်အိမ်မှာ ဆော့ရတာကြာလာလျှင် ကျွန်မအိမ်ဘက်ကူးလိုက်ဖြင့် မြိုင်နှင့် ကျွန်မသည် ထိုစည်းရိုးကလေးမှ တစ်နေ့ ဆယ်ခါလောက် ကူးလူးသွားလာနေ တတ်ပါသေးသည်။ ကျွန်မ၏ အစ်မကတော့ အဆော့သန်ပြီး အစားပုပ်သော မြိုင့်ကို သိပ်ကြည့်မရပါ။ ထို့ကြောင့် အစ်မသည် ကျွန်မတို့နှင့် အရွယ် သိပ်မကွာသော်လည်း ကျွန်မတို့နှင့် သိပ်ကစားလေ့ မရှိပါ။ ကျွန်မနှင့် မြိုင်ကတော့ အမြဲလိုလို တပူးတွဲတွဲပါပင်။

မြိုင်သည် မနက်မိုးလင်းပြီ ဆိုသည်နှင့် ကျွန်မတို့အိမ်ဘက်သို့ ကူးလာတတ်သည်။ လာလျှင်လည်း အသံပြဲကြီးဖြင့် ကျွန်မကို မတွေ့မချင်း အော်ခေါ်နေတတ်ပါ၏။ တစ်နေကုန်တစ်နေ့ခန်း ကျွန်မနှင့်အတူ အိုးပုပ်တန်း၊ ဈေးရောင်းတမ်း၊ ဇယ်ခုပ်တန်း၊ ကြိုးခုန်တမ်း စသည့်ဖြင့် ကစားနည်းမျိုးစုံအောင် ဆော့ကြသည်။ ကျွန်မအိမ်မှာ ဆော့လို့ပျင်းလာပြီဆိုပါက မြိုင်တို့အိမ်ဘက်သို့ ကူးကာ မြိုင့်မေမေ မသိခင် နှစ်ဦးသားသည် စပါးခွံပုံဘေးတွင် ဆော့ကြပြန်ပါသည်။

မြိုင်တို့အိမ် စပါးစက်ဘေးက စပါးခွံပုံကြီးသည် တောင်ကြီးသဖွယ် အကြီးကြီးဖြစ်၏။ မြိုင်နှင့်ကျွန်မသည် ထိုစပါးခွံပုံပေါ် တက်လိုက်၊ လူးလှိမ့်ကာ အိပ်လိုက်ဖြင့် ကစားတတ်ကြသည်။ တစ်ခါတလေ စပါးခွံများအား အိတ်ကလေးများဖြင့်သယ်ကာ မြိုင်တို့အိမ်နောက်ဘေးတွင်ရှိသော ရေချောင်းထဲတွင် ပက်ကျဲ၍ ရေမှာမျှောတတ်ပါသည်။ စပါးခွံများ ရေပေါ်မှာ ဖွေးခနဲပေါ်ကာ မျှောသွားတာ

mgyoe.com

mgyoe.com SAMPLE BOOK

ကြည့်ရသည်ကို ကျွန်မနှင့် မြိုင် အလွန်သဘောကျပါ၏။ စပါးခွဲမှ အမွှေးများကြောင့် ယားသည့်အခါမှာတော့ မြိုင့်ကို ကြီးမြက အသာတကြည်ပင် ရေချိုးကာ အဝတ်အစား လဲပေးတတ်သော်လည်း ကျွန်မကတော့ မေမေ ရိုက်သည်ကို အမြဲခံရတတ်ပါသည်။

"အဲဒီစပါးမွှေးက ယားတယ်ဆိုတာ နင် မသိဘူးလား။ မဆော့နဲ့ဆို အမြဲသွားဆော့တယ်နင်။ ငါအမြဲပြောတယ်။ နင်မမှတ်ထားဘူးကော. . .။ နင့်ခေါင်းထဲ ဦးနှောက်မရှိဘဲ ချီးတွေပြည့်နေတာလားနင်. . . ဟင်း။ ဆော့ဦးမလားနောက်တစ်ခါ. . ."

"အီး. . . ဟီး. . . မဆော့တော့ပါဘူး မေမေရဲ့. . .။ ကြောက်ပါပြီ"

"နောက်တစ်ခါ စပါးခွဲသွားဆော့ပြီး ယားလာကြည့် အသေရိုက်သတ်မှာ နင့်ကို"

မေမေသည် ကျွန်မကို ဆူငေါက်၍ မှတ်လောက်သားလောက်အောင် ရိုက်ပြီးမှသာ ရေချိုးပေးလေ့ရှိသည်။ ရေချိုးပြီးပါက စပါးခွဲအမွှေးများကြောင့် နီရဲနေသော ခန္ဓာကိုယ်က ယားဖုများကို မောင်လေးအတွက် ဝယ်ထားသည့် ကလေးပေါင်ဒါမှုန့်များဖြင့် ကျွန်မတစ်ကိုယ်လည်း နေရာအနှံ့ လိမ်းပေးတတ်ပါသည်။

ကျွန်မ အရိုက်ခံရသည်ကို သိသည့်အခါ မြိုင်သည် မျက်တောင်ကလေး ပုတ်ခတ်ပုတ်ခပ်ဖြင့် စိတ်မကောင်းသလိုလုပ်ပြီး ဝမ်းနည်းနေတတ်သည်။ မေမေ အရိုက်ခံရပြီး ၂ ရက်လောက်ထိတော့ ကျွန်မတို့စပါးခွဲပုံမှာ သွားမဆော့ဘဲ နေဖြစ်ကြပါသည်။ နောက်ရက်များတွင်တော့ ထုံးစံအတိုင်း စပါးခွဲပုံမှာဆော့မြဲသာ ဖြစ်ပါ၏။ ဆော့တိုင်းလည်း ကျွန်မသည် မေမေ ရိုက်သည်ကို ခံရတတ်ပါသည်။

ကျွန်မ ဖေဖေကတော့ ကျွန်မကို တစ်ခါမှ မရိုက်ဖူးပါ။ တစ်အိမ်လုံးမှာ အစွာဆုံး၊ အဆော့ဆုံးဖြစ်သည့် ကျွန်မကို ဖေဖေက မောင်လေးနှင့် အစ်မထက် အချစ်ပိုပါသည်။ ဖေဖေသည် ကျွန်မကို အမြဲတမ်း မီးမီးချောဟုသာ ခေါ်တတ်သည်ကို ကျွန်မ မှတ်မိနေပါသေး၏။

တစ်ခါတလေ မြိုင်သည် သူ့အိမ်က ဆီပြန်အသားဟင်းများကိုမေ့ကာ မေမေချက်သည့် ထမင်းကြမ်းနှင့် ရေလုံပြုတ်ဟင်းကို မက်မက်မောမော စားတတ်ပါသေးသည်။ အတိုင်းတာနှင့် စားသောက်ရသော ကျွန်မတို့မိသားစုတွင် မေမေသည် နေ့ခင်းစာကိုမူ မြိုင့်အတွက်ပါ ချက်ရစမြဲဖြစ်သည်။

mgyoe.com

mgyoe.com SAMPLE BOOK

မြိုင်က မေမေ ချက်သည့် ကြက်သွန်ဖူးကြော်ကို အလွန်ကြိုက်သည်ကို ကျွန်မ မှတ်မိပါသေးသည်။ ကျွန်မတို့မြို့၏အစွန်းဘက်တွင်ရှိသော စိုက်ခင်းများတွင် ဆောင်းအကုန် နွေအကူး နွေဦးရာသီ၌ ကြက်သွန်ဖြူခင်းများ တမျှော်တခေါ် စိုက်ပျိုးတတ်သည်။ ကြက်သွန်ဖြူပင်များသည် ဥဆင်းစ အချိန်များတွင် ဂျုံမြစ်ဖူးလေးများလို အဖူးတွေ ထွက်လာတတ်သည်။ ထိုအဖူးများကို ခူးပေးနိုင်ပါက ကြက်သွန်ဖြူအပင်၏ အားတို့သည် ဥဆီသို့ စုဆင်းသွားပြီး ကြက်သွန်ဖြူဥများ ကြီးကာ အထွက်တိုးတတ်၏။ ထို့ကြောင့် ကြက်သွန်ဖြူခင်းပိုင်ရှင်များသည် ကြက်သွန်ဖူးများကို မည်သူ့ကိုမဆို ရက်ရက်ရောရော ခူးခိုင်းတတ်ကြသည်။

ဟင်းချက်စရာပေါများသည့် သူဌေးအိမ်များတွင် ကြက်သွန်ဖူးများကို ဟင်းအဖြစ် မလုပ်စားကြသော်လည်း ကျွန်မတို့မိသားစုကတော့ ပဲပုတ်နှင့် ရောကြော်၍တစ်မျိုး၊ ငရုတ်သီးစိမ်းနှင့် စပ်စပ်ကြော်၍တစ်ဖုံဖြင့် မရိုးနိုင်အောင် ချက်စားတတ်ကြသည်။ တစ်ခါတလေတွင်လည်း အချဉ်ဟင်းထဲတွင် ကြက်သွန်ဖူးလေးများ ပိုင်းဖြတ်ထည့်ပြီး စားတတ်၏။ ကြက်သွန်ဖူးများမှာ ချိုမွှေးပြီး စားကောင်းလှသည်ပင်။ ထိုကြက်သွန်ဖူးဟင်းဆိုပါက မြိုင့်အကြိုက် ဖြစ်ပါသည်။

ကျွန်မနှင့် မြိုင်၏ ငယ်ဘဝအမှတ်တရများအား ပြန်ပြောပြရပါမူ မိုးရာသီ အမှတ်တရများကိုလည်း ချန်ထားခဲ့၍ မဖြစ်ပါပေ။ မိုးရာသီသည် ကျွန်မနှင့် မြိုင်တို့ ငယ်ဘဝအတွက် အမှတ်တရများစွာရှိသော ရာသီဥတုဖြစ်ပါ၏။ ထို့ကြောင့် မိုးရာသီရောက်တိုင်း ကျွန်မ မြိုင်ကို အလွန်တရာ လွမ်းလှသည်ပင်။

ကျွန်မတို့ငယ်စဉ်က လဲချားမြို့ကလေးသည် မြို့ဟုပင် မဆိုသာသေးပါ။ ရွာကြီးတစ်ရွာလောက်သာ ရှိသေးသည်မို့ တောအငွေ့သက်တို့များစွာ ရရှိပါသေး၏။

မြို့ကလေးသည် အလယ်တွင်စုနေပြီး ဘေးပတ်ဝန်းကျင်တွင် တောတောင်များဖြင့် စိမ်းလန်းစိုပြေလို့ နေပါသည်။ အပင်အများစုမှာ ထင်းရှူးပင်များဖြစ်ကြ၏။ မြို့ကလေး၏ ပတ်ဝန်းကျင်တွင် ထင်းရှူပင်များ အထပ်ထပ် ပေါက်ရောက်နေသည့် တောင်ကုန်းများ ဝန်ရံထားသည်ဖြစ်ရာ မိုးရာသီတွင် မိုးအလွန်ကောင်းပါသည်။ မိုးကောင်းသောကြောင့် မှိုများသည်လည်း ဖြိုင်ဖြိုင် ပေါလှပါ၏။ ရပ်ကွက်ကလူများသည် ညအခါတစ်ညလုံး မိုးရွာလျှင် မနက်လင်းပြီဆိုသည်နှင့် တောထဲကို မှိုရှာထွက်ကြလေ့ ရှိသည်။

မြိုင်နှင့် ကျွန်မသည် မှိုနုတ်ရသည်ကို အလွန်ပျော်မွေ့သူ ဖြစ်ပါ၏။ ထိုနှစ်မိုးရာသီက ကျွန်မတို့အိမ် နောက်ဘေးစည်းရိုးကြားတွင် မှိုများ ဖွေးဖွေး

mgyoe.com

mgyobe.com
SAMPLE BOOK


လှုပ်နေအောင် ပေါက်ခဲ့သည်။ ထိုအချိန်က ကျွန်မနှင့် မြိုင်သည် မှိုများကို လုနေတတ်ကြသည်။

ရသည့်မှိုများကို မေမေက ရေပြောင်အောင်ဆေးပြီး ရေတွင်းကုန်းတွင် စိုက်ထားသည့် ကန်စွန်းရွက် အဖြားနုနုလေးများကို လက်နှင့် အသာဆိတ်ခူး၍ ရွှေဖရုံရွက်နုနုနှင့် ငရုတ်သီးစိမ်းတို့ရောကာ အရည်စပ်စပ်လေး ချက်ကျွေးလေ့ရှိသည်။ ချိုမြနေသော မေမေ့လက်ရာ မှိုဟင်းကို ထမင်းပူပူလေးဖြင့် မြိုင်နှင့် ကျွန်မ အတူတူစားခဲ့ကြသည်ကို ကျွန်မ ယခုချိန်ထိ မမေ့နိုင်သေးပါ။

မေမေသည် ဟင်းချက်စရာပစ္စည်း အစုံအလင် မရှိပါဘဲ ဆီလေး တစ်ပေါက်နှစ်ပေါက်ထည့်၍ပင် ဟင်းများကို အရသာရှိစွာ ချက်နိုင်သည့် မှော်လက်ပိုင်ရှင်ဖြစ်သည်ဟု မြိုင် ခဏခဏ ချီးကျူးဖူးသည်ကို ကျွန်မ အမှတ်ရမိပါသေးသည်။

ဤသို့လျှင် ကျွန်မနှင့် မြိုင်၏ငယ်ဘဝသည် အမြဲတပူးတွဲတွဲဖြင့်နေရင်း ညီမရင်းချာသဖွယ် ကြီးပြင်းခဲ့ကြပါသည်။ အိမ်နီးချင်းများ ဖြစ်ကြသော ကျွန်မတို့၏မိဘများသည်လည်း တစ်ဦးနှင့်တစ်ဦး ရင်းနှီးမှု မရှိကြသည့်တိုင် တစ်ခါမှ ကတောက်ကဆ မဖြစ်ဖူးကြပါ။

ဤနေရာတွင် ကျွန်မတို့မိဘနှင့် မြိုင့်မိဘများသည် အိမ်နီးနားချင်း ဖြစ်ကြသော်လည်း ရင်းရင်းနှီးနှီး မရှိကြသည့်အကြောင်းကို အနည်းငယ် ပြောပြလိုပါသည်။

ကျွန်မ၏မေမေသည် အနေအေးပြီး ပတ်ဝန်းကျင်နှင့် ဆက်ဆက်စပ်စပ် နေတတ်သူ မဟုတ်ပါ။ အမြဲလိုလို အိမ်တွင်သာနေ၍ အိမ်မှုကိစ္စများ လုပ်နေတတ်သည်။ သာရေး၊ နာရေးနှင့် မလွဲရှောင်သာသော ကိစ္စများမှလွဲ၍ တခြားသူများ၏အိမ်သို့ ကူးလူးသွားလာခြင်း မပြုတတ်ပါ။ ကျွန်မ မှတ်မိသလောက် မေမေ သူများအိမ် အလည်သွားသည်ကို တစ်ခါမှမမြင်ဖူးပါ။ ထို့ကြောင့် ပတ်ဝန်းကျင်နှင့် အဆက်ဆံနည်းသည်ဟု ပြောလို့ရပါသည်။

ထို့ပြင် မေမေသည် ငွေမချမ်းသာသည့်တိုင် မာနကြီးသူဖြစ်ပါသည်။ တခြားသူဆီက အကူညီသေးသေးလေးတောင် ယူရမှာ လက်တွန့်သူဖြစ်၏။ ဖေဖေ ပြန်အပ်သည့် လစာပိုက်ဆံလေးကို ကျစ်ကျစ်ပါအောင် ဆုပ်ပြီး လောက်ငအောင် သုံးလေ့ရှိသည်။ ကိုယ့်မိသားစုနှင့်ကိုယ် သိုသိုသိပ်သိပ်သာ နေတတ်ပြီး တခြားသူများနှင့် အချေးအငှားလုပ်လေ့ မရှိပေ။ ဖြစ်နိုင်မည်ဆိုပါက မေမေသည်

mgyobe.com

mgyoe.com SAMPLE BOOK

အားလုံးသော လူမှုဆက်ဆံရေးနှင့်ပင် ကင်းလွတ်ချင်နေသူလားလို့ပင် ထင်မှတ်ရလောက်သည်အထိ ဖြစ်ပါသည်။

အသွင်တူ၍ အိမ်သူဖြစ်သည်ဟု ဆိုရပေမည်။ ဖေဖေသည်လည်း မေမေနည်းတူပင် ဖြစ်ပါ၏။ အမြဲလိုလိုကျောင်းသွား၊ ကျောင်းပြန်ဖြင့်သာ အလုပ်ရှုပ်နေတတ်ပြီး၊ အားလပ်ရက်များတွင်လည်း အိမ်နောက်ဘေးက မြေကွက်လပ်ကျဉ်းကျဉ်းလေးတွင် စိုက်ထားသော အပင်များအား ရေလောင်း ပေါင်းသင်လိုက်၊ အပင်သစ်များ ပြန်စိုက်လိုက်ဖြင့် မအားလပ်အောင် နေလေ့ရှိပါသည်။

မြိုင်၏ မိဘများကတော့ ကျွန်မ၏မိဘများလို ခပ်အေးအေးနေတတ်သူများ မဟုတ်လင့်ကစား ပတ်ဝန်းကျင်နှင့် ခပ်ကင်းကင်းနေတတ်သည်ကတော့ တူပါသည်။ မေမေတို့ပတ်ဝန်းကျင်နှင့် ခပ်ကင်းကင်းနေခြင်းသည် ကိုယ့်ဘာသာကိုယ် အေးအေးလူလူ နေချင်သောကြောင့်ဟု ဆို၍ရနိုင်ပါ၏။ မြိုင့်မေမေတို့ ပတ်ဝန်းကျင်နှင့် ကင်းကင်းရှင်းရှင်း နေခြင်းသည်ကား သူတို့ဆီ အကူညီတောင်းမည် စိုးသောကြောင့် ကြိုတင်ကာဆီးသည့် သဘောဟု ကျွန်မ နောက်မှ သိခွင့်ရခဲ့ပါသည်။

မြိုင့်ဖေဖေသည် ကုန်သည်ဖြစ်ရာ အမြဲလိုလို ခရီးထွက်နေသည်ကများပြီး ကျွန်မတို့မိသားစုနှင့် အဆက်ဆံ သိပ်မရှိပေ။ မြိုင့်မေမေကလည်း တစ်ဦးတည်းရှိသည့်သမီးကိုပင် ဂရုမစိုက်အားလောက်အောင် စီးပွားရေး သရဲစီးနေသူဖြစ်ရာ ပတ်ဝန်းကျင်နှင့် ပေါင်းသင်းဆက်ဆံရေးညံ့သည်မှာ မဆန်းလှပါ။ သူ့အိမ်မှာ အလုပ်လုပ်သော အလုပ်သမားများ အလုပ်မှာ ရေသာမခိုရေး၊ ပစ္စည်းများ မခိုးရေး စသဖြင့် နေ့ရှိသရွေ့ ဥစ္စာခြောက်နေရင်းက ဆန်စက်ထဲက မထွက်ရပါ။ ထို့ပြင် ပတ်ဝန်းကျင်က လူတိုင်းကို သူ့ဆီ အကူညီတောင်းမည်စိုးသည့် စိတ်ဖြင့် ခပ်ကင်းကင်းနေပြရင်းက လူမှုရေးတွင် အားနည်းနေသူ ဖြစ်သည်။

ထို့ကြောင့် အရာရာတွင် ပုံစံမတူသော ကျွန်မ၏မိဘများနှင့် မြိုင်၏ မိဘများသည် ခြံချင်းကပ် အိမ်နီးချင်းပင်ဖြစ်လင့်ကစား ခင်ခင်မင်မင် မရှိလှသည်မှာ အံ့ဩဖွယ်ရာ မရှိပါပေ။

◆◆◆

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း (၄)

တစ်ခုသော မိုးရာသီတွင် ကျွန်မမိဘနှင့် မြိုင့်မိဘတို့သည် တစ်ဦးနှင့် တစ်ဦး ခပ်ကင်းကင်းနေကြသော်လည်း စိတ်ကသိကအောင့်ဖြစ်စရာ အကြောင်းများ ကြုံလာခဲ့ရပါတော့သည်။ ထိုအကြောင်းရင်းအားဖြစ်စေသူ တရားခံသည်လည်း ကျွန်မပင် ဖြစ်ပါ၏။ ကျွန်မ၏ မရည်ရွယ်ဘဲ လုပ်ခဲ့မိသည့် ကိစ္စတစ်ခုကြောင့် မိသားစုနှစ်စုကြား ပြဿနာက ပိုမိုကြီးသွားခဲ့ပါသည်။

ထိုပြဿနာအရင်းခံကို စရမည်ဆိုပါက ကျွန်မ၏ မေမေ ကျန်းမာရေး မကောင်းဖြစ်ခြင်းကပင် စရမည် ထင်ပါသည်။

ထိုအချိန်က ကျွန်မနှင့် မြိုင်သည် ၆ တန်းကျောင်းသူအရွယ်သို့ ရောက်ရှိနေကြပြီ ဖြစ်ပါသည်။ အသက်အားဖြင့်တော့ ၁၂ ဝန်းကျင်ရှိကြပေပြီ။ အရင်လို အိုးပုတ်တမ်း၊ ဇယ်ခုတ်တမ်းများ၊ စပါးခွံပုံဘေးကစားခြင်းများ မလုပ်ကြတော့သော်လည်း နှစ်ဦးသားသည် တပူးတွဲတွဲမပျက်ပါပေ။ ကျွန်မ၏ အစ်မဖြစ်သူကတော့ အပျိုဖော်ဝင်စပြုနေပြီဖြစ်ရာ ကျွန်မတို့နှင့် ပိုမို ခပ်ကင်းကင်းနေလာပါတော့သည်။ ကျွန်မ၏မောင်လေးသည်လည်း ရပ်ကွက်ထဲက သူနှင့်ရွယ်တူ ယောကျ်ားလေး အပေါင်းအသင်းများဖြင့်သာ ကစားလေ့ရှိသောကြောင့် ကျွန်မသည်လည်း ကျွန်မနှင့်ရွယ်တူဖြစ်သည့် မြိုင်အား ပိုမို တွယ်တာလာမိခဲ့သည်ကို ဝန်ခံပါသည်။

ထိုနှစ်က မေမေသည် ကျန်းမာရေး ပိုမိုဆိုးဝါးလာလေသည်။ ဖေဖေ

mgyoe.com

mgyoe.com SAMPLE BOOK

လစာသည် အရင်လို မိသားစုစရိတ်ထဲသို့သာ တစိုက်မတ်မတ် စီးဆင်း၍ မရ တော့ဘဲ မေမေ့ဆေးဖိုးအတွက်ပါ ခွဲဝေရပါတော့သည်။

မေမေသည် ပန်းနာရင်ကျပ်ရောဂါသည် ဖြစ်သည်နှင့်အညီ မိုးရာသီ ဆိုပါက ရောဂါ၏ဒဏ်ကို ပိုမိုခံစားရလေ့ရှိသည်။ အမြဲလိုလို တရှောင်ရှောင် ဖြစ်ကာ တစ်ချက်တစ်ချက် အသက်ရှူရပ်မတတ်ဖြစ်သောကြောင့် မေမေ့ဘေးမှာ ပြုစုမည့်လူတစ်ယောက်က အမြဲလိုလိုရှိနေဖို့ လိုပါသည်။ ထို့ကြောင့်ပင် မေမေ့ကို ပြုစုဖို့အတွက် ကျွန်မနှင့် ဖေဖေသည် ကျောင်းကို တစ်ယောက်တစ်လှည့် ခွင့်ယူ ကြရပါ၏။ အထူးသဖြင့် ကျွန်မ ခွင့်ယူရသည်က များပါ၏။ ကျွန်မ၏အတန်းပိုင် ဆရာမအား ဖေဖေက အကျိုးအကြောင်း လိုက်ရှင်းပြထားသောကြောင့် ကျောင်း တွင် ကျွန်မခွင့်ယူသည်မှာ လွယ်လှပါသည်။ ကျွန်မသည် တစ်ပတ်တွင် နှစ်ရက် လောက်သာ ကျောင်းတက်နိုင်ပါ၏။

ကျွန်မ ကျောင်းမတက်နိုင်သောနေ့များတွင် မြိုင်က ကျွန်မစာအုပ်များကိုပါ ယူသွား၍ စာကူးလာပေးလေ့ ရှိသည်။ ညရောက်သည့်အခါမှာတော့ ကျွန်မသည် မြိုင်အိမ်ဘက်သို့ ကူးကာ လွတ်သွားသော သင်ခန်းစာများအား မြိုင်ထံမှ ပြန်လည် သင်ယူရပါတော့သည်။ မြိုင်သည် ကျွန်မထက် စာတော်သူ ဖြစ်သလို စာရှင်းပြရာ တွင်လည်း တော်သောကြောင့် ကျွန်မ ကျောင်းပျက်၍ စာနောက်ကျမည်ကို ပူစရာ မလိုခဲ့ပါ။

ကျွန်မတို့မိသားစုတွင် အစ်မသည် တစ်ကိုယ်ကောင်းဆန်သည့်သူ ဖြစ် သည်ဟု ကျွန်မ ထင်ပါသည်။ သူ့ဘာသာသူ အမြဲလိုလို ကျော့ကျော့ကော့ကော့ သာနေတတ်၏။ ကျောင်းစာကိုသာ တစိုက်မတ်မတ် ကြိုးစားပြီး သူ့တက်လမ်း အတွက်သာ ရုန်းကန်နေသူဖြစ်သည်။ မေမေ့ကိုလည်း တစ်ခါမှ ပြုစုရကောင်းမှန်း မသိပါ။ မေမေနှင့် ဖေဖေသည် အစ်မကို သမီးဦးမို့ အလိုလိုက်သည် ထင်ပါ၏။ အစ်မ မည်သို့နေနေ ဆိုးသည်ကောင်းသည် တစ်ခွန်း တစ်ဘာသာမှ မပြောတတ်ပါ။

မေမေ နေမကောင်းသည့်အခါ အိမ်မှုကိစ္စအကုန်လုံးကို ကျွန်မသာ ဒိုင်ခံလုပ်ပေးရသည်။ ကျွန်မ၏ အစ်မသည် ကျွန်မကို ထမင်းအိုးတစ်လုံး ကူတည် ဖော်မရ မေမေ့အဝတ်တစ်ထည်ပင် ကူလျှော်ပေးဖော်မရပါ။ အမြဲတမ်း တစ်ယောက် တည်း လုပ်နေရသည့်အခါ ကျွန်မသည် တစ်ကိုယ်ကောင်းဆန်လွန်းသည့် အစ်မ ဖြစ်သူကိုကြည့်မရ ဖြစ်လာရသည်။

ထိုနေ့က တနင်္ဂနွေနေ့ဖြစ်သောကြောင့် ကျွန်မတို့ ကျောင်းပိတ်ပါသည်။

mgyoe.com

mgyoe.com SAMPLE BOOK

ဖေဖေက မြို့စွန်က သူ့သူငယ်ချင်းအိမ်သို့ ခဏသွားခဲ့၏။ မောင်လေးဖြစ်သူကတော့ ထုံးစံအတိုင်း မနက်လင်းကတည်းက အိမ်မှာမတွေ့ရပါ။ ရပ်ကွက်ထဲက သူ့သူငယ်ချင်း အိမ်တစ်အိမ်အိမ်မှာ ရောက်နေဟန်တူပါသည်။ အစ်မကတော့ အိမ်ရှေ့က အပင်အောက်တွင် စာလုပ်နေ၏။

ကျွန်မသည် မနက်စာချက်ပြုတ်ပြီးသည့်အခါ မေမေ့ကိုဒူးခပ်ကျွေးသည်။ ထို့နောက် နေ့လယ် ၁၁ နာရီလောက်တွင် ရေတွင်းကုန်း၌ မေမေ့ကို ရေနွေးစပ်ကာ ရေချိုးပေး၏။ မေမေရေချိုးပြီးသည့်အခါ ရေဝတ်ထဘီအား ရေချိုးခုံပေါ်တွင် မလျှော်သေးပဲ ပုံထားခဲ့လိုက်သည်။ ထို့နောက် ကျွန်မ အိမ်မှုကိစ္စများ လုပ်နေသည့်အချိန်တွင် အစ်မရေချိုးရင်း အဝတ်လျှော်နေသည်ကို တွေ့ရ၏။ အစ်မသည် မေမေ့ထဘီနှင့် စိမ်ထားလက်စ အဝတ်များကိုပါ လျှော်သွားလိမ့်မည်ဟု ကျွန်မ တွေးထင်မိပါ၏။

သို့သော်လည်း အစ်မ ရေချိုးပြီးသည်အထိ မေမေ့ထဘီသည် ရေချိုးခုံပေါ်သည်အတိုင်းတင်လျက် တွေ့ရသောကြောင့် ကျွန်မဒေါသ ထောင်းခနဲ ထွက်သွားရပါတော့သည်။ မေမေ့ထဘီရေစို တစ်ထည်ပင် မလျှော်ပေးခဲ့သည့် အစ်မ၏စိတ်ဓာတ်ကို ကျွန်မ ရွံမုန်းရပါ၏။

ထို့ကြောင့်ပင် သနပ်ခါးလိမ်းနေသာ အစ်မဖြစ်သူဆီ စိတ်တိုစွာ သွားရင်း ရန်လုပ်မိပါတော့သည်။

"မမ. . . နင် ရေချိုးခုံပေါ်မှာထားထားတဲ့ မေမေ့ထဘီကို မတွေ့ဘူးလား။ နင် အဲဒီတစ်ထည်လေးတောင် မလျှော်နိုင်ရလောက်အောင် နင်က ဘာဖြစ်နေလို့လဲ။ နင်တစ်ကိုယ်ကောင်း ဆန်လှချည်လားဟမ်း"

အစ်မဖြစ်သူသည် သနပ်ခါးလိမ်းနေရာမှ ပါးခြစ်တံအား ကျောက်ပြင်ပေါ်ပစ်ပေါက်ရင်း ပြောလာပါသည်။

"အမြင်မတော်ရင် နင် လုပ်လိုက်လေ။ မလုပ်ချင်ရင် ဒီအတိုင်းထားလိုက်။ ဘာမှ ငါ့ကိုလာပြောစရာ မလိုဘူး"

"နင် လူပါးဝစကားမပြောနဲ့ မမ။ အကြီးဖြစ်ပြီး တော်တော်ကို တစ်ကိုယ်ကောင်းဆန်တယ် နင်။ နေသာသလိုနေတာ တော်ရုံပဲကောင်းတယ်။ အမေမွေးထားတာ ငါတစ်ယောက်တည်း မဟုတ်ဘူး။ အိမ်အလုပ်လေး နည်းနည်းပါးပါး နင်ခွဲလုပ်ဖို့ ကောင်းတယ်။ နေ့ရှိသရွေ့ ကျော့ကျော့ကော့ကော့ နေနေရအောင် နင့်ကိုယ်နင် သူဌေးသမီးများမှတ်နေလား"

mgyoe.com

mgyoe.com SAMPLE BOOK

"ငါ့ဟာငါ နေချင်သလိုနေမယ်။ နင့်အပူ မပါဘူး။ လာမပြောနဲ့ ငါ့ကို"

"ပြောတယ်။ ပြောတော့ ဘာဖြစ်လဲ။ နင်က ဘာလုပ်ချင်လို့လဲ"

ပြောနေရင်းမှ ကျွန်မသည် အစ်မဖြစ်သူ၏ ပခုံးအား စိတ်တိုစွာ ဆောင့်တွန်းလိုက်မိ၏။ ထိုအခါ လက်မြန်လှသော အစ်မက ကျွန်မ၏ ဆံပင်များအား ဆောင့်ဆွဲရင်း နှစ်ဦးသား နပန်းလုံး ရန်ဖြစ်ကြပါလေတော့သည်။

ထိုအခါ မေမေက အိပ်ရာထဲတွင် ချောင်းတဟွတ်ဟွတ် ဆိုးရင်း ကျွန်မတို့ ညီအစ်မနှစ်ယောက်ကို လှမ်းငေါက်ကာတား၏။

"ဟဲ့. . . တော်ကြစမ်း ကောင်မလေးတွေ။ နင်တို့ညီမတွေ မဟုတ်ကြဘူးလား။ ဟဲ့ တော်တော့လို့ ငါပြောနေတယ်။ သမီးကြီး နင့်ညီမဆံပင်ကို လွှတ်လိုက်စမ်း။ ငါပြောနေတာ မကြားဘူးလား။ ခက်ရန်ကော နင်တို့တွေ"

မေမေ အော်ငေါက်နေသော်လည်း ကျွန်မတို့ညီမနှစ်ယောက်သည် တစ်ယောက်ဆံပင် တစ်ယောက်ဆွဲထားကြသည်ကို မလွှတ်ကြသေးပေ။ နှစ်ဦးသားသည် ခေါင်းချင်းဆိုင်ရင်း ဒေါသများကြောင့် တဟူးဟူးတဟဲဟဲ ဖြစ်နေကြ၏။ မေမေသည် ကျွန်မတို့ညီအစ်မအား မလုပ်ကြဖို့ တားရင်း ငိုလေသည်။ နောက်ဆုံးမှာတော့ အိမ်ထဲသို့ မြိုင်ပြေးဝင်လာပြီး ကျွန်မတို့ နှစ်ယောက်ကြား ဝင်ဖျန်ဖြေပေးမှ ကျွန်မတို့ ညီအစ်မနှစ်ယောက် ရန်ပွဲကို အဆုံးသတ်ကြရလေတော့သည်။ သို့သော်လည်း မိန်းကလေးများပီပီ ညီအစ်မ နှစ်ယောက်သည် တစ်ယောက် တစ်ခွန်း စကားနာထိုး၍ တော်တော်နဲ့မပြီးကြပေ။

အမေသည် ငိုရင်း ကျွန်မတို့ညီအစ်မ နှစ်ယောက်ကို ဆူပါလေတော့သည်။

"နင်တို့တွေ အမေတစ်ယောက်လုံးရှေ့မှာတောင် ရန်ဖြစ်နေကြတယ်။ ငါတို့ မရှိတော့ရင် နင်တို့ ဘယ်လိုလုပ်မလဲ။ နင်အဖေလာရင် ငါတိုင်မယ် နင်တို့ညီအစ်မကို။ သမီးငယ် နင်လည်း မလုပ်ချင်ရင် ဘာမှမလုပ်နဲ့။ လုပ်စရာ မလိုဘူး။ နင်တို့တွေ ငါသေမှ နားအေးမယ်။ အဲဒီလောက်ထိ နင်တို့အတွက် ဝန်ထုပ်ဝန်ပိုးဖြစ်နေရင် ငါသေပေးမယ်။ ငါသေပေးမယ်ဟဲ့. . . အဟွတ်. . . အဟွတ်"

မေမေက ချောင်းဆိုးရင်း မောလာသည့်အခါ ကျွန်မသည် မနေနိုင်တော့ဘဲ မေမေဆီ အပြေးသွားကာ ထူပေးရပါတော့သည်။ မေမေသည် ကျွန်မ ထူပေးနေသည်ကို လက်မခံပဲ ကျွန်မကို တွန်းထုတ်ကာ ဆူငေါက်၏။

"မထူနဲ့ သွား. . .။ ငါ့ကိုပြုစုရတာ နင်တို့ ဒီလောက် အပန်းကြီးနေရင်

mgyoe.com

mgyoe.com
SAMPLE BOOK

ဘာမှ လာလုပ်ပေးစရာ မလိုဘူး။ ငါသေတဲ့အထိ နင်တို့ညီအစ်မတွေ ဒီအတိုင်း ကြည့်နေကြ"

ပြဿနာများပြီးသွားသည့်အခါ မေမေသည် ဆေးသောက်ပြီး အိပ်ပျော်သွားသည်။ အစ်မကတော့ စာအုပ်များယူကာ ရပ်ကွက်ထဲက သူ့သူငယ်ချင်းအိမ် စာသွားကျက်ဟန် တူပါ၏။ ကျွန်မကတော့ ရေတွင်းကုန်းမှာ အဝတ်များအား ထိုင်လျှော်ရင်း မျက်ရည်များဖြင့် မြိုင့်ကို ရင်ဖွင့်ရပါလေတော့သည်။

"မြိုင်ရယ်. . . နင် စဉ်းစားကြည့်။ ဘယ်သူလွန်တယ်၊ မလွန်ဘူးဆိုတာ အသိသာကြီး။ ငါ့အစ်မက လူပါးကိုဝတာ။ တစ်အိမ်လုံး ငါပဲလုပ်နေရတာကို အမေနဲ့ အဖေကလည်း ကြည့်ရက်နိုင်တယ်။ သူ့သမီးအကြီးကျ အလှကြည့်ထားတယ်။ အကုန်လုံး ငါ့ချည်း ဒိုင်ခံ လုပ်ခိုင်းနေတော့တာပဲ။ အဝတ်လျှော်လည်းငါ။ ထမင်းချက်လည်းငါ။ ဈေးဝယ်လည်းငါ။ အမေ့ပြုစုရလည်း ငါပဲ။ ငါက ဒီအိမ်က ကျွန်မကြီးလုံးလုံးဖြစ်လို့။ အဲဒါကို အမေက ငါ့ကို အကောင်းမပြောသေးဘူး။ တစ်ဆိတ်ရှိ သူ့သမီးကြီးဘက်ပဲ ပါတာကို ငါ အသည်းအပေါက်ဆုံးပဲ။ တစ်ခါတလေ ငါ စဉ်းစားမိတယ်။ ငါက သမီးရင်းမှ ဟုတ်ရဲ့လားလို့။ ဘယ်က ကောက်ရပြီး မွေးထားတာလဲလို့တောင် တွေးမိတယ်"

"အို. . . နင်ကလဲ မဟုတ်တာ ခမ်းရယ်။ နင့်ရုပ်နင် မှန်ထဲပြန်ကြည့် နင့်အမေနဲ့ တစ်ရုပ်တည်း။ မှတ်ပုံတင်တစ်ခုတည်းတောင် နေလို့ရတဲ့ဟာ။ မဖြစ်နိုင်တာ"

မြိုင်စကားကြားတော့ ကျွန်မ စိတ်တိုနေရင်းက ပြုံးမိပြန်ပါသည်။ အမှန်တကယ်လည်း ဟုတ်ပါ၏။ ကျွန်မသည် မေမေနဲ့အတော်လေး ရုပ်ဆင်သူ ဖြစ်ပါသည်။ မြိုင်က ကျွန်မ လျှော်ပြီးသားအဝတ်များကို ရေညစ်ကူရင်း ဆက်ပြောပါသည်။

"နင်လုပ်ပေးရတော့ နင်ကုသိုလ်ရတာပေါ့ ခမ်းရယ်။ နင့်အမေက တော်ပါတယ်ဟာ။ အခု သူနေမကောင်းမှ နင် လုပ်ရတာ။ သူကျန်းမာရေး ကောင်းနေတုန်းကဆို အိမ်မှုကိစ္စ နင်တို့ဘာပူရလို့လဲ။ ပြီးတော့ နင်တို့ကိုလည်း ဂရုတစိုက် ချက်ကျွေးပြုတ်ကျွေးတာပဲ။ ငါ့အမေဆို ငါ့ကို ဒီအတိုင်းပစ်ထားတာ နင်မြင်တဲ့အတိုင်းပဲ။ ငါ့အဖေလည်း အတူတူပဲ။ ပြည့်ပြည့်စုံစုံထားပေးနိုင်ရင် သူတို့က တာဝန်ကျေပြီလို့ထင်တာ။ တကယ်တော့ ငါလိုချင်တာ အဲဒီလို ပြည့်စုံမှုတွေ မဟုတ်ပါဘူးဟာ။ မေမေတို့ဆီက မေတ္တာကိုပဲ ငါလိုချင်တာ။

mgyoe.com

mgyoe.com SAMPLE BOOK

တော်သေးတာပေါ့ ခမ်းရယ်။ နင်ရှိနေလို့။ နို့မို့ဆို မောင်နှမရင်းချာလည်း မရှိ အဖေအမေလည်း ဂရုမစိုက်နဲ့ ငါတစ်ယောက်တည်း ရူးသွားနိုင်တယ်။ ငါလေ နင် ငါ့ကိုစိတ်ဆိုးပြီး မခေါ်တော့မှာ သိပ်ကြောက်တာပဲ ခမ်းရယ်။ နင်ငါ့ကို ဘယ်တော့မှ တစ်ယောက်တည်း မထားခဲ့ရဘူးနော် ခမ်း။ ငါ့ကိုလည်း ဘယ်တော့မှ မုန်းမသွားရဘူးနော်။ နင်ကတိပေးလား"

"အေးပါ မြိုင်ရယ်။ နင်ကလဲ. . . အရေးထဲ။ ငါ့ထက်အကြောင်းဆိုး နေပြန်ပြီ။ ငါ၀မ်းနည်းနေတာတောင် ဘယ်ရောက်သွားလဲမသိဘူး။ နင်နဲ့ ငါက မုန်းစရာလားဟဲ့။ မွေးကတည်းက ပေါင်းလာတဲ့သူငယ်ချင်းတွေပဲဟာ။ ညီအစ်မရင်း လိုတောင်ဖြစ်နေပြီ။ ငါနင့်ကို ငါ့အစ်မထက် ပိုချစ်တယ်ဟဲ့ ကောင်မရဲ့"

ထိုအခါ မြိုင်သည် ကျေနပ်စွာဖြင့် အားပါးတရ ရယ်လေတော့သည်။

"နင့်အမေ မြန်မြန်နေကောင်းပါစေဟယ်။ ဒါမှ ငါလည်း ကျောင်းတက် ရတာ မပျင်းတော့မှာ။ နင် ကျောင်းမတက်တော့ ငါကျောင်းမှာ တစ်ယောက်တည်း ပျင်းလိုက်တာဆိုတာ မပြောပါနဲ့တော့"

"ငါ့မေမေရဲ့ ကျန်မာရေးက ဆောင်းဦးရောက်ရင်တော့ ပြန်ကောင်း မယ်လို့ ထင်ရတာပဲ မြိုင်ရယ်။ ငါ သိရသလောက် မေမေက မိုးရာသီဆို ကျန်းမာရေး မကောင်း အမြဲဖြစ်နေကြ။ ဒီနှစ်တော့ အဆိုးဆုံးပေါ့ဟယ်။ ဒါလည်း ဆေးရုံဆေးခန်း ကောင်းကောင်းပြနိုင်ရင်တော့ ကောင်းတာပေါ့ မြိုင်ရယ်။ နင် သိတဲ့အတိုင်း ငါ့တို့ အိမ်က နင်တို့လိုမှ မချမ်းသာဘဲ။ စားဖို့တောင်အနိုင်နိုင်ကို"

"ငါ့မေမေပိုင်တဲ့ ပိုက်ဆံတွေသာ ငါ အကုန်သုံးခွင့်ရှိရင် ငါလေ နင့်မေမေ ကို ဆေးကုပေးတယ်သိလား ခမ်း။ ခုက ငါပိုင်တဲ့ဟာတွေ မဟုတ်လို့။ ငါ့အမေက လည်း နင်သိတဲ့အတိုင်း အရမ်းကို စည်းကမ်းကြီးပြီး ကပ်စေးတိုတာ"

"အင်းပါ မြိုင်ရယ်။ ငါနားလည်ပါတယ်"

မြိုင်၏စေတနာကို ကျွန်မနားလည်ပါသည်။ မြိုင်သည် ကျွန်မတို့မိသားစု ကို သူ့မိသားစုလို သတ်မှတ်ထားသူ ဖြစ်ပါ၏။ ထို့ကြောင့်ပင် သူနိုင်သည့်ဘက်က ကျွန်မကို အမြဲတစေ ကူညီလေ့ရှိပါသည်။

ကျွန်မသည် မေမေ့စိတ် ရသွားသည်လားပင် မပြောတတ်ပါ။ တစ်ခုခုဆို သူများအကူညီယူမှာထက် ကိုယ့်အားကိုယ်သာ ကိုးချင်စိတ်ပဲ ရှိပါသည်။

မြိုင်နှင့် ကျွန်မသည် ညီအစ်မရင်းချာလို ခင်မင်ရသည်မှန်သော်လည်း မြိုင်၏အကူညီကို ကျွန်မ လိုသည်ထက်ပို၍ မယူတတ်ခဲ့ပါ။ ဒါကိုသိသည့် မြိုင်က

mgyoe.com

mgyoe.com SAMPLE BOOK

ကျွန်မကို တစ်ခုခုကူညီလိုလျှင် တစ်ဖက်လှည့်သည့်နည်းဖြင့်သာ ကူညီလေ့ ရှိပါသည်။ ဥပမာ ကျောင်းတွင် ကျွန်မစာအုပ်ကုန်နေပြီကို သိသည့်အခါ မြိုင်သည် စာအုပ်အသစ်တစ်အုပ် ယူလာ၍ သူတစ်ရွက်နှစ်ရွက်ပဲ ရေးရသေးသည့် စာအုပ်ကို ကျွန်မကို ပေးတတ်ပါသည်။

"ခမ်းရေ. . . ဒီစာအုပ်က ဘောပင်မင်ပေါက်လို့ ငါ ဆက်မရေးချင်တော့ဘူး။ တစ်ခြားအသစ်တစ်အုပ် ထုတ်လာတယ်။ နင်က လက်ရေးဖွဖွလေးရေးတော့ နင်နဲ့ဆို အဆင်ပြေမှာ နင်ယူလိုက်နော်"

"ဒီဘောပင်က ဘောသီးအရမ်းသေးတာပဲ ခမ်းရယ်။ ငါက လက်ရေးသေးတော့ ဒီဘောပင်နဲ့ရေးရင် မြင်ကိုမမြင်ရတော့ဘူး။ နင်လက်ရေးနဲ့ဆို အဆင်ပြေမှာ နင်ယူလိုက်လေနော်"

"မေမေ ချုပ်ထားပေးတဲ့ ကျောင်းအင်္ကျီဖြူက ငါနဲ့ နည်းနည်းသေးနေလို့ ဝတ်ရတာ အဆင်မပြေဘူး။ နင်နဲ့ဆို ကွက်တိလောက်ကျမှာ ခမ်း။ နင် ဝတ်လိုက်နော်"

စသဖြင့် မြိုင်သည် အကြောင်းပြချက်အမျိုးမျိုးဖြင့် ကျွန်မကို ကူညီတတ်ပါသည်။ ထိုအခါမျိုးတွင် ကျွန်မသည်လည်း ငြင်း၍မကောင်းသလို၊ ယူရသည်မှာလည်း ပိုမိုစိတ်သက်သာရာရသောကြောင့် လက်ခံရပါ၏။

ပြီးခဲ့သည့်တစ်ရက်လောက်က ကျွန်မ မေမေ့အတွက် ဆန်ပြုတ်ပြုတ်နေစဉ် မြိုင်အိမ်ကိုရောက်လာသည်။ ထုံးစံအတိုင်း ကျွန်မ မီးဖိုထဲက အိုးခွက်ပန်းကန်များအား လှန်လောကြည့်ကာ ကျွန်မချက်ထားသည့် ခရမ်းသီးနှပ် ဟင်းခွက်ကို တွေ့သွားပြီး-

"ခရမ်းသီးနှပ်ဟင်းလား ခမ်း။ စားကောင်းမယ့်ပုံလေး။ ငါအရမ်း စားချင်နေတာနဲ့အတော်ပဲ။ ငါ့တို့ ဟင်းလဲစားရအောင်လား ခမ်းရယ်နော်။ နင့်ဟင်းကို ငါစားချင်လို့။ ငါအိမ်မှာ ဘာချက်လဲ မသိဘူး။ ငါ သွားခူးလိုက်ဦးမယ်"

ပြောပြီး မြိုင်သည် ခြံစည်းရိုးသံဆန်ခါကွက်လေးကနေ ငုံ့ဝင်၍ သူ့အိမ်ဘက်သို့ ကူးသွားသည်။ ခဏနေ၍ ပြန်ရောက်လာသည့်အခါ အမဲသားဆီပြန်ဟင်းတစ်ခွက်ပါလာသည်။ ထို့နောက် ကျွန်မချက်ထားသော ခရမ်းသီးနှပ်ဟင်းဖြင့် လဲသွား၏။ လူမမာမေမေ့ကို ခရမ်းသီးနှပ်ဟင်းနှင့် မကျွေးစေချင်သောကြောင့် ဖြစ်သည်ကို ကျွန်မ သိပါသည်။ ဤမျှပင် မြိုင်သည် ချစ်ဖို့ကောင်းသူ ဖြစ်ပါ၏။

ထိုနေ့ကတော့ မြိုင်နှင့် ကျွန်မ အနည်းငယ် ကတောက်ကဆ ဖြစ်ခဲ့ရသေး

mgyoe.com

mgyoe.com
SAMPLE BOOK

သည်။ ဤသည်မှာလည်း ကျွန်မကြောင့်ပင် ဖြစ်မည်ထင်ပါ၏။

တစ်ခုသော တနင်္ဂနွေနေ့ မနက်ခင်းတွင်ဖြစ်သည်။ ထိုနေ့က မြိုင်သည် ထုံးစံအတိုင်း ကျွန်မကို အိမ်အလုပ်များကူဖို့ အိမ်ကိုအစောကြီး ရောက်နေခဲ့သည်။ ကျွန်မက မီးမွှေးနေစဉ် မြိုင်က ထမင်းအိုးတည်ရန် အိုးဆေးပြီး ဆန်ပုံးထဲ ဆန်သွားထည့်သည်။ ထိုနေ့က လကုန်ခါနီးရက်ဖြစ်သောကြောင့် ကျွန်မတို့အိမ်၏မီးဖိုဆောင်ထဲမှာ တစ်လစာဝယ်ထားသည့် မီးဖိုဆောင် ပစ္စည်းများ ပြတ်စပြုနေလေပြီ။ ဆန်ပုံးသည်လည်း ဖင်ကပ်သာ ရှိတော့ပြီး၊ ဆီဘူးလည်း လက်တစ်ဆစ်လောက်ပင် မရှိချင်တော့ပါ။ ဤသည်ကို တွေ့သွားသည့်အခါ မြိုင့်မျက်နှာမကောင်း ဖြစ်သွားသည်ကို ကျွန်မ ရိပ်စားမိပါသည်။

နေ့ခင်းရောက်သည့်အခါ မြိုင်သည် ဖောင်းကားပြည့်တင်းနေသော လွယ်အိတ်ကလေးတစ်လုံးကို လွယ်ကာ အိမ်ကို ကပြာကရာ ရောက်လာပါသည်။ ထို့နောက် မီးဖိုဆောင်ထဲတွင် ရွှေဖရုံရွက်သင်နေသော ကျွန်မဆီသို့ လာပြီး တိုးတိုးတိတ်တိတ်ပြောလေသည်။ မြိုင်မျက်နှာမှာ ထိတ်ထိတ်ပြာပြာ ဖြစ်နေပါ၏။

"ခမ်း. . . ရော့။ ငါအိမ်က ဆီနဲ့ ဆန် ယူလာတယ်။ ယူထားလိုက်ဦး"

မြိုင်သည် ပြည့်ဖောင်းတင်းကားနေသော သူ့လွယ်အိတ်ကလေးကို ကျွန်မကို လက်တိတ်ထိုးပေး၏။ မြိုင့်လုပ်ရပ်ကို ကြည့်ပြီး ကျွန်မဒေါသ ထောင်းခနဲ ထွက်သွားမိသည်။ ဒေါသထက် ရှက်စိတ်က ပိုမည်ထင်ပါ၏။

"မြိုင်. . . နင် ဒါဘာလုပ်တာလဲ။ နင်အိမ်က ခိုးလာပြီး ငါတို့အိမ်ကို လာပေးတာလား။ ခိုးပေးမှ စားရလောက်အောင် ငါတို့မိသားစုကို နင် အထင်သေးတာလား မြိုင်"

ကျွန်မသည် ဒေါသဖြစ်လွန်းသောကြောင့် အသံအတော်လေးကျယ်သွားပါသည်။ မြိုင်သည် ကျွန်မကိုကြည့်ပြီး မျက်နှာပျက်သွား၏။ ထို့နောက် တုန်ယင်စွာ ပြောလေသည်။

"အို. . . ခမ်းရယ်။ နင် ဘယ်လိုပြောလိုက်တာလဲ။ မနက်က နင်အိမ် ဆန်ပုံးထဲမှာ ဆန်မရှိတော့လို့ ပြီးတော့ ဆီလည်းမရှိတော့လို့ ငါယူလာပေးတာပါ။ ငါစေတနာနဲ့ပါ ခမ်းရယ်"

"မလိုဘူး မြိုင်။ ခိုးပြီးရလာတဲ့ဟာတွေကို ငါလည်းမစားဘူး။ ငါ့မိသားစုတွေကိုလည်း မကျွေးနိုင်ဘူး။ နင့်ဟာနင်ပြန် ယူသွား"

"ခမ်း နင်ဘယ်လိုပြောလိုက်တာလဲ။ နင်ငါ့စေတနာကို စော်ကားတာ

mgyoe.com

mgyoe.com SAMPLE BOOK

လား။ ပြီးတော့ နင် ငါ့ကိုသူခိုးလို့ ပြောလိုက်တာလား အခုက"

"နင် ဒါတွေကို နင့်အမေ မသိအောင် တိတ်တိတ်ကလေး ယူလာတာ ခိုးလာတာပဲပေါ့။ မဟုတ်လို့လား"

"မဟုတ်ဘူးခမ်း။ အမေ မသိအောင်ယူခဲ့တာမှန်ပေမဲ့ ငါ့သူများအိမ်က ပစ္စည်းကို ယူလာတာ မဟုတ်ဘူး ခမ်း။ ငါ့အိမ်က ပစ္စည်းကို ငါယူလာတာ။ ဒါ ခိုးတာ မဟုတ်ဘူး။ ပြီးတော့ ငါဒီလောက် ယူလာရုံနဲ့ ငါ့အမေတို့စီးပွားရေးလည်း ပွဲပါမသွားဘူး။ တစ်ဖက်တစ်လမ်းက အလှူလုပ်တယ်လို့ ယူဆလည်း ဘာအရေးလဲ။ နင့်မိသားစုလည်း ငါ့မိသားစုလိုဖြစ်နေလို့ ငါ့မိသားစုအတွက် ငါယူလာတာ ငါဘာမှားလို့လဲ"

"ဒီအတွက် ငါနင့်ကို ကျေးဇူးမတင်နိုင်ဘူး မြိုင်။ နင် ဘယ်လိုစိတ်မျိုးနဲ့ပဲ ယူလာလာ ငါတို့မိသားစုကို အထင်သေးလို့လို့ပဲ ငါသတ်မှတ်တယ်။ နင်ဟာတွေ အကုန်ပြန်ယူသွား။ ပြီးတော့ ဒါမျိုး ခိုးပေးတာ ဒီတစ်ခါနောက်ဆုံး ဖြစ်ပါစေ"

ကျွန်မသည် မြိုင်၏စေတနာကို နားလည်သော်လည်း ခပ်ပြတ်ပြတ် ပြောကာ မျက်နှာကို ထန်ထားလိုက်မိပါသည်။ မြိုင်သည် ကျွန်မကို အံ့ဩစွာ ကြည့်နေရင်းမှ မျက်ရည်များ ရစ်သိုင်းလာသည်။

"နင် ငါ့စေတနာကို စော်ကားတာပဲ ခမ်းရယ်။ ငါ သိပ်ဝမ်းနည်းတယ်။ ပြီးတော့ နင်ဟာ သိပ်ကိုမာနကြီးတာပဲ။ နင့် မာနတွေ နည်းနည်းတော့ လျှော့ဖို့ ကောင်းတယ်"

ပြောပြီးသည့်အခါ မြိုင်သည် သူယူလာသည့် လွယ်အိတ်ကလေးကို ပြန်လွယ်ပြီး ကျွန်မရှေ့က ခပ်သွက်သွက် ပြန်ထွက်သွားခဲ့ပါတော့သည်။

ကျွန်မရင်ထဲမှာလည်း အလွန်တရာ ပူလောင်နေခဲ့ရ၏။ သည်တစ်ခေါက်မှာတော့ ကျွန်မသည် မာနကြီးနေခြင်းထက် ရှက်နေခြင်းက ပိုနေသည်ကို မြိုင်တစ်ယောက် နားလည်စေချင်ပါသည်။

♦♦♦

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း (၅)

မိုးရာသီ၏တစ်ခုသော တနင်္ဂနွေနေ့မနက်တွင် ဖြစ်ပါသည်။

ထိုနေ့မနက်က ရာသီဥတုသည် စိုထိုင်းပြီးအေးစက်နေသည်။ မြို့ကလေး၏ဘေးပတ်လည် တောင်ဘယ်တွေဆီမှာ မြူခိုးတွေဝေနေ၏။ အဝေးက လှမ်းမြင်နေရသော တောင်တန်းတို့သည် ကောင်းကင်ကြီးနှင့်အပြိုင် မှိုင်းညို့ရီမှောင်နေသေးသောကြောင့် ယနေ့လည်း မိုးရွာဦးမည် ထင်ပါသည်။ ဖြစ်နိုင်လျှင် ကျွန်မသည် မိုးရာသီကို မြန်မြန်ကုန်စေချင်လှပါပြီ။ မိုးရာသီကုန်ပြီး ဆောင်းဦးသို့ရောက်လာခဲ့လျှင် ကျွန်မမေမေ၏ရောဂါ ပိုမိုသက်သာလာမည်ဟု ကျွန်မရင်ထဲတွင် တွေးထားသောကြောင့် ဖြစ်ပါ၏။

ထိုနေ့မနက်က ကျွန်မတစ်ယောက်တည်း ဈေးသို့ထွက်ခဲ့သည်။ ဖေဖေပေးထားသည့် ပိုက်ဆံသည်လက်ထဲတွင် များများစားစား မရှိတော့သော်လည်း လူမမာ မေမေ့ကို ချိုချိုချဉ်ချဉ်လေးတွေ ဝယ်ကျွေးချင်သောကြောင့် ဖြစ်သည်။ အစက ကျွန်မ ဈေးမလာခင် မြိုင့်ကိုပါခေါ်ဖို့ စိတ်ကူးမိသေး၏။ သို့သော်လည်း မြိုင်အိပ်ရာက နိုးသေးဟန်မတူ၍ မခေါ်ဖြစ်တော့ပါ။

မြိုင်နှင့် ကျွန်မသည် စိတ်ကသိကအောက် ဖြစ်စရာအကြောင်းများ ကြုံရပြီးနောက် နှစ်ရက်လောက်ထိ ခပ်တန်းတန်း ဖြစ်သွားခဲ့သည်။ ထိုနှစ်ရက်အတွင်း ကျွန်မသည်လည်း မနေတတ်ဖြစ်ရ၏။ တစ်ခုခုက ကျွန်မဘေးမှာ လှစ်ဟာနေသလို

mgyoe.com

mgyoe.com SAMPLE BOOK
ခံစားနေရသည်။ မြိုင်သည်လည်း ကျွန်မနည်းတူ ဖြစ်ဟန်တူပါသည်။ ကျွန်မက မြိုင်နှင့် စိတ်ကတိကအောက်ဖြစ်ပြီး နောက်နေ့တွင် သုံးရက်ဆက်တိုက် ကျောင်းမတက်ရသဖြင့် မြိုင်နှင့်တွေ့စရာ အကြောင်းမရှိဘဲ ဖြစ်နေခဲ့သည်။

နှစ်ရက်လွန်ပြီးသည့်အချိန်မှာတော့ ကျွန်မသည် မနေတတ်တော့သည်နှင့် တစ်ဖက်ခြံဘက်သို့ ကူးလူးသွားလာနေကျ ခြံစည်းရိုးပေါက်ကနေ မြိုင့်ကို ချောင်းကြည့်ဖို့ သွားခဲ့သည်။ မြိုင်သည်လည်း ကျွန်မနည်းတူ တစ်ဖက်ခြံစည်းရိုးဘေးတွင် ကျွန်မအိမ်ဘက်အား ချောင်းကြည့်ဖို့ ရောက်နေခဲ့ပါ၏။ ကျွန်မတို့နှစ်ယောက်သည် ခြံစည်းရိုးဘေးတွင်ပြိုင်တူ ဆုံကြသည့်အခါ နှစ်ယောက်သားခပ်အန်းအန်းဖြင့် ပြုံးစိစိဖြစ်သွားကြသည်။ ထို့နောက် ကျွန်မက-

"အစုတ်ပလုတ်မ ဘာချောင်းကြည့်နေတာလဲ ငါ့အိမ်ကို" ဟု မေးလိုက်သည့်အခါ မြိုင်သည် ကျွန်မကို မျက်စောင်းကလေးထိုးကာ ပြောပါသည်။

"နင်ကရော. . . ဘာလာချောင်းတာလဲ ငါ့အိမ်ဘက်ကို။ မသိတာ မှတ်လို့ ငါ့ကိုလာချောင်းနေတာ မဟုတ်လား"

ထို့နောက် နှစ်ယောက်သားသည် ပြိုင်တူရယ်မောကြရင်း မခေါ်မပြောဖြစ်ရသည့်နှစ်ရက်စာအတွက် အတိုးချပြီး ပြောစရာစကားတွေ မကုန်နိုင်အောင်ဖြစ်ကြရပါတော့သည်။

ကျွန်မသည် ဈေးသို့စောလျင်စွာ ထွက်လာခဲ့ပါသော်လည်း ဈေးသို့ရောက်သည့်အခါ လူများကျိတ်ကျိတ်တိုး စည်ကားလျက်ရှိနေပြီဖြစ်သည်။ ကျွန်မတို့နေထိုင်သောမြို့ကလေးသည် သေးငယ်သော နယ်မြို့လေးဖြစ်သောကြောင့် တစ်မြို့လုံးမှ ဈေးတစ်ဈေးသာ ရှိ၏။ ဈေးကို မြို့၏ အလယ်ဗဟိုတည့်တည့် နေရာလောက်တွင် တည်ထားပြီး ဈေးတန်းမှာလည်း အရမ်းကြီး မကျယ်လှပေ။ ဈေးသည်အားလုံးလိုလိုမှာ ရှမ်းတိုင်းရင်းသားများဖြစ်ကြသောကြောင့် ရှမ်းစကားမတတ်ပါက ဈေးဝယ်ဖို့ မလွယ်လှပါ။ ဝီရိယကောင်းလွန်းလှသော တိုင်းရင်းသားဒေသခံများကြောင့် ဈေးသည် မနက် ၆ နာရီလောက်ဆို လူတိုးမပေါက်အောင်ကျိတ်ကျိတ်တိုးနေတတ်ပြီး ၈ နာရီ ကျော်ပါက လူကွဲသွားတတ်ပါသည်။

မိုးရာသီဖြစ်သောကြောင့် ဈေးထဲတွင် ဟင်းသီးဟင်းရွက်များ အလျှံပယ်ပေါလှပါ၏။ အားလုံးမှာ ဈေးချိုလှသည်မို့ ပိုက်ဆံနည်းနည်းဖြင့် အသီးအရွက်များ များစွာဝယ်လို့ရပါသည်။

မေမေကျန်းမာရေး ကောင်းစဉ်က မေမေနှင့် ဈေးလာဝယ်သည့် အချိန်

mgyoe.com

mgyoe.com SAMPLE BOOK

များကို ကျွန်မ သတိရလှပါ၏။ မေမေသည် ဈေးဝယ်ရာတွင် စေ့ငှသလို အလွန်တရာလည်း ဈေးဆစ်ကြမ်းသူ ဖြစ်ပါသည်။ တစ်ခါတလေ ဆစ်ပြီးမှ မဝယ်သည်လည်း ရှိ၏။ ပစ္စည်းတစ်ခုကို သုံးဆိုင်လောက်မေး ဈေးဆစ်တတ်ပြီး ဈေးအတန်ဆုံးဆိုင်မှာဝယ်လေ့ ရှိသည်။ ကျွန်မသည် အမေ့ဈေးခြင်းတောင်း လိုက်ဆွဲပေးရင်း အမေဈေးဆစ်လွန်းသောကြောင့် မျက်နှာပူလှပါ၏။ ဤသည်ကိုသိသည့် အစ်မသည် အမေနှင့်ဈေးလိုက်ရမည်ကို သေမလောက် ကြောက်သူဖြစ်သည်။

ကျွန်မသည် ဈေးခြင်းတောင်းအား လက်တွင်ချိတ်ကာ တစ်ဈေးလုံးကို ခေါက်တုံ့ခေါက်ပြန် လျှောက်နေမိပါသည်။ လက်ထဲက ပိုက်ဆံက သိပ်မပါခဲ့သည်မို့ တွေ့ကရာလည်း လျှောက်မဝယ်ရဲပါ။ ပိုက်ဆံအနည်းငယ်ဖြင့် ဝယ်ရမည့် ဟင်းချက်စရာတို့သည် စားလို့လည်း ကောင်းရမည်၊ ဈေးလည်း သက်သာရမည်၊ များများလည်း ရရမည် စသည့်အချက်များဖြင့် ပြည့်စုံနေဖို့ လိုပါသည်။ထို့ကြောင့် ကျွန်မသည် မကျယ်လှသောဈေးအတွင်းမှ လူများကို တိုးကာ လျှောက်ရင်း ခြေထောက်များပင် တောင့်ခဲ၍လာလေသည်။

နောက်ဆုံးမှာတော့ အသားတန်းသို့သွားကာ မေမေ့အတွက် ကြက်သားကို မျက်စိစုံမှိတ်ကာ ဝယ်လိုက်သည်။ မေမေ့ကို ကျွန်မ ကြက်စွပ်ပြုတ်လေးချက်ကျွေးချင်သည်မှာ ကြာလှရှိပြီလေ။

ကြက်သားဝယ်ပြီးသည့်အခါ ကျွန်မတို့ မောင်နှမတွေ လောလောလတ်လတ် ချက်စားရန်အတွက် အသီးအရွက်တချို့ ဝယ်ရသည်။ ထို့နောက်မှာတော့ ကျွန်မတို့မောင်နှမတွေ အလွန်တရာကြိုက်လှသည့် ဝတုန်နှင့် မုန်ညင်းချဉ် ဝယ်လိုက်သည့်အခါ ပါလာသည့်ပိုက်ဆံလည်း ကုန်စင်သွားပါတော့သည်။

ကျွန်မတို့မောင်နှမတို့သည် ဝတုန်သုပ်ကို အလွန်တရာ ကြိုက်ကြ၏။ ကျွန်မတို့ မောင်နှမတွေအတွက်တော့ ဝတုန်နှင့် မုန်ညင်းချဉ်သုပ်သည် ဟင်းကောင်းတစ်ခွက်ဟုပင် ဆိုရပါမည်။ ဝတုန်အခဲကို အနေတော်လှီးဖြတ်ပြီး မုန်ညင်းချဉ်နှင့် ဆီအနည်းငယ်၊ ဆား၊ အချိုမှုန့် အနည်းငယ်ထည့်ကာ သုပ်စားလျှင် အလွန်တရာစားကောင်းလှသည်ပင်။

မေမေ ကျန်းမာရေးကောင်းစဉ် အချိန်တုန်းကတော့ ဝတုန်က ဝယ်စားစရာမလိုပါ။ ကျွန်မတို့မောင်နှမတွေ ကြိုက်လွန်းသောကြောင့် မေမေက ကိုယ်တိုင်လုပ်ပေးလေ့ ရှိသည်။ မီးဖိုဆောင်ကိစ္စကို စိတ်ဝင်စားသော ကျွန်မသည် မေမေထမင်းဟင်းချက်သည့်အခါတိုင်း ကူညီတတ်သောကြောင့် မေမေချက်တတ်သည့်

mgyoe.com

mgyoe.com
SAMPLE BOOK

ဟင်းမှန်သမျှကို ချက်တတ်ပါသည်။ မေမေ ဝတုန်လုပ်ရာတွင်လည်း ကူညီလုပ်ပေးရသောကြောင့် ဝတုန်လုပ်နည်းများကို ကျွန်မ ကောင်းကောင်းမှတ်မိနေ၏။

ဝတုန် လုပ်ရန်အတွက် လိုအပ်သည့်ဝဥများကို မေမေက တောထဲသွားမရှာနိုင်သည့်အခါများတွင် တောထဲသွားလေ့ရှိသော သူများထံ မှာယူပါသည်။ ဝဥတူးလာပေးသူကိုလည်း ပိုက်ဆံပေးစရာမလိုဘဲ လုပ်ပြီး ဝတုန်ပေးရုံနဲ့ရ၏။ ဝဥ ရလာပြီဆိုပါက မေမေသည် ဝဥများကို အမှိုက်သရိုက်နှင့် မြေစများ ပြောင်စင်အောင် ငါးကြိမ်၊ ခြောက်ကြိမ် အထပ်ထပ်ဆေးကြောသည်။ ထို့နောက် ဝဥကို အခွံသေချာခွာကာ သန့်စင်ပြီး ကျက်အောင်ပြုတ်ရ၏။ ဝဥကို သေချာ မသန့်စင်ပါက စားသည့်အခါ ပါးစပ်ထဲတွင် ယားတတ်ပါသည်။

ပြုတ်ပြီးပါက မေမေသည် ဝဥများကို ကျွန်မအရပ်နီးပါး မြင့်သော သစ်သားဆုံကြီးထဲတွင် ထည့်ကာ ညက်ညက်ကြေပြီး စေးသွားအောင် ထောင်းပါသည်။ ထောင်းလို့ပြီးပြီဆိုပါက ဇလုံကြီးထဲတွင်ထည်ကာ အအေးခံထားသည့် ရေနွေးကြက်သီးနွေးထည့်၍ သမအောင်မွှေရ၏။ ထို့နောက် စားလို့ရသည့် မဖောက်ထုံးရေကြည် အနည်းငယ်ရောထည့်ကာ သမပြီး စေးကပ်လာအောင် အထပ်ထပ်လက်ဖြင့် နယ်ရပါသည်။ ထိုသို့ နယ်နေရင်းမှ ဝတုန်သည် ပွလာပြီး တောင့်ခဲလာသည်။ ထို့နောက် လင်ဗန်းပြားကြီးထဲထည့်ကာ အအေးခံပြီး အေးခဲသွားသည့်အခါ တုံးအိအိ ဝတုန်ကိုရပါသည်။

ထိုအခါ ကျွန်မတို့မောင်နှမသည် ဝတုန်ကို ပါးပါးလှီးကာ မုန်ညှင်းချဉ်၊ ငရုတ်သီးစိမ်းနှင့်ရောသုပ်၍လည်းကောင်း၊ ကြော်၍လည်းကောင်း စားကြပါ၏။ အလွန်တရာကောင်းသည့် ဟင်းမို့ ကျွန်မသည် ဝတုန်ဟင်းကို ယနေ့တိုင် စွဲမြဲစွာကြိုက်ရဆဲ ဖြစ်ပါသည်။

ကျွန်မသည် ဈေးဝယ်ပြီး၍ ဈေးကပြန်ထွက်လာသည့်အခါ ဈေးအဝတွင်ရောင်းနေကြသော မှိုသည်ဆီသို့ အကြည့်ရောက်သွားခဲ့ပါသည်။ ယခုမှ တောထဲတွင် နုတ်လာပြီး လာရောင်းဟန်တူပါ၏။ ရေပင် မဆေးရသေးပဲ မှိုခြေထောက်ဖြူဖြူတို့တွင် မြေကြီးအနီများ ကပ်နေကြဆဲပင်။ လတ်ဆတ်တင်းမာနေသော မှိုများမို့ ဈေးကလူများ အလုအယက်ဝယ်နေကြ၏။ ကျွန်မသည် လက်ထဲတွင်ဝယ်ဖို့ ပိုက်ဆံကုန်သွားပြီဖြစ်သော်လည်း အလုအယက် ဝယ်နေကြသော မှိုသည်ထံသို့ သွားရောက်ခဲ့ပါ၏။ မှိုများသည် တောင်းကြီး နှစ်တောင်းအပြည့်ပင်။ ဝယ်သူများသည်လည်း ကျိတ်ကျိတ်တိုးကာ ဈေးသည်မှာ လက်မလည်အောင် ရောင်းနေရ၏။

mgyoe.com

mgyoe.com SAMPLE BOOK

ကျွန်မသည် မှိုသည်အဒေါ်ကြီးအား မှိုတွေကို ဘယ်မှာရှာလာတာလဲ ဟု ရှမ်းဘာသာစကားဖြင့် မေးလိုက်မိ၏။

"မြို့အဝင်က ထင်းရှူးတောထဲမှာပေါ့။ မနေ့ညက မိုးကောင်းလို့လား မသိဘူး။ ပေါက်လိုက်တာ အခင်းလိုက် ၊ အခင်းလိုက်ပဲကော"

စကားကြားသည့်အခါ ကျွန်မသည် မှိုနုတ်ချင်လွန်းသောကြောင့် မရိုးမရွပင် ဖြစ်ရလေသည်။ ထို့ကြောင့် အိမ်ကို ကမန်းကတန်းပြန်ပြီး မှို သွားနုတ်ဖို့ မြိုင့်ကို အဖော်သွားစပ်ရသည်။

"ခမ်းရယ်. . . တောထဲထိသွားရမှာ အဆင်ပြေပါ့မလား။ အဲဒီတောထဲ ငါတစ်ခါမှ မရောက်ဖူးဘူး။ နင်ရော ရောက်ဖူးလို့လား"

"အို. . . မြိုင်ကလည်း ဘာဖြစ်လို့လဲ။ မြို့အဝင်တင်ပဲဟာ။ တို့နှစ်ယောက် အဖော်ရနေတာပဲ။ မှိုတွေအများကြီး ပေါက်တာပါတဲ့ဆို၊ အဲဒါတောင်မှ ထင်းရှူးတောအစပ်တင် ရှာရသေးတာတဲ့။ အထဲမှာဆို ပိုပေါမှာပဲ။ ငါတို့လိုပဲ တခြားမှိုရှာသူတွေလည်း တောထဲမှာရှိရင်ရှိမှာပေါ့"

"အမေတို့ ပေးသွားပါ့မလား"

"ဟဲ့. . . သူတို့ကတော့ ပေးသွားပါ့မလား။ ခိုးသွားရမှာပေါ့။ ဘာမှ မပူနဲ့ နင်အမေက နင်အိမ်မှာမရှိရင် ငါအိမ်သွားတယ်ပဲ ထင်မှာ။ ငါ့အမေလည်း ငါအိမ်မှာ မရှိရင် နင့်အိမ်သွားတယ်ပဲထင်မှာပဲ"

ထို့နောက် ကျွန်မတို့နှစ်ယောက်သည် ပုလိုင်းကိုယ်စီလွယ်ကာ အိမ်မှ ခိုးထွက်ခဲ့ပါတော့သည်။ ကျွန်မသည် မှိုအများကြီးရသည့်အခါ ရောင်းပြီး မေမေ့အတွက် လိုအပ်သည့်ဆေးများ ဝယ်ပေးမည်ဟု ကြံစည်ထားကြောင်းကိုတော့ မြိုင်အား ပြောမပြဖြစ်ခဲ့ပါ။

❑

ကျွန်မတို့ ထင်းရှူးတောအစပ်သို့ ရောက်သည့်အခါ မိုးဖွဲလေးများ ကျဆင်းလာပါသည်။ ကျွန်မနှင့် မြိုင်သည် ခမောက်ကို ခပ်ငိုက်ငိုက် ဆောင်းကာ စိမ်းညို့နေသော ထင်းရှူးတောအုပ်ထဲသို့ အပြေးဝင်လိုက်ကြပါ၏။ ထင်းရှူးပင် ရိပ်အောက်တွင် မိုးအရှိန်ကြောင့် အေးစက်၍နေလေသည်။ ထင်းရှူးသီးနှံသင်းသင်း တို့ကလည်း နှစ်လိုဖွယ် သင်းပျံ့နေပါသေး၏။

ကျွန်မနှင့် မြိုင်သည် မြင့်မားလှသော ထင်းရှူးပင်အိုများကို ပြိုင်တူ မော့ကြည့်လိုက်မိကြပါသည်။ ထင်ရှူးပင်တို့သည် ကျွန်မတို့ နှစ်ယောက်အား

mgyoe.com

mgyoe.com

ငုံ့ကြည့်နေသလို ခံစားရပါ၏။ ထင်းရှူးပင်စည်တို့သည် မိုးရေဝထားသောကြောင့် စိုစွတ်ကာ ကြေးနီရောင် တောက်နေသည်။ အကိုင်းအခက်များမှာ တစ်ပင်နှင့် တစ်ပင် ကိုင်းချင်းယှက် လည်ချင်းဖက်လျက် ရှိသောကြောင့် တစ်တောလုံး အရိပ်ကျ၍ပင် နေပါတော့သည်။ အပင်များ၏အောက်ခြေတွင် ပြောင်ရှင်းနေပြီး နွေရာသီက အားပါးတရကြွေထားသည့် သေးဖွာချွန်မြသော ထင်းရှူးရွက်ကြွေ များဖြင့် ပြည့်နှက်လို့နေလေသည်။ မိုးရေဝနေသော နီညိုရောင်ထင်းရှူးရွက်ကြွေ တို့မှာ မြေကြီးပင် မမြင်ရအောင် အခင်းလိုက် ဖြစ်နေပါတော့သည်။

မြိုင်နှင့် ကျွန်မသည် ထင်းရှူးပင်များကိုကြည့်ပြီး အလိုလို ပျော်လာမိ ကြသည်။ မြိုင်သည် လက်ကလေးဆန့်တန်းကာ ခုန်ပေါက်နေ၏။ အပင်ပေါ်တွင် စိမ်းညို့နေသော ထင်းရှူးရွက်တို့သည် မိုးရေစက်များတွဲခိုကာ အရောင်လက် နေသည်။ မြိုင်က ထင်းရှူးရွက်ခူးရန် အကိုင်းတစ်ခုအား လှမ်းဖမ်းဆွဲလိုက်သည့် အခါ ပင်စည်သည် လှုပ်ခါပြီး အရွက်ပေါ်တင်နေသော မိုးရေစက်များက အလုံး အရင်း ကျဆင်းကုန်သောကြောင့် ကျွန်မတို့ နှစ်ယောက်လုံး အဝတ်များ ရွှဲစိုကုန် ပါသည်။

"အမလေး မြိုင်ရယ်။ စိုကုန်ပြီ။ နင်တော့နော် လုပ်လိုက်မှဖြင့်"

မြိုင်က သဘောကျစွာ တခစ်ခစ်ရယ်၏။ ထို့နောက် သေးဖွာသော ထင်းရှူးရွက်ချွန်လေးများအား စုကိုင်ကာ ကျွန်မ လက်မောင်းကို အရွက်ဖျား လေးဖြင့် လာထိ၏။ အပ်သဖွယ် ချွန်မြသောအရွက်တို့ကြောင့် ကျွန်မသည် ဆစ်ခနဲနာကာ ကယောင်ကတမ်း ထအော်မိပါတော့သည်။ ထိုအခါ မြိုင်သည် ကျွန်မကို လက်ညှိုးကလေးထိုးကာ အားပါးတရ ရယ်ပြန်လေသည်။ ထို့နောက် ကျွန်မတို့နှစ်ယောက်သည် အူမြူးစွာဖြင့် မှိုရှာခြင်းအလုပ်အား စတင်ကြပါတော့ သည်။

ကျွန်မတို့ လိုချင်သော ဖက်စိုမှိုများကို ရှာမတွေ့သေးသော်လည်း ထင်းရှူး မှိုလုံးများကိုတော့ များစွာ တွေ့ရလေသည်။ ကျွန်မတို့ ဒေသအခေါ် မီးထရှူးမှို (ထင်းရှူးမှိုလုံး)သည် ထင်းရှူးပင်များအောက်တွင် ပေါက်ပြီး မှိုလုံးအရွယ်စားမှာ အကြီးဆုံးဆိုပါက လူကြီးလက်သီးဆုပ်အရွယ်များပင် ရှိပါသည်။ မှိုအလုံးသည် တင်းမာလုံးဝန်းနေပြီး အထဲတွင် အနက်ရောင်ဖြစ်၏။ အနက်ရောင်ပေါ်တွင် ဖားဥလေးများလို အဖြူရောင်အစေ့လေးတွေပါ၏။ အင်ဥမှိုလုံးများနှင့် အလျား သဏ္ဌာန်တူပါသည်။

mgyoe.com

mgyoe.com SAMPLE BOOK

အင်ဥမှိုလုံးလေးများမှာ ဖန်ဂေါ်လီလုံးလောက် သေးသေးလေးများ ဖြစ်ကြပြီး ထင်းရှူးမှိုလုံးများမှာတော့ အရွယ်အစားကြီးလှသည်ပင်။ ထင်းရှူးမှိုလုံးသည် အင်ဥမှိုလုံးထက် စားရသည်မှာ နူးညံ့ပါသည်။ ကျွန်မတို့ အရပ်တွင်တော့ ထင်းရှူးမှိုလုံးများကို ရေစင်အောင်ဆေးပြီး ပါးပါးလှီးကာ ကြက်သွန်နီများများဖြင့် ကြော်စားလေ့ ရှိကြပါသည်။ ကျွန်မသည် ထင်းရှူးမှိုလုံးကြော်ကို အလွန်တရာ ကြိုက်ပါသောကြောင့် မှိုလုံးများအား ပျော်ရွှင်စွာ ကောက်တော့သည်။ ထင်းရှူးမှိုလုံးများသည်ကား ပေါလွန်းသည်ဖြစ်ရာ ခဏအတွင်းမှာပင် ပုလိုင်းတစ်ဝက်လောက်ပင် ပြည့်သွားသည်။

ကျွန်မနှင့် မြိုင်သည် စကားတပြောပြောဖြင့် လျှောက်လာရင်း ထင်းရှူးတောအတွင်းထဲသို့ ရောက်သည်ထက် ရောက်လာလေတော့သည်။ ကျွန်မတို့ ရှာသော ဖက်စိုမှိုများကိုလည်း တစတစ တွေ့လာရပါသည်။ ပထမတွင် တစ်နေရာ သုံးလေးပွင့်သာတွေ့ရသော်လည်း အတွင်းသို့ရောက်လာလေ မှိုများက ပိုပေါလာလေ ဖြစ်သည်။ အခင်းလိုက် အခင်းလိုက် ဖွေးခနဲ ပေါက်နေသော မှိုများကို ကျွန်မနှင့် မြိုင်သည် သူ့ထက်ငါဦးအောင် လုနုတ်ကြ၏။ နှစ်ယောက်လုံးသည်မှိုများ များစွာတွေ့သောကြောင့် အပျော်ကြီးပျော်ကာ မောပန်းမှန်းပင် မသိနိုင်အောင် တောင်ကုန်းများကို ကျော်ဖြတ်လာခဲ့ကြသည်။

မိုးသည် မကြီးလှသော်လည်း တဖွဲဖွဲဖြင့် အဆက်မပြတ် ရွာနေ၏။ ကျွန်မတို့ အဝတ်စားများသည်လည်း မခြောက်သွေ့နိုင်တော့လောက်အောင် ရွဲစိုကုန်လေပြီ။ ထင်းရှူးပင်ကြားဖြတ်တိုက်လာသော လေနုအေးများအား ထိတွေ့ရသည့်အခါ အသည်းခိုက်အောင်ပင် အေးလှပါ၏။ မိုးသက်လေတို့ကြောင့် တစ်ခုနှင့် တစ်ခုရှုပ်တိုက်နေသော ပင်စည်ထက်က ထင်းရှူးရွက်တို့၏ ရှပ်တိုက်သံသည် မြွေတွန်သံများလို တရှီရှီမြည်နေသည်။

မှိုင်းညို့ရီမှောင်နေသော ကောင်းကင်ကြီးထက်တွင် နေမင်းကြီးသည် လုံးလုံးလျားလျားပင် ကွယ်ပျောက်လို့ နေပါသည်။ ကျွန်မတို့ နှစ်ယောက်သည် ချမ်းလွန်းသောကြောင့် နှုတ်ခမ်းများပြာနှမ်းကာ မေးများပင် ရိုက်လာခဲ့လေတော့သည်။ မြိုင်သည် လက်ကလေးပိုက်ကာ ခိုက်ခိုက်တုန်နေ၏။ ကျွန်မကြောင့် မြိုင်ဒုက္ခရောက်နေသည်ကို တွေးမိသည့်အခါ အလွန်တရာ စိတ်မကောင်း ဖြစ်သွားရပါတော့သည်။

"မြိုင်. . . နင် အရမ်းချမ်းနေလား။ ငါတို့ပြန်ကြမယ်နော်"

mgyoe.com

mgyoe.com
SAMPLE BOOK

"အင်း. . . ပြန်ကြရအောင် ခမ်းရယ်။ ငါ အရမ်းချမ်းနေပြီ"

မြိုင်သည် စကားလုံးများပင် မပီပြင်တော့လောက်အောင် ခိုက်ခိုက်တုန်လေသည်။ ကျွန်မတို့ လွယ်လာကြသော ပလိုင်းတွင်လည်း မှိုများပြည့်သွားခဲ့လေပြီ။ နောက်ထပ်မှိုများ ထပ်ထပ်တွေ့နေသော်လည်း ကျွန်မတို့ မနုတ်ချင်တော့သလို ထည့်စရာလည်း ပါမလာတော့ပါ။ ကျွန်မတို့သည် အိမ်ပြန်ခရီးကို စတင်ကြရပါတော့သည်။

ကျွန်မတို့နှစ်ယောက်သည် အထပ်ထပ်ပေါက်နေသော ထင်းရှူးပင်များကြားတွင် ခြေစုံရပ်ကြရင်း အပြန်လမ်းကို ဘယ်အရပ်ဆီသို့ လှမ်းရမှန်း မသိဖြစ်သွားကြသည်။ ကျွန်မတို့၏ ဘေးပတ်လည် အရပ်လေးမျက်နှာသည် မြင့်မားသော ထင်းရှူးပင်ကြီးများ ကာဆီးထားပါသည်။ ကျွန်မတို့နှစ်ဦးသည် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ရင်း စိုးရိမ်ထိတ်လန့်သွားကြသည်။

"ခမ်း. . . ငါတို့ပြန်ရမယ့်လမ်းက ဘယ်ဘက်မှာလဲ"

ကျွန်မသည် ဘေးပတ်လည်ကို တစ်ပတ်ပြီးတစ်ပတ် ဝေ့ကြည့်ရင်း ဘယ်အရပ်သို့ သွားရမှန်းမသိ ဖြစ်နေပါတော့သည်။ ကောင်းကင်သည် မှိုင်းညို့ကာရီမှောင်နေသောကြောင့် နေမင်းကြီးကလည်း ဘယ်အရပ်မှာ ထွက်နေသည် မမြင်ရ၍ အရှေ့အနောက်တောင်မြောက် အရပ်မျက်နှာလည်း ကျွန်မတို့ မခွဲခြားတတ်တော့ပါ။ ကျွန်မသည် ခိုက်ခိုက်တုန်အောင် ချမ်းနေရင်းမှသည် တုန်ယင်မောဟိုက်သွားပါတော့သည်။ ယခုမှ ကြောက်သည့်စိတ်က ဝင်ရောက်လာ၏။ အမှန်ဆိုပါမူ ကျွန်မတို့ နှစ်ယောက်သည် လာရာလမ်းကို အမှတ်သားတစ်ခုခုတော့ ထားခဲ့ဖို့ကောင်းပါသည်။ မြိုင်က ကျွန်မကို အားကိုးတကြီးကြည့်ရင်း ပြောသည်။

"ခမ်း. . . နင်လမ်းမှတ်မိလားလို့"

"ငါလည်း မသိတော့ဘူး မြိုင်။ ငါ ဘယ်ဘက်က အပြန်လမ်းလဲ မမှတ်မိတော့ဘူး"

"အို. . . ဒါဆို ငါတို့ဘယ်လိုလုပ်ကြမလဲ ခမ်းရဲ့"

"နေပါဦး မြိုင်ရယ် စိတ်အေးအေးထားပါ။ နင်ကရော ငါတို့လာတာ ဘယ်ဘက်ကလို့ ထင်လဲ"

မြိုင်သည် တစ်ပတ်လည်အောင်ဝေ့ကြည့်ပြီးမှ အရပ်မျက်နှာတစ်ခုကို လက်ညှိုးထိုးပြီး ပြောပါသည်။

"ဒီဘက်ထင်တယ်. . . မဟုတ်ဘူး။ ဒီဘက်လားလို့. . . ။ ဟာ ငါလည်း

mgyoe.com

mgyoe.com SAMPLE BOOK
မသိတော့ဘူး"

ပြောရင်းမြိုင်က စိတ်ပျက်စွာခြေဆောင့်၏။ ကျွန်မတို့၏ဘေးပတ်ပတ်လည်တွင် မြင့်မားသောထင်းရှူးပင်၏ ပင်စည်များသည် တစ်ခုနှင့်တစ်ခု ဆင်တူဖြစ်နေကြသည်။ ကျွန်မသည် ဘေးပတ်လည်ကို ဝေ့ကြည့်ရလွန်းသောကြောင့် ခေါင်းများပင် မူးဝေနောက်ကျိလာ၏။ ယခုမှ ကျွန်မတို့ နှစ်ယောက်စလုံး ပိုမိုချမ်းလာသလိုရှိသည်။ နောက်ဆုံးတွင် ကျွန်မတို့ ရပ်နေသော နောက်ကျောဘက်အရပ်ကို အပြန်လမ်းဟုယူဆကာ ထွက်လာခဲ့ပါတော့သည်။

လူသွားလမ်းမရှိသော တောထဲတွင် ကျွန်မတို့ခြေလှမ်းတို့သည် သေချာရေရာမှု မရှိပါပေ။ သည်ထက်ဆိုးသည်ကား နေရာတိုင်းသည် ကျွန်မတို့ မရောက်ခဲ့သောနေရာများဟု စိတ်ထဲထင်မိသောကြောင့် ဖြစ်ပါ၏။

ကျွန်မတို့သည် တစ်ကိုယ်လုံးအေးစက် တောင့်ခဲလာလေသည်။ အပြန်လမ်းနေရာသို့ ယခုထိ အစအနပင် မတွေ့ရသေးပါ။ ကျွန်မတို့ဖြတ်ကျော်လာသော ထင်းရှူးပင်တို့သည် ယခုထိပင် မကုန်နိုင်သေးပေ။ ကျွန်မတို့၏ အနောက်မှာ အရှေ့မှာ ဘေးမှာ ပိတ်ပင်ကာဆီးထားဆဲပင်။

ကျွန်မတို့ ခြေလှမ်းများကို တတ်နိုင်သမျှ မြန်အောင်လျှောက်ကြသော်လည်း ကျွန်မတို့စီးထားသော ရာဘာဖိနပ်က မိုးရေနှင့်ရွှံ့တို့ရောစပ်ကာ ချောနေသောကြောင့် ရှေ့သို့မရောက်ပေ။ ဖိနပ်များက ကျွန်မတို့ ခြေထောက်များကို ဆွဲထားသလိုဖြစ်နေပြီး ခြေထောက်ဘေးတွင် ဖိနပ်သဲကြိုးနှင့် ပွတ်တိုက်ပါများသောကြောင့် ပွန်းပဲ့ကာ နာနေလေပြီ။ တစ်နေရာ အရောက်တွင် မြိုင်က သစ်မြစ်တစ်ခုကို ခလုတ်တိုက်ကာ လဲကြသွား၏။ မြိုင့် ပလိုင်းထဲမှ မှိုများ ကစင့်ကလား ထွက်ကျကုန်လေသည်။ ကျွန်မသည် မြိုင့်ကို အပြေးသွားထူရပါသည်။ မြိုင့်တစ်ကိုယ်လုံးအေးစက်နေသောကြောင့် ကျွန်မ အလွန်တရာကြောက်လန့်သွား၏။

"ရရဲ့လား မြိုင်"

"ငါတို့ခဏ နားရအောင်ခမ်းရယ်၊ ငါ မလျှောက်နိုင်တော့ဘူး။ ခြေထောက်တွေလည်း ပေါက်နေပြီ"

"အေးပါ မြိုင်ရယ် နားကြမယ်နော်"

ကျွန်မတို့သည် ဖိနပ်ကို ဖင်ခုထိုင်လျက် ထင်းရှူးပင်စည်ကို မှီချကာ နားကြပါတော့သည်။ မိုးသည် ဖွဲရာမှ သည်းလာသလိုရှိ၏။ အေးစိမ့်သော ထင်းရှူးပင်ရိပ်တို့သည် ရိုးတွင်းခြင်ဆီတိုင်အောင် ခိုက်ခိုက်တုန်အေးစေသည်။ ယခုချိန်

mgyoe.com

mgyoe.com SAMPLE BOOK

လောက်ဆို ဘယ်နှနာရီလောက်ရှိပြီလည်း ကျွန်မ မခန့်မှန်းတတ်တော့ပါ။ အိမ်မှ ထွက်လာခဲ့သည်မှာတော့ အတော်လေးကြာနေသည်မှာ သေချာပါသည်။ ဤ ထင်းရှူးတောကြီးထဲတွင် ကျွန်မတို့နှစ်ယောက်သည် ဘယ်အချိန်ထိ ပိတ်မိနေကြ မည်နည်းဟု တွေးကြည့်မိသည့်အခါ ကျွန်မသည် အလွန်တရာ ကြောက်လန့်သွား ပါတော့သည်။

ကျွန်မတို့သည် စိုးထိတ်မှုများစွာဖြင့် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ကာ အကြံထုတ်ကြသည်။ ကျွန်မ ခေါင်းထဲတွင် အကြံတစ်ခု လှစ်ခနဲ ဝင်ရောက်လာခဲ့ပါသည်။

"မြိုင်. . . ငါ အကြံရပြီ။ ငါတို့အပင်ပေါ် တက်ပြီး လမ်းဘယ်မှာရှိလဲ ဆိုတာ ကြည့်လို့ရတယ်လေ။ အမြင့်ကနေဆိုရင် ငါတို့ကားလမ်းကို မြင်နိုင်မှာပဲ"

"ငါ အပင်ပေါ် မတက်ရဲဘူး ခမ်း။ နင်တက်ရဲလို့လား"

"ရတယ်. . . ရတယ်. . .။ ငါတက်မှာပေါ့"

"အပင်က မိုးရေတွေနဲ့ ချောနေတာ အဆင်ပြေပါ့မလား။ ပြုတ်ကျ နေဦးမယ် ခမ်းရယ်"

"ရတယ်။ ငါ သေချာ သတိထားပြီး တက်မယ်။ အနည်းဆုံးလမ်းကို မြင်ရရင် ဘယ်ဘက်ကို သွားရမလဲဆိုတာ သိရမှာပဲ။ အဲဒါဆိုတို့ ဒီတောထဲက ထွက်လို့ရပြီလေ။ ဟုတ်တယ်မလား"

ကျွန်မ စကားကြားသည့်အခါ မြိုင်မျက်နှာ ဝင်းပသွားတော့သည်။ ထို့နောက် ကျွန်မသည် ထင်းရှူးပင်ပေါ် အမိအရ ဖက်တွယ်ကာ တက်သွားလိုက် ၏။ ဒူးအစုံတို့ တဆတ်ဆတ်တုန်ယင်စွာဖြင့် ခက်ခဲစွာတက်ရင်း အမြင့်ဆုံး နေရာသို့ ကျွန်မ ရောက်ခဲ့ပါသည်။

ကျွန်မသည် အပင်ထိပ်ဖျားက ထင်းရှူးကိုင်းတစ်ခုပေါ် သို့ အမိအရ ခြေကုပ်ယူကာ ပတ်ဝန်းကျင်ကို ကြည့်လိုက်၏။ တစ်တောလုံး တစ်တောင်လုံး စိမ်းညို့နေသော ထင်းရှူးပင်တို့သည် တဖွဲဖွဲရွာနေသော မိုးစက်များအောက်တွင် ငြိမ်ဝပ်ပိပြား၍ နေလေသည်။ ကျွန်မ၏ ခြေဖဝါးအစုံသည် ကိုင်းဖျားသေးသေး လေးပေါ် နင်းထားရသောကြောင့် အလွန်တရာ နာကျင်လို့နေ၏။ အပ်အဖျားများ သဖွယ်စူးလှသည့် သေးဖွာသော ထင်းရှူးရွက်ချွန်ချွန်တို့သည် ကျွန်မဝတ်ထား သော ချည်အင်္ကျီပါးပါးတို့ကိုဖောက်ကာ စူးဝင်လို့နေလေသည်။ မျက်နှာပေါ် သို့ စီးကျနေသော မိုးရေစက်များကို လက်ဖဝါးဖြင့်သပ်ချကာ မြင်ကွင်းကို ရှင်းလိုက်၏။

mgyoe.com

mgyoe.com SAMPLE BOOK

ထို့နောက် ကျွန်မသည် ဘေးပတ်လည်ကို စူးစိုက်ကြည့်လိုက်မိပါသည်။

ကျွန်မနှင့် ကျောခိုင်းလျက်ရှိသောနေရာတွင် ဖဲကြိုးမျှင်လေးသဖွယ် သွယ်တန်းပြီး မိုးရေကြောင့် အရောင်လက်နေသော ကတ္တရာလမ်းမကြီးကို မြင်လိုက်ရသည့်အခါ ကျွန်မ အလွန်တရာ ပျော်ရွှင်သွားရပါတော့သည်။ ကျွန်မတို့ လမ်းမရှိရာ အရပ်ကိုရှာတွေ့ခဲ့လေပြီ။

"မြိုင်ရေ. . .။ ငါလမ်းမကို မြင်ရပြီ မြိုင်။ ငါ မြင်ရပြီ"

"ဟုတ်လား။ ဝမ်းသာလိုက်တာ ခမ်းရယ်။ ဒါဆို နင်ဆင်းခဲ့တော့။ မိုးရေတွေ အရမ်းရွှဲနေတယ်။ သတိထားဆင်းနော်"

ကျွန်မသည် မိုးရေများဖြင့် ရွှဲစိုနေသော ထင်းရှူးကိုင်းတစ်ခုကို သတိကြီးစွာထား၍ ဆုပ်ကိုင်ကာ အောက်ဆင်းရန် ပြင်လိုက်သည်။ ရုတ်တရက် အောက်သို့ ငုံ့ကြည့်လိုက်မိသည့်အခါ ကျွန်မတစ်ကိုယ်လုံး တုန်ယင်မောဟိုက် သွားပါတော့သည်။

ဘုရားရေ. . .။ ငါအမြင့်ကြီးမှာ ရောက်နေပါလား။

အတက်တုန်းက ဇောနှင့်တက်ခဲ့သည်မို့ မသိသာသော်လည်း အခု ပြန်ဆင်းမည့် အချိန်မှ ကျွန်မသည် အတော်လေးမြင့်မြင့်သို့ ရောက်နေသည်ကို သတိပြုမိလေတော့သည်။ အောက်မှာ ကျွန်မကို စိုးရိမ်တကြီး မော့ကြည့်နေသော မြိုင့်ခန္ဓာကိုယ်သည် ပုပုသေးသေးလေး ဖြစ်နေသည်။ အညိုရောင်သန်းနေသော ထင်းရှူးရွက်ကြွေတို့သည် ကျွန်မ အမြင်အာရုံကို မူးဝေသွားစေသည်။

ကျွန်မသည် သတိထားနေရင်းမှ အလိုလို ဒူးများတုန်လာ၏။ အသက်ရှူသံတို့သည်မြန်လာပြီး ရင်တို့ တဒိန်းဒိန်း ခုန်လာသည်။

"မြိုင်ရေ. . . ငါအမြင့်ကြီးမှာ ရောက်နေတာပဲ။ ငါ မဆင်းရဲတော့ဘူး မြိုင် ဘယ်လိုလုပ်မလဲ"

"အို. . . ဘယ်လိုဖြစ်ဖြစ် နင်ရအောင်ဆင်းရမှာပေါ့ ခမ်းရဲ့။ ကြိုးစားပြီး ဆင်းကြည့်ပါနော်"

"ဟင်းအင်း. . . ဟင်းအင်း. . . မဆင်းရဲတော့ဘူး မြိုင်။ ငါကြောက်တယ်"

"အောက်ကိုမကြည့်နဲ့ ခမ်း။ အောက်ကိုကြည့်နေရင် နင်ပိုကြောက်လေ့မယ်။ နင်ဘေးက အကိုင်းခက်တွေကိုပဲ အာရုံစိုက်ထား။ လက်တွေကို မြဲမြဲ ဆုပ်ထား။ နင့်ခြေထောက်တွေကို သစ်ကိုင်းပေါ် မြဲအောင် တင်ထား။ အသက်ကို

mgyoe.com

mgyoe.com SAMPLE BOOK

ပုံမှန်ရှူ။ ဖြေးဖြေးချင်းပဲဆင်း။ နင်လုပ်နိုင်ပါတယ် ခမ်းရယ်။ နင် ဒီလောက် အမြင့်ကြီးကိုတောင် တက်နိုင်သေးတာ။ နင် ပြန်ဆင်းနိုင်ပါတယ်။ ငါ နင့်ကို ယုံတယ်။ နင်လုပ်နိုင်တယ်"

ကျွန်မသည် တစ်ကိုယ်လုံး တဆတ်ဆတ် တုန်ယင်နေသော်လည်း မြိုင်ပြောသည့်အတိုင်း သတိကြီးစွာထား၍ ဆင်းခဲ့မိပါသည်။ သို့သော် ကြောက်သည့်စိတ်က ပိုနေသောကြောင့် ခြေထောက်ကို မြဲမြဲအောင်မထိန်းနိုင်ဘဲဖြစ်နေ၏။ တုန်ယင်စွာ ဆင်းနေရင်းမှ တဖြည်းဖြည်း အပင်တစ်ဝက်သို့ ရောက်သည့် အခါမှာတော့ ကျွန်မသည် တုန်ယင်နေသော ဒူးများကို ဆက်မထိန်းနိုင်တော့ပါ။ အကိုင်းတစ်ခုပေါ် ဖိနင်းထားသော ကျွန်မခြေဖဝါးသည် မိုးရေများဖြင့် ချော်ပြီး လွတ်ထွက်သွားတော့သည်။

"အမေ့. . . "

ကယောင်ကတမ်း အော်ရင်းမှ ကျွန်မခန္ဓာကိုယ်သည် အောက်သို့ လျှောကျသွားသည်။ အပင်ပေါ်က ပြုတ်ကျသွားပြီကို သိလိုက်သည့်အခိုက် ကျွန်မခေါင်းထဲတွင် မူးဝေသွားပြီး ထိတ်ခနဲဖြစ်သွားသည်။ ထို့နောက် လက်ထဲတွင် ဖမ်းမိဖမ်းရာ ထင်းရှူးကိုင်းတစ်ခုကို ဆွဲဖမ်းလိုက်မိပြီး အမိအရ ဆုပ်ကိုင်ထားလိုက် မိတော့သည်။

တော်ပါသေး၏။ ကျွန်မ အောက်သို့ကျမသွားပါ။ သို့သော်လည်း အမိအရ ဖမ်းဆွဲလိုက်ရသည့် သစ်ကိုင်းကြောင့် လက်မှာအတော်လေး နာကျင်သွားသည်။ ပွန်းပဲ့ပြီးသွေးများပင် ထွက်နေလောက်လေပြီ။ ကျွန်မ မြိုင်ကို ငုံ့ကြည့်လိုက်သည့် အခါ မြိုင်က အလန့်တကြားဖြင့် ကျွန်မနာမည်ကို အော်ခေါ်ပြီး ကျွန်မ ပြုတ်ကျ သည်ကို မကြည့်ရဲစွာဖြင့် မျက်လုံးများကို လက်ဖဝါးဖြင့် ဖိအုပ်ထားလေသည်။ ကျွန်မသည် မြိုင်နှင့် လက်တစ်ကမ်းလောက်တွင် တွဲလဲဖြစ်နေ၏။

"မြိုင်. . . ငါ့ကို ကူပါဦး"

ကျွန်မ အသံကြားသည့်အခါမှ မြိုင်သည် ကွယ်ထားသည့် လက်ဖဝါး များကိုဖယ်ကာ အလန့်တကြား မော့ကြည့်လာသည်။

"အမလေး ခမ်းရယ်။ နင်ပြုတ်ကျပြီ ထင်တာ။ တော်သေးတာပေါ့။ တော်သေးတာပေါ့ ခမ်းရယ်။ ဘုရားကယ်တာပဲ"

ပြောရင်း မြိုင်သည် မလုပ်တတ်မကိုင်တတ်ဖြစ်ကာ ကျွန်မ ခြေထောက် ကို လှမ်းဖမ်းဆုပ်ရန် ကြိုးစားသည်။ သို့သော်လည်း ကျွန်မ ခြေထောက်ကို လှမ်းဖမ်း

mgyoe.com

mgyoe.com
SAMPLE BOOK

မမိပါ။ သစ်ကိုင်းအဖျားအား ဖမ်းဆုပ်ထားသော ကျွန်မ၏လက်ဖဝါးနှစ်ဖက်သည် မခံမရပ်နိုင်အောင် နာကျင်လာသည်။

"မြိုင်. . . ငါ့လက်တွေ နာလှပြီ။ ငါ တောင့်မခံနိုင်တော့ဘူး။ ငါ့ကို ကူပါဦး မြိုင်ရယ်"

ပြောရင်း ကျွန်မသည် နာကျင်လွန်းသောကြောင့် မျက်ရည်များစီးကျလာ၏။ မြိုင်သည်လည်း မလုပ်မကိုင်တတ်ဖြစ်ကာ ကျွန်မအား မကြည့်ရက် စွာဖြင့် ငို၍နေလေသည်။ ရုတ်တရက် ကျွန်မ ဆုပ်ကိုင်ထားသော သစ်ကိုင်းသည် ခွပ်ခနဲ မြည်ကာ ကျိုးမလိုဖြစ်သွား၏။ ကျွန်မသည်လည်း ဆက်လက်တောင့်ခံ မနိုင်တော့ သဖြင့် လက်နှစ်ဖက်အား မျက်စိစုံမှိတ်ကာ လွှတ်ချလိုက်မိပါတော့သည်။

ကျွန်မခန္ဓာကိုယ်သည် မြိုင့်ပေါ်သို့ ဝရုန်းသုန်းကား ကျသွားပြီး မြိုင်နှင့် ကျွန်မသည်နှစ်ဦးသား လုံးထွေးကာ မြေပြင်ပေါ် လှဲကျသွားတော့သည်။ ကံကောင်း စွာဖြင့် ကျွန်မတို့သည် အထပ်ထပ်ကြွေနေသော ရွက်ကြွေများပေါ် ကျသဖြင့် ဒဏ်ရာကြီးကြီးမားမား မရကြပါ။ နှစ်ယောက်သားသည် တစ်ယောက်ကို တစ်ယောက် စိုးရိမ်စွာဖြင့် "ဘာဖြစ်သွားသေးလဲ" ဟု ပြိုင်တူမေးမိကြ၏။ နှစ်ဦးစလုံး ဘာမှမဖြစ်သည်ကို သိရသည့်အခါမှ ရွက်ကြွေများပေါ် ပက်လက်ပြန်လှန်အိပ်ရင်း တခစ်ခစ်မြည်အောင် ရယ်မိကြပါလေတော့သည်။

❑

ကျွန်မတို့နှစ်ယောက် အိမ်ပြန်ရောက်သည့်အခါ အချိန်ပင်အတော်လေး လင့်နေခဲ့ပြီ။ တစ်နေကုန်ပျောက်နေသော ကျွန်မတို့နှစ်ယောက်ကို ဖေဖေနှင့် မေမေသည် စိုးရိမ်တကြီး ဖြစ်နေကြ၏။ ဖေဖေသည် အိမ်ရှေ့ဆင့်တုံးတွင် ထိုင်ကာ လမ်းဘက်ကို တမျှော်မျှော်ဖြစ်နေသည်။ ကျွန်မနှင့် မြိုင်ကိုတွေ့သည့်အခါ ဒေါသ တကြီး လှမ်းအော်ပြောပါတော့သည်။

"နင်တို့ အခုဘယ်ကပြန်လာကြတာလဲ"

ကျွန်မသည် ဖေဖေ့ဒေါသဖြစ်နေသည်ကို တစ်ခါမှ မတွေ့ဖူးသဖြင့် ထိတ်ထိတ်ပြာပြာ ဖြစ်သွားရသည်။ ကျွန်မ အရိုက်ခံရတော့မည်ဆိုတာ သေချာ သွားခဲ့ပြီ။ ထို့ကြောင့် ကျွန်မက ဖေဖေ့ကို မဝံ့မရဲကြည့်ကာ ပုလိုင်းထဲက မှိုများအား လက်ညှိုးထိုးပြ၍ပြောလိုက်ပါတော့သည်။

"ဟို. . . တောထဲမှိုသွားရှာတာ. . ."

ကျွန်မစကားပင် မဆုံးသေးခင် ဖေဖေသည် ကျွန်မကို လက်မောင်းကွင်းနေ

mgyoe.com

mgyoe.com SAMPLE BOOK

ဆောင့်ဆွဲကာ ကျွန်မလည်ဂုတ်ကို အချက်ပေါင်းများစွာ ရိုက်လေသည်။ ဖေဖေသည် ယခုကဲ့သို့ တစ်ခါမှမရိုက်ဖူးသဖြင့် ကျွန်မသည် ဝမ်းနည်းလွန်းပြီး တအိအိ ရှိုက်ငို မိပါ၏။

"နင်တို့ပုံစံကိုပြန်ကြည့်ဦး ဘာရုပ်တွေဖြစ်နေတယ်ဆိုတာ။ နင့်ကို အဲဒီ တောထဲ ဘယ်သူက မှိုသွားရှာခိုင်းလို့လဲ။ မိန်းကလေးတွေတန်မဲ့ တောထဲ မှိုသွား ရှာရလောက်အောင် ရဲတင်းဦးမလား နောက်တစ်ခါ။ ပေးစမ်း အဲဒီပလိုင်း. . . ။ ပေး. . . ။ သွား. . . အဲဒီမှိုတွေ သယ်မလာနဲ့"

ဖေဖေသည် ပြောပြောဆိုဆို ကျွန်မပုလိုင်းအား အတင်းဆွဲဖြုတ်ကာ အဝေးသို့ ပစ်ထုတ်လိုက်လေသည်။ ကျွန်မ နုတ်လာသော လတ်လတ်ဆတ်ဆတ် မှိုများမှာ အိမ်တလင်းပေါ် တွင် မြင်မကောင်းစွာ ပျံ့ကျဲကုန်၏။ ကျွန်မသည်လည်း ကိုယ့်အပြစ်နှင့်ကိုယ်မို့ ငိုနေရုံသာ တတ်နိုင်ပါတော့သည်။ ကျွန်မအား ဖေဖေ ရိုက်နေသည်ကိုမြင်သည့်အခါ မြိုင်သည် ကြောက်လန့်တကြားဖြင့် အိမ်ကို အပြေး ပြန်သွားလေသည်။

ခဏကြာသည့်အခါ မြိုင်ခြံဘက်မှ မြိုင့်မေမေ မြိုင့်ကိုရိုက်နေသည့် အသံနှင့်အတူ မြိုင့်ငိုသံပါ ကြားရသည်။ မြိုင့်မေမေသည် မြိုင့်ကိုဆူငေါက်ပြီး နောက်ဆုံးတွင် ကျွန်မတို့ကြားအောင် အကျယ်ကြီးအော်ပြောလေသည်။

"ဟိုဘက်က ကိုယ့်သမီး ဇကိုသိရင် ကိုယ့်သမီးကိုယ်နိုင်အောင် ထိန်းကြ။ ငါ့သမီးနဲ့ ဆက်ဆက်စပ်စပ် လာမလုပ်ခိုင်းနဲ့။ နင်လည်း ကြပ်ကြပ်သတိထား မုဒြာမြိုင် အပေါင်းသင်းကြောင့် ဟိုအတန်းရောက်နေမယ်။ ကိုယ့်အဆင့်တန်းနဲ့ ကိုယ်နေစမ်း"

"ခင်ဗျား ဘာစကားပြောတာလဲ၊ ဒေါ်သန်းမြိုင်. . . ကျုပ်သမီးက ဘာဖြစ်နေလို့လဲ။ ခင်ဗျားစကားပြောတာ ကြည့်ပြော။ ကလေးချင်းကိစ္စ လူကြီး တွေထိ ပါမလာချင်ရင် ခင်ဗျားစကားအပြောအဆိုဆင်ခြင်"

"မဆင်ခြင်တော့ ဘာဖြစ်ချင်လဲ၊ နင်တို့က ဘယ်လောက် သောက်ဆင့် ရှိလို့လဲ"

မြိုင်မေမေသည် ပိုက်ဆံရှိသူပီပီ စကားကို အထက်စီးကပြောဆိုရင်း ပြဿနာသည် သေးရာမှကြီးသွားခဲ့လေသည်။ နောက်ဆုံးတွင် ကျန်းမာရေး မကောင်းသည့် မေမေပင် မခံနိုင်တော့ပဲ တစ်ယောက်နဲ့တစ်ယောက် အပြန်အလှန် အော်ဟစ် ဆဲဆိုကြပါတော့သည်။ ကျွန်မသည် ကိုယ့်အပြစ်နှင့် ကိုယ်မို့ ဘာမှမပြော

mgyoe.com

mgyoe.com SAMPLE BOOK

နိုင်တော့ပဲ ငိုနေသည်သာ တတ်နိုင်ပါတော့၏။ နောက်ဆုံးတွင်တော့ ဖေဖေသည် မြိုင့်မေမေ မကြားဝံ့မနာသာအောင် ဆဲဆိုနေသည်ကို ရှက်လာ၍ ဖေဖေ့ဘက်က စတင်လျှော့လိုက်တော့သည်။ ဤသည်ကိုပင် မြိုင့်မေမေသည် အတော်နှင့် မပြီးပြတ်နိုင်ဖြစ်နေသေးတော့သည်။

နောက်နေ့တွင်တော့ မြိုင်က အသည်းအသန်ဖျားပါလေသည်။ ကျွန်မသည် မြိုင့်ကိုစိတ်ပူပြီး သတင်းသွားမေးချင်သော်လည်း မြိုင့်အိမ်ဘက်သို့ မသွားရဲသလို မေမေနှင့်ဖေဖေသည်လည်း မသွားရန် အပြင်းအထန် တားမြစ်ထားသောကြောင့် မသွားခဲ့ရပါ။ မြိုင့်အဖျားသည် တော်တော်နှင့် မပျောက်တော့ပဲ အိမ်ကို ဆရာဝန်ပင့်ကာ ကုနေရသည်။ ထိုရက်များသည် ကျွန်မအတွက် ခက်ခဲလွန်းသောနေ့ရက်များဖြစ်ခဲ့၏။

ခြံချင်းကပ်နေသော်လည်း မြိုင့်ကိုမတွေ့ရဘဲ မြိုင့်သတင်းကို နားစွင့်၍ နေအမြန်ကောင်းဖို့ ဆုတောင်းပေးရုံသာ တတ်နိုင်ပါတော့သည်။ မြိုင့်မေမေကတော့ သူ့သမီးဖျားခြင်းသည် ကျွန်မကြောင့်ဖြစ်သည်ဟု ယူဆထားသည်ဖြစ်ရာ မြိုင်မသက်သာလေ ကျွန်မကို အခဲမကြေလေသာ ဖြစ်နေလေ၏။

နောက်ဆုံးမှာတော့ မြိုင့်မေမေသည် ကျွန်မတို့အိမ်နှင့် သူ့အိမ်ကြားက သံဇကာ ခြံစည်းရိုးအဟောင်းကို ဖြိုချပြီး ကျွန်မ၏ အရပ်နှစ်ပြန်စာလောက်မြင့်သော အုတ်တံတိုင်းကြီးအား ခတ်လိုက်လေသည်။

ကျွန်မသည် တစ်ရပ်တစ်လူမြင့်သော အုတ်တံတိုင်းကြီးအား မော့ကြည့်ရင်း မြိုင်နှင့် ကျွန်မ ကမ္ဘာခြားသွားသလို ခံစားလိုက်ရပါတော့သည်။

❑

ဒေါ်ခမ်းသည် သူပြောပြနေသောဇာတ်လမ်းအား ထိုနေရာအရောက်တွင် ရပ်၍ အနွေးထည်အိတ်ကပ်ထဲက ဖုန်းအားထုတ်ကာ နာရီကြည့်လိုက်လေသည်။ ပတ်ဝန်းကျင်တွင် အအေးဓာတ်တို့ လုံးလုံးလားလား ပျောက်သွားခဲ့လေပြီ။ နေပူနေပြီဖြစ်သောကြောင့် ကျွန်တော်တို့သည်လည်း အရိပ်တစ်ခုသို့ ရွှေ့ပြောင်းထိုင်ရန် လိုအပ်ပြီဖြစ်ပါ၏။ သို့သော်လည်း ကျွန်တော်သည် ဘာကိုမှ သတိမပြုနိုင်သေးဘဲ ဒေါ်ခမ်း ထပ်ပြောလာမည့်စကားများကို နားစွင့်နေမိပါသည်။

"၉ နာရီတောင်ထိုးတော့မှာပဲ. . . ဒီနေ့တော့ ဒီလောက်နဲ့ပဲ ဖြတ်ထားလိုက်ရအောင်ရှင်။ ကျွန်မ မွေးလူနာသတင်း သွားမေးရဦးမှာ မလို့ပါ"

"ဩော်. . . ဟုတ်ကဲ့ပါခင်ဗျာ။ အစ်မခမ်းနဲ့ မြိုင်အကြောင်း နားထောင်လို့

mgyoe.com

mgyoe.com SAMPLE BOOK

ကောင်းနေတာနဲ့တင် အချိန်ဒီလောက်ထိ ရှိသွားမှန်းမသိလိုက်ဘူး"

အစ်မခမ်းသည် လှပစွာပြုံးရင်း ဆံပင်များအား သပ်တင်လိုက်သည်။ ထို့နောက် ဖုန်းအား အနွေးထည်အိတ်ကပ်ထဲ ပြန်ထည့်ရင်းပြော၏။

"ကျွန်မ ခန့်မှန်းတာ မမှားဘူးဆိုရင် ကျွန်မပြောပြတာနဲ့ ပတ်သက်ပြီး ရှင်တစ်ခုခုကို အလိုမကျ ဖြစ်နေလောက်တယ်"

"ခင်ဗျာ. . . ဘာလို့"

"အခုချိန်ထိ ကျွန်မပြောပြတဲ့အထဲမှာ အိုက်ထူးအကြောင်း နည်းနည်းမှ မပါသေးဘူးလေ"

ထိုအခါမှ ကျွန်တော်သည် အစ်မခမ်းအား အားနာစွာ ပြုံးပြမိပါတော့သည်။ အမှန်တကယ် ကျွန်တော့်စိတ်ထဲမှာ ထိုသို့အတွေးရောက်နေသည်ကို မငြင်းလိုပါ။

"ရှင် ဒီအတွက် စိတ်ထဲစနိုးစနှောင့် မဖြစ်ပါနဲ့။ ကျွန်မပြောပြနေတဲ့ အကြောင်းတွေဟာ အိုက်ထူးဆီကိုပဲ ဦးတည်သွားနေတာပါ။ ကဲ အခုတော့ ကျွန်မ ပြန်လိုက်ပါဦးမယ်။ မနက်ဖြန်ကျ ဒီအကြောင်းတွေ ပြန်ဆက်တာပေါ့ရှင်"

ထို့နောက် ဒေါ်ခမ်းသည် ကျွန်တော်နှင့် အစ်မဖြစ်သူအား နှုတ်ဆက်ကာ ဆိုင်ကယ်နှင့် ပြန်ထွက်သွားပါလေတော့သည်။

♦♦♦

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း (၆)

ညနေစောင်းချိန်ရောက်သည့်အခါ ကျွန်တော်သည် အစ်မဖြစ်သူနှင့် အတူ ဒေသစာများလျှောက်စားရန် ဆိုင်ကယ်နှင့်အိမ်က ထွက်ခဲ့ပါသည်။ မြို့ကလေး၏ ညနေစောင်းသည် ချမ်းစိမ့်စိမ့်ဖြင့် နေလို့ကောင်းလှပါ၏။ လူနေ ကျဲပါးသော နယ်မြို့လေးဖြစ်သည်နှင့်အညီ လမ်းဘေးဝဲယာတို့မှာ သပ်ရပ်သန့်ရှင်း နေသည်။ ကျွန်တော်တို့မောင်နှမသည် လမ်းဘေးက ရှမ်းခေါက်ဆွဲဆိုင်သေးသေး လေးတွင် ရှမ်းခေါက်ဆွဲ ဝင်စားကြသည်။

ရှမ်းတိုင်းရင်းသူများရောင်းသည်မို့ အရသာမှာ ပြောဖွယ်ရာမရှိပါပေ။

ဤဒေသ၏ စားကောင်းသော အစားအစာကိုပြောပါဆိုလျှင် ရှမ်းခေါက် ဆွဲကိုသာ ညွှန်ပြရမည်ပင်။ မြို့တွင် ရှမ်းခေါက်ဆွဲဖတ်လုပ်သည့်စက်များ များစွာ ရှိသည်။ ခေါက်ဆွဲဖတ် လုပ်သောဆန်မှာ ကိုယ်တိုင်စိုက် လယ်ဆန်ဖြစ်၏။

ရှမ်းပြည်၏ ဆန်များမှာ မြန်မာပြည်အလယ်ပိုင်းက ဆန်များနှင့်မတူပါ။ ရှမ်းပြည်ဒေသထွက် ဆန်များမှာ စေးကပ်ပြီး ကောက်ညှင်းဆန်နှင့် တူလှပါ၏။ ထိုဆန်များကို ရှမ်းဆန်ဟု အလွယ်ခေါ်ကြပြီး၊ မြန်မာပြည် အလယ်ပိုင်းက ဆန်များ ကိုတော့ ဗမာဆန် ဟု အလွယ်တကူ ဒေသအခေါ်များရှိပါသည်။ ရှမ်းခေါက် ဆွဲဖတ်များကို စေးကပ်သော ရှမ်းဆန်များဖြင့်လုပ်ကြသည်ဖြစ်ရာ ခေါက်ဆွဲဖတ်မှာ စေးပိုင်အိထွေးကာ စားလို့ကောင်းလှပါသည်။

mgyoe.com

mgyoe.com
SAMPLE BOOK

ကျွန်တော်တို့မောင်နှမနှစ်ယောက်သည် ရှမ်းခေါက်ဆွဲစားပြီးသည့်အခါ မြို့လယ်တွင်ရှိသော လဲချားမြို့ကလေး၏ အထင်ကရပြယုဂ်တစ်ခု ဖြစ်သည့် မဟာမြတ်မုနိဘုရားကြီးအား ဝင်ရောက်ဖူးမြော်ကြလေသည်။

အနည်းငယ်မှောင်သလိုရှိသော ဘုရားအဝင်စောင်းတန်းလေးအတိုင်း ဝင်ခဲ့ကြပြီးသည့်အခါ စေတီ၏အတွင်းဘက်တွင် စံတော်မူနေသည့် ရောင်တော်ဖိတ်ဖိတ်တောက်နေသော မဟာမြတ်မုနိဘုရားကြီးအား ဖူးမြော်ကြရပါတော့သည်။ ထိုင်တော်မူ ဗုဒ္ဓရုပ်ပွားတော်သည် ရွှေလုံးတော်ပြည့်ဖြစ်ပြီး သပ္ပာယ်လွန်းလှပါ၏။ ရွှေသက်န်းကပ်လှူ၍လည်း ရသောကြောင့် ကျွန်တော်သည် ဘုရားကြီးအား ဖူးမြော်ရင်း ရွှေသက်န်းကပ်ခဲ့ပါသေးသည်။

ဘုရားကြီးကို ကြေးပိသာချိန် ၄၃၀ ပိဿာဖြင့် သွန်းလုပ်ထားပြီး ညာဏ်တော်အမြင့် ၁၂ ပေ၊ ၄ လက်မ၊ ပလ္လင်အမြင့်မှာ ၈ ပေ၊ ၂ လက်မ၊ ပလ္လင်တော်အလျား ၁၅ ပေ၊ ၃ လက်မ ရှိပါသည်။ ဘုရားကြီးကို လဲချားမြို့စော်ဘွားကြီး စဝ်ဖခွန်လိုင်းနှင့် စဝ်မေ့စံကား တို့ဇနီးမောင်နှံက ကမကထ ပြုကာ တည်ထားကိုးကွယ်ထားကြခြင်းဖြစ်ကြောင်း သိရပါသည်။

ကျွန်တော်တို့မောင်နှမသည် ဘုရားကို ဦးတိုက်ဖူးမျှော်ကာ အလှူခံပုံးထဲ အလှူငွေအနည်းငယ်ထည့်ပြီး ပြန်ထွက်လာကြသည်။ ဘုရားက ပြန်ထွက်ခဲ့သော အချိန်သည် ညနေ လေးနာရီကျော်လောက် ရှိနေပြီ ဖြစ်သောကြောင့် မြို့ကလေးဆီသို့ အအေးဓာတ်က စတင်ဝင်ရောက်လာခဲ့ပြီ ဖြစ်ပါသည်။ ကျွန်တော်သည် အနွေးထည် ဝတ်မလာခဲ့ရသောကြောင့် အတော်လေး အေးလို့နေပါ၏။ ဆိုင်ကယ်စီးစဉ် တိုက်ခတ်နေသော လေနုအေးများကြောင့် ကျွန်တော့် လက်ဖျံတို့သည် အေးစက်ထုံကျင်လို့ နေပါသည်။

ထို့နောက် ကျွန်တော်နှင့် အစ်မသည် စော်ဘွားဟော်နန်းဆီသို့ အလည်အပတ်သွားရောက်ကြပြန်ပါသည်။ ဟော်နန်းဆိုသည်မှာ စော်ဘွားများစံမြန်းသည့် နေရာဖြစ်သည်။ ဟော်ဆိုသည်မှာ ရှမ်းဘာသာဖြစ်ပြီး နန်းတော်ဟု အဓိပ္ပာယ်ရပါ၏။ ရှမ်းပြည်၏နေရာဒေသအသီးသီးတွင် သမိုင်းအစဉ်အလာ ကြီးမားသော ရှမ်းစော်ဘွားဟော်နန်းများ များစွာရှိပါသည်။

ရှမ်းပြည်တွင် တခြားထင်ရှားသော ဟော်နန်းများမှာ မိုးနဲဟော်နန်း၊ သီပေါဟော်နန်း၊ ညောင်ရွှေဟော်နန်း၊ ကျိုင်းတုံဟော်နန်း၊ မိုင်းပွန်ဟော်နန်း တို့ဖြစ်၏။ တခြားသော ရှမ်းပြည်၏ နေရာဒေသအသီးသီးတွင်လည်း ယခုကဲ့သို့

mgyoe.com

mgyoe.com SAMPLE BOOK

ရှေးဟောင်းသမိုင်းဝင် ဟော်နန်းများ များစွာရှိနိုင်ပါသေးသည်။

ကျွန်တော်တို့သည် မြို့၏ လမ်းမမှသည် စော်ဘွားဟော်နန်းရှိရာဘက်သို့ ချိုးကွေ့လိုက်ပြီး သပ်ရပ်သန့်ရှင်းနေသော ရပ်ကွက်လမ်းကျယ်လေးအတိုင်း သွားခဲ့ရာ မကြာမီအချိန်မှာပင် ဟော်နန်းသို့ ရောက်ရှိခဲ့ပါတော့သည်။

ဟော်နန်းခြံဝန်းသည် အတော်လေး ကျယ်လှပါ၏။ ဘေးပတ်လည်တွင် စိမ်းညို့နေသော သစ်ပင်ကြီးများ ခြံရံလျက် ခန့်ထည်စွာ တည်ရှိပါသည်။ ယခုထိ ခမ်းနားထည်ဝါစွာ တည်ရှိနေသော လဲချားစော်ဘွားဟော်သည် နှစ်ကြိမ် ဆောက်လုပ်ခဲ့ရကြောင်း သိရ၏။ ပထမဟော်နန်းသည် ဒုတိယကမ္ဘာစစ်တွင် ဗုံးထိမှန်၍ ပျက်စီးသွားခဲ့သောကြောင့် ၁၉၅၆ ခုနှစ်တွင် လဲချားစော်ဘွား စဝ်နွံက ပြန်လည်ပြင်ဆင် တည်ဆောက်ခဲ့ကြောင်း သိရပါသည်။ ယခင်က စော်ဘွားများနေခဲ့သော်လည်း ယခုအခါ စော်ဘွား၏ မျိုးဆက်များက ဟော်နန်းအား ဘုန်းကြီးကျောင်းအဖြစ် လှူဒါန်းထားပါသည်။ ဒေသခံများက ကျောင်းတော်ဟုလည်း ခေါ်ကြပါသေး၏။

ကျွန်တော်သည် ဟော်နန်းရှေ့က ပနားမားငုပင်ကြီးအောက်တွင် ဆိုင်ကယ်ရပ်ခဲ့ပြီး ဟော်နန်းရှိရာသို့ သွားခဲ့ကြပါသည်။ ဟော်နန်း၏ရှေ့မျက်နှာစာတွင် "လဲချားစော်ဘွားနန်းတော်" ဟူသော ဆိုင်းဘုတ်ကို တွေ့ရပါသည်။ ဆိုင်ဘုတ်ကို ရှမ်း၊ မြန်မာ နှစ်ဘာသာဖြင့်ရေးထိုးထားပြီး ဆိုင်းဘုတ်မှာ ကျွန်းရောင် လက်လက်ထနေသော သစ်လုံးပင်စည်အခြမ်း တစ်ခုပေါ်တွင် အဖြူခံစာတန်းဖြင့် လှပစွာ ရေးထိုးထားခြင်း ဖြစ်ပါသည်။

ဆင်ဝင်အောက်က ဟော်နန်းထဲသို့ ဝင်ပေါက်တံခါးမကြီးဘေး တစ်ဖက်တစ်ချက်တွင် ယခင်ရှမ်းလူမျိုးတို့အသုံးပြုသော နွားလှည်းအိမ်နှစ်ခုကို ဟိုဘက်သည်ဘက် ချထားပါသည်။ အဆောက်အဦမှာ နှစ်ထပ်ဖြစ်ပြီး အတော်လေးကြီးမားကျယ်ဝန်းလှပါ၏။

ပထမဆုံး ဟော်နန်းသို့ ဝင်လိုက်သည်နှင့် ကျယ်ပြန့်သော အောက်ထပ်အခန်းတစ်ခန်းထဲသို့ ရောက်ပါသည်။ ထို့နောက် ကျွန်တော်တို့သည် မဟော်ဂနီရောင်တောက်နေသော ရှေးဟောင်း ကျွန်းလှေကားကျယ်ကြီးမှ တက်ခဲ့ရာ အပေါ်ထပ်အခန်းကျယ်ကြီးထဲသို့ ရောက်လာပါတော့သည်။ ပျဉ်ချပ်သေးသေးလေးများဖြင့် ခင်းထားသောကြမ်းခင်းမှာ ညီညာပြန့်ပြူးပြီး ကျွန်းရောင်လက်နေပါသည်။ ကြမ်းပြင်ပေါ်တွင် စားပွဲခုံလေးများချ၍ စာကျက်နေကြသော ရှမ်းတိုင်းရင်းသား ကိုရင်လေး

mgyoe.com

mgyoe.com
SAMPLE BOOK

များကိုလည်း တွေ့ရပါ၏။

အပေါ်ထပ်၏ အခန်းများကို အခန်းကျယ် နှစ်ခန်းခွဲထားပြီး နံရံတွင် ကပ်နေသော တခြားအခန်းငယ်များစွာကိုလည်း တွေ့ရပါသေးသည်။ အခန်းကြီး နှစ်ခန်းအား နံရံတစ်ခုခြားကာ တံခါးပေါက်များ ဖောက်ထားသောကြောင့် တစ်ခန်းနှင့် တစ်ခန်းကို အလွယ်တကူ ကူးလူးသွားလာနိုင်ပါသည်။ ထို့နောက် ကျွန်တော်တို့သည် အတွင်းခန်းသို့ဝင်ခဲ့ရာ ဘုရားခန်းကျယ်ကြီးထဲသို့ ရောက်ပါသည်။ ကျွန်တော်နှင့် အစ်မသည် အခန်းထဲတွင်ရှိသော ထိုင်တော်မူ ဗုဒ္ဓရုပ်ပွားတော်အား ဦးတိုက်ဖူးမြော်ကြပါ၏။

ဘုရားခန်းကျယ်ကြီး၏ ညာဘက်ဘေးတွင် ကပ်လျက်တွင် သမိုင်းပြခန်းဟု ရှမ်း-မြန်မာ နှစ်ဘာသာဖြင့် ရေထိုးထားသည့် သော့ခတ်ထားသော အခန်းတစ်ခန်းကို တွေ့ရပါသည်။ ကျွန်တော်က ပြခန်းထဲသို့ ဝင်ကြည့်ချင်သည်ဟု အစ်မကို ပြောသည့်အခါ အစ်မက ရှမ်းဘာသာစကားဖြင့် ဦးပဉ္စင်းတစ်ပါးအား ခွင့်တောင်းလိုက်သည်။ ကျောင်းထိုင်ဖြစ်ဟန်တူသော ဆရာတော်က ကိုရင်လေးတစ်ပါးအား သော့ဖွင့်စေသောကြောင့် ကျွန်တော်တို့ အခန်းထဲသို့ ဝင်ခွင့်ရခဲ့ကြပါတော့သည်။

ပြခန်းသည် ပေနှစ်ဆယ်ပတ်လည်လောက် ကျယ်ပြီး အထဲတွင် ရှမ်းစော်ဘွားများ အသုံးပြုခဲ့ကြသည့် ပစ္စည်းများကို ခင်းကြင်းပြသထားပါသည်။ ကြေးဆေးတံ၊ ဆေးခွက်များ၊ မီးအိမ်များ၊ ကွမ်းညှပ်၊ ဓား၊ ဓားခေါက်၊ လှံတို၊ စသည့် အိမ်သုံး၊ လယ်ယာသုံး၊ အသုံးအဆောင်ပစ္စည်းတချို့နှင့် ထိုခေတ်က အသုံးပြုခဲ့သော ငွေစက္ကူတို့ကို မှန်ဗီရိုထဲတွင် အသေအချာထည့်ကာ ပြသထားပါသည်။ ထို့ပြင် စော်ဘွားမိသားစု အသုံးပြုခဲ့သော ယွန်းပစ္စည်းများ၊ ကွမ်းစားထိုးထည့်သည့် ငွေထည် ကြေးထည်ပစ္စည်းများ၊ ဝါးခြင်းတောင်းများ၊ ဘူးသီးခြောက်ရေဘူး၊ ဆန်ချိန်သည့် ပြည်တောင်း၊ ကွမ်းအစ်၊ ခါးမောက်၊ စော်ဘွားများ အသုံးပြုခဲ့သော ရှေးဟောင်းမှန်၊ မှတ်တမ်းစာအုပ်ထူများ၊ ရွှေချထားသော ရှေးဟောင်းပေစာ၊ ပုရပိုက်စာများ၊ ပထမဆုံး လက်နှိပ်စက်၊ အနောက်တိုင်း စားပွဲတင်နာရီအသေး၊ ချည်ငင်ဝါဖတ်သည့် လက်လှည့်သစ်သားစက်သေး၊ ယွန်းပစ္စည်းများကိုလည်း တွေ့ရပါ၏။ ထို့ပြင် ဝါနုရောင် ဆေးသုတ်ထားသော နံရံထက်တွင်လည်း စော်ဘွားမိသားစု အဆက်ဆက်၏ ဓာတ်ပုံများစွာကို ချိတ်ဆွဲ ပြသထားသည်။

ကျွန်တော်နှင့် အစ်မဖြစ်သူသည် ပြခန်းတွင်းပြသထားသည့် ပစ္စည်း

mgyoe.com

mgyoe.com SAMPLE BOOK

များအား သေချာစေ့ငုအောင် လိုက်လံကြည့်ရှုပြီးမှ ကျောင်းထိုင်ဆရာတော်ကြီးအား နှုတ်ဆက်ကာ ဟော်နန်းမှ ပြန်ထွက်လာခဲ့ပါသည်။

ဟော်နန်းက ပြန်ထွက်သည့်အခါ ရာသီဥတုက အတော်လေး အေးစက်လို့နေလေပြီ။ လေပြေတို့သည် တသုန်သုန် ဖွေ့တိုက်နေပါ၏။ ဆိုင်ကယ်မောင်းနေသည့် ကျွန်တော်သည် ချမ်းလွန်းသောကြောင့် ခိုက်ခိုက်တုန် နေပါတော့သည်။ အစ်မက ချမ်းနေသော ကျွန်တော့်အား နောက်မှ လှမ်းအော်ပြောသည်။

"မောင်လေး နင် အေးနေပြီ ထင်တယ်။ မမ ပြောသားပဲ အနွေးထည်လေးထပ်ခဲ့ပါဆို။ ဒီမှာ အဲဒီလိုပဲ။ ညနေ ငါးနာရီလောက်ဆို စအေးပြီ။ နေဝင်ပြီဆိုရင် ဒီထက်ပိုအေးဖို့ပဲ ရှိတော့မှာ။ ပြန်ကြရအောင်ဟာ။ မနက်ဖြန်မှ တစ်ခေါက်ထပ်ထွက်"

"ကျွန်တော် ပေါရာဏစေတီဘက် ခဏသွားချင်သေးတယ် မမ"

"မနက်ဖြန်မှ သွားလေဟယ်။ ပြန်သေးတာမှ မဟုတ်တာ။ လေအေးတွေ အရမ်းတိုက်နေတာ။ နင်အအေးဒဏ် ခံနိုင်မှာ မဟုတ်ဘူး။ အဆုတ်အအေးပတ်လိမ့်မယ်။ ရေပြောင်းမြေပြောင်းမှာ ဂရုမစိုက်ရင် နင်ဖျားလေ့မယ်နော်။ ရှမ်းပြည်ရာသီဥတုက ရန်ကုန်လို မဟုတ်ဘူးဟဲ့။ သတ္တိတွေကောင်းမနေနဲ့"

အစ်မက အိမ်ပြန်ဖို့ မည်သို့ပင် ပြောစေကာမူ ကျွန်တော်သည် ပေါရာဏသို့ မသွားရဘဲ အိမ်သို့ မပြန်ချင်သေးပါ။ မြို့ကလေး၏နေဝင်ချိန်နှင့် နောင်ခမ်းကန်၏ အလှကို ပေါရာဏစေတီကနေ ကျွန်တော် ငေးကြည့်ချင်ပါသည်။ ထို့ထက်ပိုမိုပြင်းပြနေသည့်ဆန္ဒက အိုက်ထူးလေးကို တွေ့ချင်သောကြောင့် ဖြစ်ပါ၏။

ကျွန်တော် မနက်က တွေ့ခဲ့သော အိုက်ထူးလေးကို ထပ်မံတွေ့လိုပါသည်။ ဘာရယ်မသိ ကျွန်တော့်စိတ်ထဲတွင် အိုက်ထူးလေး ပေါရာဏစေတီ အနီးတစ်ဝိုက်မှာ ရှိနေလိမ့်မည်ဟု အတွေးရောက်နေပါ၏။ အိုက်ထူးလေးကို တွေ့လျှင် ဘာလုပ်ရမည်လဲ၊ ဘာကြောင့် ကျွန်တော်သည် အိုက်ထူးလေးကို ထပ်မံ တွေ့ချင်နေရသည်လဲ ကျွန်တော်ကိုယ်တိုင် မသိပါ။ အစ်မ ပြောသလို အိုက်ထူးလေး၏ ညှို့တတ်သော မျက်လုံးများကြောင့် ဖြစ်လိမ့်မည်ဟု ကျွန်တော် ရယ်မောစွာ တွေးလိုက်မိပါသေးသည်။

ဖြစ်နိုင်မည်ဆိုလျှင် ကျွန်တော် အိုက်ထူးလေးနှင့် စကားပြောကြည့်ချင်သည်။ သူကလေး ခံစားနေရသည့် ဝေဒနာကို တတ်နိုင်သမျှ ကူညီချင်သည်။ မကူညီနိုင်လျှင်တောင် မည်သူမှ အရေးမစိုက်ကြသည့် ထိုလူသားတစ်ယောက်ကို

mgyoe.com

mgyoe.com
SAMPLE BOOK

တဒင်္ဂလောက် ပျော်ရွှင်အောင် ကျွန်တော်ဖန်တီးပေးချင်ပါသည်။

ကျွန်တော်သည်ကား အကျိုးမဲ့ စိတ်မတည်ငြိမ်သူပါတကား။

ကျွန်တော်တို့မောင်နှမသည် ပေါရာဏစေတီစုဆီသို့ ရောက်သည့်အခါ နေပင် အတော်စောင်းနေခဲ့ပြီ။ အနောက်ဘက်ကောင်းကင်ခြမ်းသည် တိမ်တောက်နေသောကြောင့် အဝါရောင်တောက်ကြွားလို့ နေပါသည်။ ကောင်းကင်၏ အရိပ်သည် နောင်ခမ်းကန်ရေပြင်ပေါ် သို့ ဖြာကျနေရာ ကန်ရေပြင်သည် တလက်လက်ဖြင့် ရွှေအရောင်တောက်နေဘိအလား ရှိနေပါတော့သည်။ ကျနေရောင်အောက်တွင် မြို့ကလေးသည် မှိန်ပျစွာငြိမ်သက်၍ နေလေသည်။

ကျွန်တော်နှင့် အစ်မဖြစ်သူသည် ဖိနပ်များကို ဘုရားအဝင်တွင် ချွတ်ခဲ့ပြီး ရင်ပြင်ပေါ် သို့ တက်ခဲ့ကြပါသည်။ ဘုရားရင်ပြင်၏ အင်္ဂတေတို့သည် စတင် အေးစက်စ ပြုနေပြီဖြစ်သည်။ ကျွန်တော်သည် စေတီပုထိုးများအား ဦးခိုက် ဖူးမြော် ပြီးသည့်အခါ နဂါးရုံဘုရားဘေးမှ အုတ်ခုံလေးတွင်ထိုင်၍ မြို့ကလေး၏ နေဝင်ချိန်နှင့် နောင်ခမ်းကန်အလှအား ဓာတ်ပုံရိုက်ယူသည်။ ထို့နောက် ဘုရားအား တစ်ပတ်လှည့်လည် ဖူးမြော်နေစဉ် အစ်မက သူသိသလောက် ဘုရားသမိုင်းကြောင်းကို ပြောပြသည်။

"ဒီမွေတော် ပေါရာဏစေတီက ဟိုဖိုင်ရွာနယ်နိမိတ်ထဲမှာ ရှိတာလေ။ စေတီက သမိုင်းဝင်စေတီပဲ။ သမိုင်းအထောက်အထားတွေအရတော့ ကောဇာသက္ကရာဇ် ၂၁၄ ခုနှစ်မှာ သီရိဓမ္မာသောကမင်းကြီးက ဂေါတမမြတ်စွာဘုရားရဲ့ ဓာတ်တော်၊ မွေတော်တွေကို ဌာပနာပြီးတည်ထားတာ။ နောက်ပိုင်းတော့ ရှမ်းစော်ဘွားတွေက အဆက်ဆက် ပြုပြင်မွမ်းမံလာကြတာပေါ့။ နောက်ပြီး အခုမြင်နေရတဲ့ အရံစေတီငယ်လေးတွေကိုလည်း တစ်ဆူပြီးတစ်ဆူ ထပ်တည်ထားကြတာ။ ဒီပေါရာဏမွေတော်စေတီတော်ရဲ့ တောင်ဘက်က အခု လှမ်းမြင်နေရတဲ့ စေတီတွေ့လား။ အဲဒီစေတီကို ဆင်ခံစေတီတော်လို့ခေါ်တယ်"

"ဆင်ခံစေတီတော် ဟုတ်လား မမ"

"အင်း. . . ဘာဖြစ်လို့ ဆင်ခံစေတီတော်လို့ အမည်မှည့်ခေါ်တာလဲ ဆိုတာလည်း သမိုင်းရှိတယ်။ ကောဇာသက္ကရာဇ် ၁၁၁၅ ခုနှစ်က အလောင်းမင်းတရားကြီး ဦးအောင်ဇေယျနှင့် ရှမ်းပြည်နယ်အတွင်းက စော်ဘွားတွေ ယိုးဒယားစစ်ပွဲမှာ အောင်မြင်လာတော့ ဆင် ၂၃ ကောင်နှင့် ပန်း ၁၀ မျိုးကို ကျွမ်းကျင်ပိုင်နိုင်အောင်တတ်တဲ့သူ ၂၄ ဦး ပါခဲ့လို့ စေတီတော်ရဲ့ အောက်ခြေမှာ ဆင် ၂၃

mgyoe.com

mgyoe.com SAMPLE BOOK

ကောင်နှင့် ဖြဟ္မာရုပ် ၂၄ ရုပ်ကို ပုံသွင်းပြီး တည်ထားကိုးကွယ်ခဲ့ကြတာ"

"ဟုတ်လား။ ဒါဆို ရှမ်းစော်ဘွားတွေအတွက်တော့ တကယ့် သမိုင်းအစဉ်အလာကြီးတဲ့ စေတီပေါ့နော်"

"ဟုတ်တယ်။ ဒါကြောင့်လည်း အခုထိ ပြုပြင်မွမ်းမံထားကြတာလေ။ စေတီကလည်း အခုမြင်နေရတဲ့ နောင်ခမ်းကန်ရဲ့ကမ်းနဖူးမှာဆိုတော့ ပိုပြီး ပန်သင့်တာပေါ့။ ဒေသခံတွေ ပါးစပ်ရာဇဝင်အရ ပြောကြတာတော့ ဒီဘုရားတည်ထားတဲ့ အုတ်တွေက ဒီရေကန်ကို တူးပြီးရတဲ့ မြေကြီးတွေနဲ့ ဖုတ်ထားတာတဲ့။ ဘယ်လိုပြောပြော ရှေးလူတွေက ဒီခေတ်လူတွေထက် အစစအရာရာ အမြော်မြင်ကြီးမားကြတာပဲ။ ဘုရားစေတီလည်းဖြစ်၊ ကန်လည်းဖြစ်၊ ဘုရား၊ ကျောင်း၊ ကန် တစ်ခါတည်း ပြီးပြည့်စုံသွားတာပေါ့"

"ဟုတ်တယ်နော် မမ။ ဘယ်သမိုင်းအထောက်ထားတွေကိုပဲ ကြည့်ကြည့် သူတို့တွေက ဒီခေတ်လူတွေလို ပြီးစလွယ် မလုပ်ကြဘူး။ အမှတ်သညာတွေ၊ သင်္ကေတတွေနှင့် လုပ်ကြတာချည်းပဲနော်"

"ဟုတ်တယ်။ ဒါကြောင့် သမိုင်းတွေကို ဒီခေတ်လူတွေက မဖျက်ဆီးဖို့ မပြုပြင်ဖို့ လိုတာပေါ့"

"ဟုတ်တယ် မမ အဲဒါတော့အမှန်ပဲ။ ဟိုတစ်နေ့က ကျွန်တော် ဖေ့စ်ဘွတ်ခ်မှာ တွေ့လိုက်တယ်။ ပုဂံကဘုရားတစ်ဆူကို ပြုပြင်ပြီး ပြန်ဆောက်လိုက်တယ်တဲ့။ အရင်မူလက်ရာတွေ အကုန်လုံးဖျက်ပြီး အခုခေတ်စတိုင်လ်နဲ့ကို တည်လိုက်တာ။ ကျွန်တော့်မှာလေ အဲဒီစေတီငယ်ကိုကြည့်ပြီး ငိုရမလို ရယ်ရမလိုနဲ့။ ဘယ်မှာလဲ သမိုင်းအထောက်ထား ဆိုတာ။ စေတီရဲ့နာမည်ပဲ ကျန်တော့တာ မဟုတ်လား။ ကျွန်တော်ကတော့ သမိုင်းအမွေနှစ်တွေကို ပြုပြင်တယ်ဆိုတာထက် ထိန်းသိမ်းစေချင်တာပဲ။ ကိုယ်တိုင်က သမိုင်းအမွေနှစ်တွေ ချစ်မြတ်နိုးသူ ဆိုတော့ အဲဒီလိုတွေတွေ့ရင် မခံစားနိုင်တာ အမှန်ပဲ"

ကျွန်တော်တို့ မောင်နှမသည် စကားတပြောပြောနဲ့ စေတီအား လှည့်ပတ်ဖူးမြော်နေကြရင်း အချိန်တွေအတော်လေး လင့်လာခဲ့သည်။ အနောက်ရိုးမတောင်တန်းဆီတွင် နေမေးတင်စပြုပြီ။ တိမ်တောက်ချိန် အနောက်ဘက်ကောင်းကင်ကြီးကတော့ ယခုထိ ဝါထိန်တောက်ကြွားနေဆဲဖြစ်ပါ၏။ ကျွန်တော်သည် အိုက်ထူးလေးအား တွေ့လိုတွေ့ငြား စေတီတစ်ဝိုက် လှည့်ပတ် ရှာကြည့်မိပါသေးသည်။ သူကလေး ဘယ်ပျောက်နေသည် မသိပါ။

mgyoe.com

mgyoe.com SAMPLE BOOK

ရာသီဥတုက တစတစ အေး၍လာပါသည်။ အစ်မက ညနေစာ မချက်ခဲ့ရသေးသောကြောင့် ပြန်ချင်နေပြီဟု ကျွန်တော့်အား ပြောနေ၏။ ထို့ကြောင့် ကျွန်တော်သည် အိုက်ထူးလေးကို ရှာကြည့်ချင်သေးကြောင်း မပြောသာတော့ဘဲ အိမ်ပြန်ရန် ဆုံးဖြတ်လိုက်ပါတော့သည်။

ဘုရားက ပြန်ထွက်ရန် ပြင်သည့်အခါ ဘုရား၏အောက်ဘက် မြက်ခင်းပြင်ပေါ်သို့ ကျွန်တော် အကြည့်ရောက်သွားခဲ့သည်။ မြက်ခင်းပြင်ပေါ်တွင် ဆိတ်ငြိမ်စွာထိုင်နေသော လူတစ်ဦးကို ကျွန်တော် တွေ့လိုက်ရပါသည်။ ထိုသူသည် ဒူးနှစ်ချောင်းကိုထောင်ကာ နောင်ခမ်းကန်၏ ကမ်းနဖူးတွင် ဆိတ်ငြိမ်စွာ ထိုင်နေခြင်းဖြစ်၏။ သူ့မျက်လုံးတို့သည် ဝင်ခါနီး နေမင်းကြီးကို ငေးကြည့်နေဟန်တူပါသည်။ ကျွန်တော့်စိတ်ထဲဝယ် ထိုသူအား အိုက်ထူးလေးများ ဖြစ်နေမလားဟု အတွေးရောက်သွားရပါတော့သည်။ တဆက်တည်း ထိုနေရာသို့ သွားကြည့်ချင်စိတ်ဖြစ်ပေါ်လာခဲ့ပါ၏။

ကျွန်တော် စေတီတော်၏ ရင်ပြင်မှ ဆင်းလာသည့်အခါ အစ်မက ပြန်ရန်အတွက် ဆိုင်ကယ်ဘေးတွင် ကျွန်တော့်အား အသင့်စောင့်နေလေပြီ။ ကျွန်တော်သည် ပြန်ချင်နေသော အစ်မအား အားနာသော်လည်း နောင်ခမ်းကန်ဘောင်ဆီ ခဏသွားရန် ခွင့်တောင်းပါ၏။

"မမ. . . ကျွန်တော် ကန်ဘောင်ကို ခဏလောက် သွားကြည့်ချင်သေးလို့"

"မသွားပါနဲ့တော့ မောင်လေးရယ်။ နောက်နေ့မှ ထပ်လာလည်းရတာပဲကို။ ပြန်ရအောင် နင့်အစ်ကိုတောင် တောင်ကြီးက ပြန်ရောက်နေပြီလား မသိဘူး"

"ခဏလေးပဲ မမ"

ပြောမရသည့်နောက်ဆုံးတွင် အစ်မသည် သက်ပြင်းချ၍ ကျွန်တော့်ဆန္ဒအား လိုက်လျောရပါလေတော့သည်။ ကျွန်တော်သည်လည်း မပြေးရုံတမယ် ကန်ဘောင်ဘက်သို့ ခပ်သော့သော့ ဆင်းခဲ့၏။ ကန်ဘောင်သို့ရောက်သည့်အခါ နေမင်းကြီးသည် အနောက်ရိုးမတောင်တန်းထဲသို့ တစ်ဝက်ပင် ကွယ်မြုပ်စ ပြုနေလေပြီ။

အနီးသို့ရောက်သည့်အခါ ထိုင်နေသော သူသည် အိုက်ထူးလေးဆိုတာ ပိုလို့ သေချာသွားပါသည်။ မည်သို့ဆိုသော် မနက်ခင်းက ဝတ်ထားသော အနွေးအင်္ကျီကို ကျွန်တော်မှတ်မိနေသောကြောင့် ဖြစ်၏။ ယခုအခါ အနွေးထည်

mgyoe.com

mgyoe.com SAMPLE BOOK
ဂျာကင်ခေါင်းစွပ်ကို စွပ်မထားပဲ နောက်သို့ လှန်ချထားပါသည်။ ဖရိုဖရဲဖြစ်နေသော သူ့ဆံနွယ်နုနုလေးတို့သည် တသုန်သုန်တိုက်နေသော လေပြေများကြောင့် လွင့်ဖွာလို့နေလေသည်။

ကျွန်တော်သည် သူကလေးအနီးသို့ ရောက်သွားပြီး ထိုင်နေသော သူ၏ ဘေးတိုက်မလှမ်းမကမ်းတွင် ခြေစုံရပ်လိုက်လေသည်။ ထို့နောက် တဖက်မှ သူကလေးအား စောင့်ငဲ့ကြည့်လိုက်၏။ အိုက်ထူးလေးသည် တောင်ကွယ်စပြုနေသည့်နေလုံးနီနီကြီးကို မမှိတ်မသုန် ငေးကြည့်၍နေလေသည်။ သူ့မျက်လုံးတို့သည် မနက်ကလို မှင်သေသေဖြင့် စိတ္တဇဆန်လျက်ပင်။ သူ့ဘေးတွင်ရောက်နေသော ကျွန်တော့်ကို အမှန်တကယ်သတိမထားမိ လေသည်လား၊ သတိမထားပဲ လှစ်လျူရှုထားသည်လားတော့ ကျွန်တော် မပြောတတ်ပါ။ ကျွန်တော့်ဘက်သို့ နည်းနည်းလေးမှ လှည့်မကြည့်လာသလို၊ ထိုင်နေသောသူ၏ ခန္ဓာကိုယ်သည်လည်း နည်းနည်းလေးမှ လှုပ်ရှားမှုမပြုလာပေ။ ကျွန်တော်သည် သူကလေးအား နှောင့်ယှက်ရန် မသင့်ဟု မှတ်ယူ၍ အသံမပြုဘဲ ဘေးတွင်ဆိတ်ငြိမ်စွာရပ်လျက် သူကလေး၏ မျက်နှာကို စိုက်ကြည့်နေမိပါတော့သည်။

ဘေးတိုက်မြင်ရသော သူကလေး၏ မျက်နှာသည် တိမ်တောက်နေသော အဝါရောင်ကောင်းကင်၏ အရောင်ဟပ်မှုကြောင့် နာတာရှည် ရောဂါအား ရေရှည်ခံစားပြီး အဖျားပျောက်ခါစ လူမမာတစ်ဦး၏မျက်နှာကဲသို့ ဝါဖတ်လို့နေသည်။ ချွန်မြသော နှာတံထိပ်ဖြားတို့သည် နီရဲလို့နေ၏။ အနည်းငယ်ရှည်နေသော ဆံပင်များက သူ့နဖူးပေါ် သို့ ဝဲကျ၍နေလေသည်။

နေမင်းကြီးသည် လုံးလုံးလားလား ကွယ်ပျောက်လို့ သွားခဲ့ပြီ။ အအေးဓာတ်သည်လည်း သိသိသာသာ လွှမ်းကဲလို့လာ၏။ တစ်ချက်တစ်ချက် ကန်ရေပြင်ကို ဖြတ်လိုက်လာသည့် လေနုအေးများ၏ အထိအတွေ့တွင် ကျွန်တော်သည် ရိုးတွင်းခြင်ဆီတိုင်အောင် အေးခိုက်လို့ သွားပါသည်။ ကျွန်တော် ဂျင်းဘောင်းဘီ အိတ်ကပ်ထဲသို့ လက်နှစ်ဖက်ထည့်ကာ ရပ်နေလျက်ပင် သူကလေးဆီသို့ အနည်းငယ်တိုးကပ်သွားခဲ့သည်။ ထို့နောက် ညင်သာသောအသံဖြင့် သူကလေးကို လှမ်းပြောလိုက်ပါတော့သည်။

"ဖြေဆေးရပြီလား"

ကျွန်တော့်စကားကြားသည့်အခါ အိုက်ထူးလေးသည် ဆတ်ခနဲ မော့ကြည့်လာသည်။ အတွင်းသို့ ချိုင့်ဝင်နေသော မျက်ဝန်းအိမ်သည် နီရဲစိုစွတ်ကာ အရှောင်
mgyoe.com

mgyoe.com SAMPLE BOOK

လက်နေ၏။ မျက်လုံးအစုံ၏ ဘေးနှုတ်ခမ်းသားတို့သည် ပါးလွှာပြီး နီရဲလို့နေလေသည်။ သူမျက်နှာကတော့ အတော်လေး ဖြူရော်ဖျော့တော့လို့နေပါ၏။ ဝမ်းနည်းရိပ်တို့ လွှမ်းမိုးနေသော သူ့မျက်ဝန်းများနှင့် ဆုံလိုက်ရသည့်အခါ ကျွန်တော်သည် ရင်ထဲတွင် ဆို့နင့်စွာ တွေးလိုက်မိသည်။

သိပ်သနားစရာကောင်းတဲ့ ကလေးပါပဲ။ ပထမဆုံး တွေ့ဆုံခြင်းတွင် ကြောက်စရာကောင်းသလို ထင်ရသော်လည်း ယခုတော့ ကရုဏာသက်စရာ ဖြစ်လို့နေပြန်ပါသည်။ အမှန်ဆိုပါက သည်အရွယ်ကလေးငယ်တစ်ယောက်သည် မိသားစု၊ သူငယ်ချင်းများကြားမှာ နွေးထွေးပျော်ရွှင်စွာ နေသင့်သည်ဟု တွေးမိသည့်အခါ ထိုကောင်လေးအား ပိုလို့ ကရုဏာသက်မိ ပြန်ပါသည်။

ကျွန်တော်ကြည့်နေရင်းမှ သူ့နှုတ်ခမ်းအစုံသည် စကားပြောတော့မည့်နှယ် အနည်းငယ်ဟလာပါသည်။ သို့သော်လည်း သူ မပြောပါ။ ကွယ်ဝင်သွားသော နေမင်းကြီး၏ နောက်ဆုံးလက်ကျန် အလင်းရောင်တန်းကြီးကို သူ ပြန်လည်ငေးကြည့်နေပြန်ပါသည်။

အချိန်တို့သည် တဖြည်းဖြည်းလင့်လာပါ၏။ အအေးဓာတ်တို့ကလည်း အလုံးအရင်း ဝင်ရောက်လာလေပြီ။ အစ်မဖြစ်သူသည်လည်း ကျွန်တော့်အား စိတ်မရှည်စွာ စောင့်နေပေတော့မည်။ ကျွန်တော်ပြန်ရန်သင့်ပေပြီ။ ပြန်လှည့်ထွက်ဖို့ ခြေလှမ်း ပြင်သည့်အချိန်တွင် အိုက်ထူးလေးဆီက တိုးဖွဖွညင်သာသော စကားသံ ထွက်လာသည်။

"တစ်နေ့ကုန်သွားပြန်ပြီ။ ဒီနေ့လည်း ဖြေဆေးမရပြန်ဘူး"

ကျွန်တော်သည် ကျွန်တော့်အား လှမ်းပြောသည်အထင်ဖြင့် လှမ်းလက်စ ခြေလှမ်းတို့ကို ရပ်လိုက်ကာ နောက်ပြန်လှည့်ကြည့်လိုက်မိပါသည်။ သို့သော် အိုက်ထူးသည် ကျွန်တော့်ကို ပြောနေခြင်းမဟုတ်ဘဲ တစ်ယောက်တည်း ရေရွတ်နေခြင်းသာ ဖြစ်ပါသည်။

◆◆◆

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း (၇)

မှောင်မည်းနေသော ညအလယ်တွင် ကျွန်တော်သည် တစ်ယောက်တည်း ကွင်းပြင်ကျယ်ကြီးထဲတွင် ပြေးလွှားနေရပါသည်။ ကျွန်တော့်နောက်သို့ ကြောက်စရာသတ္တဝါတစ်ကောင်က ထပ်ကြပ်မကွာ လိုက်နေ၏။ ကျွန်တော့်စိတ်ထဲတွင် အမျိုးမျိုးပုံစံပြောင်းနေသော ထိုသတ္တဝါကြီးသည် ကျွန်တော့်အား လိုက်မိလာပါက ကိုက်ဖြတ်စားသောက်ပေလိမ့်မည်။ ဓားသွားသဖွယ် ရှည်လျားချွန်ထက်နေသော သူ၏လက်သည်းရှည်ကြီးများဖြင့် ကျွန်တော့်ဗိုက်အား ထိုးခွဲလိမ့်မည်။ ထွက်လာသည့် အူများကို မြိန်ရည်ယှက်ရေ စားလိမ့်မည်။ ထို့နောက် သူ၏ ချွန်မြသော ဝါကျင်ကျင်အစွယ်ကြီးဖြင့် ကျွန်တော့်လည်မျိုကို ကိုက်ကာ ထွက်ကျလာမည့် သွေးစိမ်းရှင်ရှင်တို့အား ရေသောက်သကဲ့သို့ သောက်ပေလိမ့်မည်။

ထိုအကောင်သည် မေမေပြောသည့် ဒေဝေါကြီးပင် ဖြစ်သည်။ ဒေဝေါကြီးလာနေပြီ။ ကျွန်တော့်နောက်မှာ ရောက်နေပြီ။ ကျွန်တော်သည် နောက်သို့ လှည့်ကြည့်ကာ ကြည့်ကာပြေးနေရ၏။ ကျွန်တော် မောဟိုက်လာသော်လည်း မှောင်မည်း ကျယ်ပြန့်နေသောကွင်းပြင်ကြီးက မဆုံးနိုင်သေးပေ။

ဒေဝေါကြီး၏ တဂိဂိအော်နေသောအသံသည် ကျွန်တော်နှင့် တဖြည်းဖြည်းနီးကပ်လာပါသည်။ ကျွန်တော် ဆက်မပြေးနိုင်တော့ပါ။ ကျွန်တော့်ကို ဒေဝေါကြီး လိုက်မိတော့မည်။

mgyoe.com

mgyoe.com SAMPLE BOOK

"ဖေဖေရေ. . . သားကို ဒေဝေါကြီးစားတော့မယ်။ သားကိုကယ်ပါဦး ဖေဖေရယ်"

ကျွန်တော်ဖေဖေ့ကို အသံကုန်အော်ခေါ်သော်လည်း ကျွန်တော့်အသံတို့သည် ထွက်မလာပါဘဲ လည်ချောင်းထဲတွင် တစ်စုံတစ်ခု ပိတ်ဆို့ထားသလို စေးကပ်နေပါသည်။ ပြေးရသည်မှာ မောဟိုက်လာ၏။ ကျွန်တော့်ဒူးအစုံသည် တဆတ်ဆတ် တုန်ယင်လို့နေလေသည်။ ပြေးနေရင်းမှသည် ကြောက်စိတ်၊ မောပန်းစိတ်တို့ စုပေါင်းလာပြီး နေရာမှာ ခွေခေါက်လဲကျ သွားတော့၏။ ဒေဝေါကြီး ကျွန်တော့်ကို မိသွားလေပြီ။ ဒေဝေါကြီးသည် ကျွန်တော်အား လည်ပင်းမှ ဆုပ်ကိုင်ကာ ဆွဲမြောက်လိုက်သည့်အခိုက် ကျွန်တော့်ရင်ထဲ တလှပ်လှပ်ဖြစ်ကာ အသားကုန်အော်လိုက်မိပါလေတော့သည်။

"ဖေဖေရေ ကယ်ပါဦး။ သားကို ကယ်လှည့်ပါဦး။ ဖေဖေ. . . ဖေဖေ"

ကျွန်တော် အလန့်တကြားအော်ရင်း အိပ်မက်က လန့်နိုးလာပါသည်။ ကျွန်တော့်တစ်ကိုယ်လုံး ချွေးစေးများ စေးကပ်လို့နေ၏။ အိပ်မက်ဖြစ်နေသောကြောင့် စိတ်သက်သာရာရသွားသော်လည်း ကြောက်စိတ်က မပြေသေးပေ။ ရင်တစ်ခုလုံး တဒိန်းဒိန်းခုန်ကာ ခေါင်းရင်းတွင် အရန်သင့်တင်ထားသည့် သစ်သားဖြင့် လုပ်ထားသော ဆင်ရုပ်အား လှမ်းယူ၍ လက်ထဲဆုပ်ညစ်ထားလိုက်မိသည်။ ခဏကြာသည့်အခါမှ သက်သာရာရသွားပါတော့သည်။

ကြိုးစားပြီး ဆက်အိပ်ကြည့်သော်လည်း အိပ်လို့မပျော်တော့ပေ။ အိပ်ရာထဲတွင် ဟိုဒီလူးလွန့်ရင်း ဆုံးသွားပြီဖြစ်သော ဖေဖေ့ကို တမ်းတလွမ်းဆွတ်လာခဲ့ပါတော့သည်။

"ဒီဆင်ရုပ်ကြီးက သားအတွက် ဖေဖေကိုယ်တိုင် လုပ်ထားပေးတာ။ ဒီနေ့ကစပြီး ငါ့သား ဘာဒေဝေါကိုမှ ကြောက်စရာမလိုဘူးနော်။ ဒီဆင်ကြီးက ကာကွယ်ပေးလေ့မယ်။ ဒေဝေါကြီးလာရင် ဆင်ကြီးက မောင်းထုတ်လိမ့်မယ်။ ဒေဝေါကြီးက ဆင်ကြီးကိုနိုင်မှာ မဟုတ်ဘူးသိလား။ ဖေဖေ လုပ်ပေးထားတဲ့ ဟောဒီဆင်ရုပ်ကြီး ငါ့သားနားမှာရှိနေရင် ဒေဝေါကြီး ငါ့သားဆီကို လာလို့မရတော့ဘူး"

ထိုသို့ ပြန်ကြားယောင်သည့်အခါ ကျွန်တော်သည် လွန်ခဲ့သည် ၅ နှစ်လောက်က ကွယ်လွန်သွားရှာပြီဖြစ်သော ဖေဖေ့ကို သတိရလှပါသည်။

ကျွန်တော် ငယ်ငယ်က အိမ်မှာအငယ်ဆုံးပီပီ ဆိုးသလို ဂျိုတိုက်လွန်း

mgyoe.com